
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၂၉၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၆၀၄၀၉

ထုတ်ဝေသူ ● ဦးကျော်သန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

အတွင်းပုံနှိပ်သူ ● ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

အဖုံးပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

၈၉၅.၈၃

ဆေဝီ

မှာပါရတာရွှေ/ ဆေဝီ ။ - ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
(၂၁၅) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) မှာပါရတာရွှေ


## အခန်း (၁)

'အူး... ဂူး... ဂူး...

အူး... ဂူး... ဂူး... အူး... ဂူး... ဂူး...'

မနီးမဝေးမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးဟောင်သံများကြောင့် ပန်းသခင် ဘီယာစတောရှင်၏ ညစောင့်ကြီးဦးတင်မှာ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ဆိုင်ပတ်ဝန်းကျင်ကို လိုက်လံစစ်ဆေးလိုက်သည်။

'အင်း... ခွေးတွေကလည်း အူလိုက်တာ၊ ဘာဖြစ်လို့ပါလိမ့်'

ဆိုင်ပတ်ဝန်းကျင်ကို လှည့်ပတ်စစ်ဆေးပြီး ဆိုင်ရှေ့ရှိ သူ့ ပက်လက်ကုလားထိုင်လေးရှိရာသို့ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဆိုင်ရှေ့မှာ မိန်းကလေးတစ်ယောက်ပါလား။ ဒီအချိန်ကြီးကျမှ ဘယ်သူများပါလိမ့်'

ညဉ့်နက်နေသည်မို့ ဦးတင် အံ့သြသွားသည်။

လက်မှနာရီကို ဓာတ်မီးထိုးကာကြည့်လိုက်၏။

ညဉ့်နှစ်နာရီပင် ထိုးနေပြီ။

ဆိုင်မှ အမျိုးသမီးအဆိုရှင်လေးများကို လိုက်ပို့သော ဖယ်ရီကားကလည်း ခုထိ ပြန်မရောက်သေးပေ။ ဒီနေ့မှ ပို၍ နောက်ကျနေသည်။

ဦးတင် ဆိုင်ရှေ့သို့ လှမ်းကြည့်လိုက်ပြန်သည်။

ဆိုင် မျက်စောင်းထိုးကျကျ မှောင်ရိပ်တစ်နေရာတွင် မိန်းကလေးတစ်ယောက် ရပ်နေတာကို တွေ့ရပြန်ပါသည်။

သူ ခုနက မြင်လိုက်ရတုန်းကလည်း ဒီနေရာမှာပင်ရပ်နေသည်။

တစ်လှမ်းမှ ရွေ့မသွား…

'ဒီ… မိန်းကလေး ဘယ်သူများပါလိမ့်'

ဆိုင်က မိန်းကလေးတွေတော့ မဖြစ်နိုင်ပေ။ ဖယ်ရီ





အတွက်မှာပင် လူကိုရေတွက်စစ်ဆေးကာ လိုက်ပို့ခြင်းဖြစ်သည်။

ထို့ကြောင့် ကျန်ခဲ့စရာ အကြောင်းတော့ မရှိ…

ပြီးတော့ ဤပန်းသခင် ဘီယာစတောရှင်က…

နာမည်ကြီးသလို စည်းကမ်းလည်းကြီးသည်။

အထူးသဖြင့် မိန်းကလေးအဆိုရှင်များ မိန်းကလေး ဝန်ထမ်းများနှင့် ပတ်သက်၍ ပို၍ တင်းကျပ်စွာပင် စည်းကမ်းများ သတ်မှတ်ချပေးထားသည်မို့ ဆိုင်မှ မိန်းကလေးတော့ မဖြစ်နိုင်။

ထို့ကြောင့်ပင် ပက်လက်ကုလားထိုင်တွင် ထိုင်မယ်လုပ်ပြီးကာမှ မထိုင်သေးဘဲ ထိုမိန်းကလေးကို လှမ်း၍ မေးလိုက်သည်။

'ဟေ့… ဟေ့… ကလေးမ… ကလေးမ… မင်း ဘယ်သူလဲ၊ ဘာလုပ်နေတာလဲ'

စပ်စုခြင်းမဟုတ် ဆိုင်စောင့်ရဲ့ မျက်နှာစာတွင်မို့ သူ့တာဝန်မေးလိုက်ခြင်းပင် ဖြစ်သည်။

သို့သော် မိန်းကလေးထံမှ တုံ့ပြန်သံကို မကြားရ…



www.burmeseclassic.com

www.burmeseclassic.com



ဦးတင် မှောင်ရိပ်ဆီသို့ ဓာတ်မီးဖြင့်လှမ်းထိုးကြည့်လိုက်သည်။

မိန်းကလေးရှိရာသို့တော့ ဒါရိုက်ထိုးကြည့်၍ မသင့်ပေ။

ထို့ကြောင့်ပင် သူမဘေး မှောင်ရိပ်ဆီသို့ ဦးတည်ထိုးကြည့်လိုက်ခြင်းဖြစ်သည်။

ဓာတ်မီးအလင်းရောင်ကြောင့် မိန်းကလေးကို သူကောင်းစွာမြင်လိုက်ရသည်။

ရှည်လျားနက်မှောင်နေသော ဆံပင်များကို မျက်နှာပေါ် အုပ်မိုးနေသည်အထိ လက်နှစ်ဖက်ကို မျက်နှာအုပ်ကာ တသိမ့်သိမ့် ရှိုက်ငိုနေပုံရသည်။

ဦးတင် ဓာတ်မီးကို ပိတ်ကာ ထပ်၍ မေးလိုက်ပြန်၏။

'ဟေ့… ကလေးမ၊ ကလေးမ… မင်းဘယ်သူလဲ'

သူ့ စကားပင်ဆုံးအောင် မပြောလိုက်ရသေး။

မိန်းကလေး မှောင်ထဲမှ ရိပ်ခနဲ ပျောက်သွားသဖြင့်





ဦးတင် အံ့သြသွားသည်။

'ဟင်… ဘယ်ရောက်သွားပါလိမ့်'

'အူး… ဝူး… အူး… ဝူး… '

အူး… ဝူး… ဝူး…

'ဟင်… ခွေးတွေကလည်း ဘာဖြစ်လို့များ ဒီနေ့ကျမှ ဒီလောက် အူနေရပါလိမ့်'

ကြည့်နေရင်း မျက်စေ့ရှေ့မှာပင် ခုနက မိန်းကလေးက ရိပ်ခနဲ ပျောက်သွားရသည့်ကြားထဲ ခွေးများကလည်း ခဏခဏ အူနေသဖြင့် ဦးတင် ကြက်သီးမွေးညှင်းထသွားပါသည်။

ဦးတင် ဤဆိုင်တွင် ညစောင့် လုပ်ခဲ့သည်မှာ နှစ်နှစ်ခွဲ သုံးနှစ်ထဲသို့ပင် ရောက်ပေတော့မည်။

တစ်ခါမှ ဤကဲ့သို့ ကြက်သီးမွေးညှင်းများထပြီး ကြောက်စိတ်ဝင်လာသည့်အထိ မဖြစ်ခဲ့ဖူး၊ ဒီနေ့ကျမှပင် ထူးထူးခြားခြား ဖြစ်ခဲ့ရခြင်းပင်…

'အူး… ဝူး… အူး…'

'ဝူး… အူး… ဝူး…'



www.burmeseclassic.com

www.burmeseclassic.com



ဟော ဒီချောင်းတွေနှယ် ဘာလုပ်များ ဒီလောက် စွဲစွဲငင်ငင် အူနေပါလိမ့်ဟု စိတ်ထဲက တွေးမိသည်။

ထိုစဉ်မှာပင်...

'ဟင့်... ဟင့်... ဟင့်... ရှုတ်...'

ဟင့်... ဟင့်... ဟင့်....

ဒါ ငိုသံပဲ ဘယ်က ဘယ်သူများ ငိုနေပါလိမ့်....

ငိုညည်းသံတစ်ခုကို ဦးတင် ပီပီသသ ကြားလိုက်ရသည်။

ထို့ကြောင့်ပင် ငိုညည်းသံ ထွက်ပေါ်လာရာ ဆိုင်၏ ခေါင်းရင်းဘက်သို့ ထသွားကာ ဆိုင်ခြံစည်းဓားတစ်လျှောက်သို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

'ဟင်...'

စောစောက မိန်းကလေး ဘယ်လိုဖြစ်ပြီး ဒီကို ရောက်လာပါလိမ့်...

ဟု တွေးလိုက်ရင်း...

'ဟိတ်... ဟိတ်... ကလေးမ... နင် ဘယ်သူလဲ၊





ဘာဖြစ်လို့ ဒီမှာ လာငိုနေတာတုန်း'

ဦးတင် မေးသော်လည်း သူမ လှည့်၍ပင်မကြည့် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

'အဟင့်... ဟင့်... ဟင့်... ဟီး... ဟီး...'

'ဟာ... ခက်တော့တာပဲ၊ ကလေးမ၊ ကလေးမ... ပြောလေ... ဘာဖြစ်...'

သူ့ စကားပင် ဆုံးအောင်မပြောလိုက်ရသေး ဖျတ်ခနဲ ပျောက်သွားပြန်ပါတော့သည်။

'ဟင်... ပျောက်သွားပြန်ပြီ၊ ဘုရား... ဘုရား... ဒါ... ဒါ...'

ဦးတင် ဆတ်ခနဲ ဆိုင်ရှေ့ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

သွေးရိုးသားရိုး မဟုတ်သဖြင့် တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းတို့ ဖြန်းခနဲ ဖြန်းခနဲနေအောင် ထနေသည်မို့ ကုလားထိုင်ရှိရာသို့ ပြန်လျှောက်လာပြီး...

ကုလားထိုင်ဘေးတွင်ချထားသော ဓာတ်ဘူးထဲမှ ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတစ်ခွက်ကို ငှဲ၍ သောက်လိုက်ပြီး ကုလားထိုင် လက်ရမ်းပေါ် ညှပ်ခဲ့သည့် ဆေးလိပ်တိုကိုယူကာ မီးညှိဖွာရှိုက်လိုက်သည်။

'ဖယ်ရီကလည်း ဒီနေ့မှ ကြာလိုက်တာ၊ လမ်းမှာများ ပျက်နေပြန်ပြီလား မသိဘူး' ဟု...

ဦးတင် တွေးလိုက်မိသည်။

ဖယ်ရီပြန်လာလျှင်တော့ သူ့အတွက် အဖော်ရသည်။ ဖယ်ရီမောင်းသည့် မြင့်အောင်နှင့် နောက်လိုက် ရွှေထွန်းတို့က ပြန်လာလျှင် တော်တော်နှင့်မအိပ်ကြ။ သူနှင့်စကားစမြည်ထိုင်၍ ပြောနေကျ...

ခုတော့ ဖယ်ရီကလည်း ပြန်မရောက်သေး။ ခုနမြင်ကွင်းကလည်း သွေးရိုးသားရိုး မဟုတ်သဖြင့် ဦးတင် စိတ်ထဲ ကြောက်ရွံ့လာသည်မို့...

'သမ္ဗုဒ္ဓေ' ဂုဏ်တော်ကို ရွတ်ဆိုနေလိုက်သည်။

ထိုစဉ် ဆိုင်ရှေ့လမ်းတွင် ကားမီးရောင်ကို မြင်လိုက်ရသဖြင့် ဦးတင်အားတက်သွားသည်။





'ဖယ်ရီ... ပြန်လာပြီထင်တယ်'

ရေနွေးခွက်ကို ချကာ ဦးတင် မတ်တပ်ရပ်လိုက်ပြီး ခြံရှေ့ လမ်းမထက်ကို ကြည့်နေလိုက်သည်။

ကားက သူတို့ဆိုင်မှကားမဟုတ်။ ရဲကားတစ်စီးပင် ရဲကားက ဆိုင်ရှေ့လမ်းမထက်တွင် ရပ်သွားပြီး ကားထဲမှ ရဲသားတစ်ယောက် ဆင်းလာသည်။

'ဦးလေးက... ဒီ ယန်းသခင်ဆိုင်ရဲ့ လုံခြုံရေးလား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ဒီဆိုင်ရဲ့ လုံခြုံရေး ဦးမောင်တင်ပါ'

'ဆိုင်ရှင်ကရော... ဒီမှာ နေတာပဲလား'

'မဟုတ်ပါဘူး... ပါရမီမှာပါ၊ ဒီဆိုင်မှာက အထဲမှာ ဝန်ထမ်းကောင်လေးတွေနဲ့ ကျွန်တော်ပဲ ရှိပါတယ်'

'ဒါဆို... ဦးလေးတို့ ဆိုင်ရှင်ကို အကြောင်းကြားပေးပါ၊ ဦးလေးတို့ဆိုင်က ဖယ်ရီကားမှောက်လို့ ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနကို အကုန်ပို့လိုက်ရမယ်'

'ဗျာ...'

www.burmeseclassic.com



'မဗျာနဲ့… ဦးလေး၊ အချိန်မရှိဘူး၊ အကြောင်းကြားဖို့ လုပ်…'

ရဲဝန်ထမ်းက ပြောပြီး ကားပေါ်တက်ကာ ရဲကား သူ့ရှေ့မှ ပြန်ထွက်စဉ် ဦးတင် သတိရလိုက်သည်။

ဆိုင်တံခါးကို ဖွင့်၍ ဆိုင်အတွင်းပြေးဝင်လာခဲ့၏။

'ဟော့… မောင်မျိုး… လှဦး… တို့… ထ… ထစမ်း'

'ဘာဖြစ်လို့လဲ အဘ'

ဆိုင်စားပွဲများကို ဆက်ကာ ခြင်ထောင် ထောင်အိပ်နေကြသော မောင်မျိုးနှင့်လှဦးတို့ ခြင်ထောင်ထဲမှ ပြူးပြဲထလာကြသည်။

ဦးတင် ဆိုင်မီးကို ဖွင့်လိုက်၏။

'ဟိုမှာ… ဖယ်ရီကားမှောက်လို့တဲ့ သူဌေးဆီကို ဖုန်းဆက်ရဦးမယ်'

'ဟင်… ဟုတ်လား၊ ဘယ်မှာ မှောက်တာလဲ'

'မသိဘူးကွဲ့… ရဲက လာအကြောင်းကြားတာ'

မောင်မျိုးအမေးကို ဖြေရင်း ကောင်တာနံရံတွင် တပ်ထား





သော ဖုန်းနံပါတ်များထဲမှ သူဌေးဖုန်းနံပါတ်ကိုရှာကာ သူဌေးထံ အကြောင်းကြားလိုက်သည်။

'သူဌေး လာလိမ့်မယ် မောင်မျိုး၊ အဆင်သင့်လုပ်ထား'

မောင်မျိုးကို မှာပြီး ဦးတင် ဆိုင်ရှေ့သို့ ပြန်ထွက်ခဲ့သည်။

မကြာမီ သူဌေးဦးပေါ်ထွန်း ကားနှင့်ရောက်လာသည်။

'ဘယ်လိုဖြစ်တာလဲ… ဦးမောင်တင်'

'ကျွန်တော်လည်း သေချာမသိဘူး သူဌေး၊ ရဲက လာအကြောင်းကြားကြားချင်း သူဌေးဆီဖုန်းဆက်လိုက်တာပဲ၊ အရေးပေါ်ဌာနကို လိုက်ခဲ့ပါတဲ့'

'မောင်မျိုးတို့ အိပ်နေလား'

'အားလုံး… နိုးထားပြီပါပြီ သူဌေး'

'သူတို့ နှစ်ယောက်ကို ကျုပ်ခေါ်သွားမယ်၊ ခင်ဗျား ဆိုင်ကို ဂရုစိုက်နော်'

'ဟုတ်ကဲ့… သူဌေး စိတ်ချပါ'



www.burmeseclassic.com

www.burmeseclassic.com



သူဋ္ဌေးဦးပေါ်ထွန်း၊ မောင်မျိုးနှင့်လှဦးကိုခေါ်ကာ ဆေးရုံကြီးသို့ ထွက်သွားတော့မှ ဦးတင် ဆိုင်တံခါးပိတ်ရန်ကာ ဆိုင်ရှေ့မျက်နှာစာတွင် လမ်းလျှောက်နေလိုက်သည်။

'ဘုရား… ဘုရား… ကြီးကြီးမားမား မဖြစ်ပါစေနဲ့'

ကားမှောက်သည့်ကိစ္စ ပေါ်လာသဖြင့် ဦးတင်ခုနက ငိုနေသော ကောင်မလေးကို မေ့သွားသည်။

* * *



နံနက်ခြောက်နာရီထိုးခါနီးတွင် သူဋ္ဌေးနှင့်မောင်မျိုးတို့ ပြန်ရောက်လာသည်။

သူဋ္ဌေးက ဆိုင်ထဲသို့ပင် မဝင်တော့ဘဲ မောင်မျိုးနှင့် လှဦးကို လမ်းမပေါ်မှပင် ဆင်းခိုင်းကာ ကားမောင်း၍ ပြန်ထွက်သွားသည်။

လှဦးနှင့် မောင်မျိုး အနီးရောက်လာမှ…

'မောင်မျိုး အခြေအနေ ဘယ်လိုလဲ'

'ကောင်မလေး တစ်ယောက်ကတော့ အုတ်ဆောက်ပွင့်ပြီး ခွဲချင်းပြီးသေသွားတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်သုံးယောက်နဲ့ ဟိုကောင်နှစ်ကောင်ကတော့ အရေ ပေါ်ကုသနေရတယ် ပြောတာပဲ'

'မင်းတို့… မတွေ့ခဲ့ရဘူးလား'

'မြင့်အောင်နဲ့ ရွှေထွန်းကိုတော့ သွားကြည့်ခဲ့ရတယ် မိန်းကလေးတွေကိုတော့ မကြည့်ခဲ့ရဘူး'

'သေသွားတာက… ဘယ်သူလဲ မောင်မျိုး'

'ဟို… ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးများ ဘယ်သ နေပါဦး၊

'ဘယ်သူ လှဦး'

'အနမ်းပန်း… အနမ်းပန်း'

'အနမ်းပန်း… ဟုတ်လား'

'ဟုတ်တယ်… အဘတင်၊ ဆံပင်အရှည်ကြီးနဲ့လေ အရပ်အမြင့်ဆုံးနဲ့ အချောဆုံးပဲလေ၊

'အဘတင် အသိသားပဲ'

'ဟာ… ဖြစ်မှ ဖြစ်ရလေကွာ၊ သူ့မိဘတွေသာ သိရင် တော့ ရင်ကျိုးပြီ'





ဦးတင် အတော်ကို စိတ်မကောင်း ဖြစ်သွားသည်။ တစ်စုံတစ်ခုကိုလည်း သတိရလိုက်မိ၏။

'ဘုရား… ဘုရား… ဒါဆို ငါခုနက တွေ့လိုက်တာ အနမ်းပန်း များလား၊

'ဒါကြောင့်… ခွေးတွေကလည်း အူလိုက်တာကို လွန် ပါရောလား'

ဦးတင် ခုမှပင် သတိရကာ ကြက်သီးမွေးညှင်းများပြန် ၍ ထလာပြန်သည်။

သူကြားဖူးသလို ဝိညာဉ်ကများ သူ့ကို ကိုယ်ထင်လာ၍ ပြသလားဟုပင် ထင်လိုက်မိသည်။

'ဘုရား… ဘုရား… ဒီမိန်းကလေး ကောင်းရာမွန်ရာ ရောက်ပါစေ'

ဟု ဆုတောင်းရင်း အပြန်က သူတို့အချင်းချင်း နောက် ကြ၊ ပြောင်ကြနှင့် စီစီကိုညံကာ ရယ်မော ပျော်ရွှင်နေပုံများကို မြင်၍ သတိရသေးသည်။

သြော်…



www.burmeseclassic.com

www.burmeseclassic.com



ကြွေးသောလက် မဆန့်ခင်၊

ဆန့်သောလက် မကြွေးခင် ဆိုတဲ့ စကားများ တယ်မှန်ပါလား။

တရားသဘောတွေ တယ်လည်း ကြောက်စရာကောင်းပါလားဟု တွေးမိပြီး သံဝေဂရလိုက်လေတော့သည်။

* * *



## အခန်း (၂)

ပန်းသခင် ဘီယာစတောရှင်ကို ခေတ္တပိတ်ထားကြောင်း ဆိုင်ဘုတ်ရေးရန်အတွက် ဦးတင်ကို ဆိုင်ရှင်သူဌေးဦးပေါ်ထွန်းက တာဝန်ပေးလိုက်သည်။

ပြီး ဆိုင်တွင် ယခုမနက်ရောက်ရှိလာသည့် ဝန်ထမ်းများတို ခေါ်ကာ...

'မင်းတို့ထဲက အနမ်းပန်းနဲ့ ဘယ်သူရင်းနှီးကြသလဲ'

'ကျွန်တော်နဲ့... ရင်းနှီးပါတယ် ဆရာ၊ တစ်ရွာတည်းနေကြတာပါ'

'သူက... ရန်ကုန်က မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာဖြစ်သူ ဦးအောင်နိုင်က အောင်စိန်မင်းဆိုသော ဝန်ထမ်းကောင်လေးကို ဝင်၍ မေးလိုက်သည်။

'မဟုတ်ဘူး.... ပေါင် ကပါ ဆရာ၊ မမနှမ်းကို ဒီဆိုင် ခေါ်လာတာလဲ ကျွန်တော်ပါဆရာ'

'ဩော်... အေး... အေး... မှတ်မိပြီ၊ မှတ်မိပြီ၊ သူ့မှာ မိဘတွေရှိသေးတယ် မဟုတ်လား'

'အဖေ မရှိတော့ဘူးဆရာ အမေရှယ်၊ ညီမတစ်ယောက်နဲ့ မောင်တစ်ဧ ဘက်ပဲရှိပါတယ်'

'မင်းတို့ ရွာနဲ့ အဆက်အသွယ် ဘယ်လိုလုပ်ကြလဲ'

သူဌေးဦးပေါ်ထွန်းကဝင်၍ မေးလိုက်သဖြင့် အောင်စိန်မင်းက ဦးပေါ်ထွန်းကိုကြည့်ကာ...

'ဖုန်းဆက်လို့ ရပါတယ် သူဌေး'

'အနမ်းပန်းအိမ်ကိုရော... ဖုန်းဆက်လို့ ရသလား'

'ဟုတ်ကဲ့... သူဌေး အဲဒါတူတူပါပဲ'

'အေး ... အဲဒါဆို မင်း သူတို့အိမ်ကို ဖုန်းဆက် အကြောင်းကြားလိုက်၊ ဟုတ်လား'

'ဟုတ်ကဲ့... သူဌေး'

'မောင်မျိုးနဲ့လှဦးက... တော်ကြာ ငါ့အိမ်က ကားလာလိမ့်မယ်၊ အဲဒီကားနဲ့ တျန်တဲ့ ကောင်မလေးသုံးယောက် အိမ်ကို လိုက်အကြောင်းကြားလိုက်'

'ဟုတ်ကဲ့... သူဌေး'

'အောင်နိုင်က... ငါနဲ့ လိုက်ခဲ့ ဆေးရုံကို သွားရမယ် ဟုတ်လား၊ ငါတို့... ဆေးရုံကို သွားတုန်း ရဲစခန်းက ဖုန်းဆက်ရင် ဆေးရုံသွားကြတယ်၊ အပြန်ဝင်လာမယ်လို့ ပြောလိုက်'

'ဟုတ်ကဲ့... သူဌေး'

သူဌေးဦးပေါ်ထွန်း လိုအပ်သည်များကို ညွှန်ကြားပြီး မန်နေဂျာအောင်နိုင် ဆေးရုံသို့ ထွက်သွားသည်။

သူဌေးနှင့်မန်နေဂျာတို့ ထွက်သွားမှ ဆိုင်ဝန်ထမ်းအချင်းချင်း တစ်ယောက်တစ်ပေါက် ပြောဆို၍ နေကြသည်။

'သနားစရာပါဗျာ... မမနှမ်းက ကျွန်တော့်ကို အားကိုးပြီး ဒီဆိုင်မှာ အလုပ်ဝင်တာဗျ၊ သူ့အမေကလည်း ရောဂါသည်၊ သူ့အောက်က ညီမလေးက ဆယ်တန်း၊ အငယ်ကောင်က ရှစ်

www.burmeseclassic.com



တန်းလေ၊ ဒီမိသားစု တာဝန်ကိုယူဖို့ သူ ကျွန်တော့်ကို ပြောပြီး ဒီဆိုင်မှာ ဝင်လုပ်တာ'

'ဒါပေါ့… မောင်စိန်မင်းရယ်၊ မိဘကို လုပ်ကျွေးနေလို့လဲ ဒီဆိုင်မှာ ဒီကလေးမဟာ ပန်းကုံးအရဆုံးပေါ့၊ တစ်ညတစ်ည သူ့ဝင်ငွေနည်းမှ မနည်းတာ'

ဦးတင်မှာ ကြားရသော စကားများကြောင့် ရင်ထဲတွင် အတော်ကို စိတ်မကောင်းဖြစ်သွားရသည်။

'ဒီလိုပါပဲကွာ… လိမ္မာတဲ့ကလေးတွေကျတော့ သေမင်းက မြန်မြန်ခေါ်တော့တာပါပဲ၊ ဒီမှာ လာငိုနေတာကိုး'

'ဘယ်သူက ငိုနေလို့လဲ ဦးလေးတင်'

'သူပဲ ဖြစ်မှာပေါ့ကွာ'

ဟု အစချီကာ ဦးတင်က သူ ညက တွေ့ကြုံခဲ့ရသည် အဖြစ်အပျက်များကို ဆိုင်ဝန်ထမ်းကောင်လေးများအား ပြန်၍ ပြောပြလိုက်သည်။

'ဟင်… ဒါများ ဦးလေးတင်က ကျွန်တော်တို့ကို နှိုးလိုက်ရောပေါ့ဗျာ'





မောင်မျိုးနှင့်လှဦးတို့က တအံ့တသြဖြစ်ကာ ဝင်၍ပြောလိုက်သည်။

'ငါလည်း ပြောမလို့ပါပဲ၊ ပထမတော့ တကယ်လို့ပဲ ထင်တာကွ၊ ပျောက်… ပျောက်သွားတော့မှ စိတ်ထဲ မသင်္ကာ ဖြစ်လာတာ'

ထိုအချိန်တွင် သူတို့ပြောစကားများကို အစအဆုံးနားထောင်နေသော ဆိုင်သန့်ရှင်းရေး အလုပ်သမား အသေးလေးက…

'ဒါ… ဒါဆို မမှုစ်းက ဝိညာဉ်အဖြစ်နဲ့ ဒီကိုရောက်လာတယ်ပေါ့၊ ဟုတ်လား ဦးလေးတင်'

'အေး… ဒီလိုပဲ ပြောရတော့မှာပေါ့၊ စိတ်အစွဲပေါ့ကွာ၊ သူ့စိတ်ထဲမှာ ဒီဆိုင်ကို စွဲသွားလို့ဖြစ်မှာပေါ့'

'ဟာ… ဒါဆို ဒုက္ခပါပဲဗျာ'

အသေးလေး စကားကြောင့် ဦးတင်က တအံ့တသြ အသေးလေးကိုကြည့်ရင်း မေးလိုက်သည်။

'ဘာဖြစ်လို့လဲကွ… အသေးလေးရ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မမနှမ်းက ပြန့်ခါနီးတိုင်း ကျွန်တော့်ကို သနား လို့ဆိုပြီး မုန့်ဖိုးပေးနေကျဗျ'

'ဘာလဲ… ယောကောင်၊ မင်းကို မုန့်ဖိုးပေးမယ့် သူတစ် ယောက် လျော့သွားလို့လား'

အောင်စိန်မင်းက မကျေမနပ်နှင့် အသေးလေးကို ဝင် ပြောလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ တော်ကြာ အဲဒါကိုပါစွဲပြီး ကျွန်တော် ကိုပါ ညည မုန့်ဖိုးလာပေးနေရင် ဒုက္ခဗျ'

'ဟ… အဲဒါများ မင်းက ပူနေရသေးတယ်၊ မုန့်ဖိုးလာ ပေးရင် ယူထားလိုက်ပေါ့ကွာ'

'မဟုတ်ဘူးလေ… ကိုအောင်စိန်မင်းရဲ့ ခုဟာက သူက သ… သရဲလေ… ဝိ… ဝိညာဉ်ဖြစ်သွားပြီ'

တုန်တုန်ရီရီ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသော အသေးလေး ကိုကြည့်ကာ မောင်မျိုးက…

'သွားသေလိုက်… အသေးလေး၊ ခုကျတော့ မုန့်ဖိုး တောင် ယူရမှာကြောက်နေပြီလား၊ အရင်တုန်းကတော့ မမနှမ်း၊





မမနှမ်းနဲ့ မနှမ်းကများ နိုင်လိုက်ရင် ပျာနေတာပဲ'

'ဟုတ်ပါတယ်ဗျာ၊ မမနှမ်းကို ကျွန်တော်က ကျွန်တော့် အစ်မနဲ့တူလို့ ခင်လည်းခင်၊ ချစ်လဲချစ်တာဗျ၊ ကြော့ဗျာ၊ ကျွန်တော် တကယ့်ကို စိတ်မကောင်းဘူး'

ပြောရင်းမှ အသေးလေးမျက်ရည်များ ဝဲလာသည်။

အသေးလေးတင်မဟုတ်။

ဆိုင်ဝန်ထမ်းအားလုံးပင် မျက်ရည်လေးများ တလည် လည်နှင့် အမှန်တကယ်ပင် အနမ်းပန်းအတွက် စိတ်မကောင်း ဖြစ်နေကြရသည်။

ထိုစဉ် သူဌေးဦးပေါ်ထွန်း အိမ်မှ ကားတစ်စီးရောက်လာ သည်။

သူဌေးကတော်ကိုယ်တိုင် မောင်းလာခြင်းဖြစ်၏။

မောင်မျိုးနှင့်အောင်စိန်မင်း ပြေးထွက်သွားကာ ပါလာ သော ပစ္စည်းများကို ဝိုင်း၍ ချပေးကြသည်။

'မောင်မျိုး… မင်းတို့ကို ဆေးရုံက ကောင်မလေးတွေ အိမ်ကို အကြောင်းကြားခိုင်းထားတယ်ဆို'

www.burmeseclassic.com



'ဟုတ်ကဲ့… အန်တီ'

'မင်း… ကားမောင်းတတ်လို့လား'

'ဟုတ်ကဲ့… အန်တီ၊ လိုင်စင်လဲ ကျွန်တော်မှာရှိပါတယ်'

'အေး… အဲဒါဆို၊ ကားယူသွား ကြည့်လဲသွားဦးနော်'

'ဟုတ်ကဲ့… အန်တီ၊ လှဦး… လာ သွားမယ်'

လှဦး ဆိုင်ထဲမှပြေးထွက်လာသည်။

လှဦး ကားပေါ်ရောက်သည်နှင့် မောင်မျိုးက ကားကို မောင်းထွက်လိုက်သည်။

သူဌေးကတော်က ပစ္စည်းများကို ဆိုင်တွင်းသယ်နေသော ဝန်ထမ်းကောင်လေးများကို လှမ်း၍ မေးလိုက်သည်။

'မင်းတို့ထဲက… အောင်စိန်မင်းဆိုတာ ဘယ်သူလဲ'

'ကျွန်တော်ပါ ခင်ဗျာ…'

ပစ္စည်းတွေချပြီး အောင်စိန်မင်း သူဌေးကတော်ရှေ့သို့ ပြေးထွက်လာကာ ရိုသေစွာ ရပ်နေသည်။

'မင်း… ဟို သေသွားတဲ့ ကောင်မလေးအိမ်ကို ဖုန်းဆက်နိုင်းထားတယ်ဆို၊ ဆက်ပြီးပြီလား'

'ဟို… ဟို… မဆက်ရသေးဘူး အန်တီ'

'ဟာ… မင်းတို့ ဘာလုပ်နေကြတာလဲ၊ ခုဆက်လိုက်လေ၊ တော်ကြာ မင်းတို့သူဌေးက ငါ့ကို ဖုန်းဆက်ပြီးမေးမှာ'

'ဟုတ်… ဟုတ်ကဲ့ပါ အန်တီ'

အောင်စိန်မင်း ကောင်တာဘက်သို့ ထွက်လာခဲ့သည်။

'ပြီးရင်… ငါ့ကို ပြန်ပြောဦး'

'ဟုတ်ကဲ့… အန်တီ'

အောင်စိန်မင်း ဖုန်းဆက်နေစဉ် သူဌေးကတော်က လုံခြုံရေး ဦးမောင်တင်ကို လိုအပ်သည်များကို မှာကြားနေသည်ကို အောင်စိန်မင်း ကြားနေရသည်။

'ဦးတင်… ခုတွေကို မရှေ့နဲ့တော့၊ ဒီအတိုင်းပဲထား ဝန်ထမ်းကောင်လေးတွေ အားလုံး ဒီညကစပြီး ဒီမှာအိပ်နိုင်းနော်'

'ဟုတ်ကဲ့… ခင်ဗျာ'







www.burmeseclassic.com

www.burmeseclassic.com



'ပြန်ရင် နေ့လယ်နေ့ခင်း ခဏတစ်ဖြုတ် ပြန်နိုင်း
ပြီးတော့ ကျွန်မကို မီးဖိုထဲ သွားကြည့်ပေးဦး'

'ဟုတ်ကဲ့… ကျွန်တော် ဘာကို ကြည့်ပေးရမလဲ
ဆရာမ'

သူဌေးကတော်ဒေါ်ခင်မကြီးက ယခင်က ကျောင်းအုပ်
ဆရာမ ပင်စင်စားဖြစ်သဖြင့် ဦးတင်က သူဌေးကတော်ကို ဆရာ
မဟုပင် ခေါ်ခြင်းဖြစ်သည်။

'အကြော်ဆရာတွေ ရောက်ပလား'

'မရောက်သေးဘူး… ဆရာမ၊ သူတို့က ဆယ်နှစ်နာ
လောက်မှ လာနေကျပါ'

'ဒီမှာ… ဆိုင်အလုပ်သမားတွေ စားဖို့ကျတော့ ဘယ်သူ
ချက်လဲ'

'မောင်မျိုးနဲ့ လှဦးချက်တယ်၊ တစ်ခါတလေ ကျွန်တော်
ချက်တယ် ဆရာမ'

'ဒါဆို… ဦးတင်သွားကြည့်ပေး၊ ဘာပစ္စည်းတွေ ကျန်
သေးလဲလို့၊ ကျွန်မပြောတာ သဘောပေါက်လား'





'ဟုတ်ကဲ့… ဆရာမ'

ဦးတင် မီးဖိုချောင်ဘက် ထွက်ခဲ့သည်။ သူတို့ ဆိုင်ဝန်ထမ်းများ ဒီရက်ပိုင်း စားသောက်ဖို့ကိစ္စအတွက် လိုအပ်သည့် ပစ္စည်းများကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်းကို ဦးတင်သဘော ပေါက်လိုက်သည်။

ထို့ကြောင့်လည်း မီးဖိုချောင်သို့ ထွက်ခဲ့ခြင်းဖြစ်၏။

ဦးတင် မီးဖိုချောင်ဘက် ထွက်သွားတော့ ဖုန်းဆက်နေသော အောင်စိန်မင်း သူဌေးကတော်ရှား ရောက်လာသည်။

'ဘာပြောလဲ… အောင်စိန်မင်း'

'သူတို့… ဒီနေ့စီစဉ်ပြီး မနက်ဖြန်မနက် စောစောကားနဲ့ ထွက်လာမယ်တဲ့ အန်တီ'

'အေးအေး… ပြီးရော၊ ဒီရက်ပိုင်းမှာ မင်းတို့လဲ အားနေကြတာပဲ၊ ဆိုင်သန့်ရှင်းရေးကို အားလုံးလုပ်ထား ဦးတင်ရှိမယ်၊ ဦးတင်စကားကို အားလုံးနားထောင်ကြနော်'

'ဟုတ်ကဲ့… အန်တီ'

'ကဲ… ဦးတင်ရေ ကျွန်မပြန်တော့မယ်၊ လုပ်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်၊ ထားလို့ရတာနဲ့၊ စားလို့ရတာ ခွဲထားပြီး စာရင်းလုပ်ထား လိုအပ်တာပါထည့်'

'ဟုတ်… ဟုတ်ကဲ့ပါ ဆရာမ၊ ဟုတ်ကဲ့…'

လိုအပ်သည်များကို မှာကြား၍ ဆိုင်အတွင်းမှ သူဌေးကတော် ခေါ်ခင်မကြီးပြန်၍ ထွက်သွားတော့သည်။

* * *



## အခန်း (၃)

ပန်းသခင် ဆိုင်တွင် သီချင်းဆိုသူ အဆိုးသမီးဝန်ထမ်းမှာ စုစုပေါင်း ဆယ်ဦးရှိလေသည်။

အလို၊ လှည်းတန်း၊ ကမာရွတ်၊ အင်းစိန်၊ လှိုင်သာယာ သေဖြင့် အသီးသီးပြန်ကြရသည်။

အလို၊ လှည်းတန်း၊ ကမာရွတ်၊ အင်းစိန် စသည့် သုံးနေရာမှ မိန်းကလေး ခုနှစ်ယောက်ကို ကားတစ်စီးက သပ်သပ်ပို့သည်။

အနှမ်းပန်း၊ စီစဝါ၊ လပြည့်ဝန်းဆိုသော မိန်းကလေးသုံးယောက်က လှိုင်သာယာ နဝဒေဥယျာဉ်အိမ်ရာရှိ အဆောင်နေသူများဆိုတော့ ကားတစ်စီးဖြင့် သပ်သပ်ပို့ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုနေ့မှပင် ကံဆိုးမိုးမှောင်ကျကာ လမ်းပေါ်အရှိန်နှ
ပြင်းထန်စွာ ပြုတ်ကျခဲ့ခြင်းကြောင့် အုတ်ဆက်ပွင့်ကာ နေရာတွ
မင် ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

စီစေဝါနှင့် လပြည့်ဝန်းဆိုသော မိန်းကလေးနှစ်ယောက
ကတော့ ကတ္တရာလမ်းဘေး မြက်ခင်းပေါ်ပြုတ်ကျခဲ့သဖြင့် သေ
ကံမရောက် သက်မပျောက်ခဲ့။

ဒရိုင်ဘာမြင့်အောင်နှင့် နောက်လိုက်ရွှေထွန်းတို့ကတော
ကားစမှောက်ကတည်းက ကားပေါ်မှခုန်ဆင်းသွားခဲ့ကြသဖြ
ကားနှင့်အတူ ပါမသွားဘဲ လိမ့်ကျသွားသည့်အရှိန်ကြောင့် ပွ
ရုံးပွဲရုံ ဒဏ်ရာသာ ရရှိခဲ့ကြသည်။

ထို့ကြောင့်လည်း ဆေးရုံတွင် ပွန်းပဲ့ဒဏ်ရာများကို ဆေ
ထည့်ပြုစုပြီး ယာဉ်ပေါ်ဆမှုဖြင့် ရဲစခန်းသို့ ပို့ထားရ၏။

သို့သော် မိန်းကလေးနှစ်ယောက်အနက် စီစေဝါဆိုသော
မိန်းကလေးမှာ သတိပြန်လည် ရရှိလာသော်လည်း လပြည့်ဝန်
ဆိုသော မိန်းကလေးကတော့ နောက်တစ်နေ့ အနက်ထိတိုင
သတိပြန်လည်လာခြင်း မရှိသေးပေ။





မနက်ရောက်တော့ သူငယ်ချင်းများ သီချင်းဆိုဖော်များ
ရောက်လာကြပြီး စီစေဝါကိုဝိုင်း၍ သတင်းမေးကြသည်။

ကားနှစ်စီးဆိုမှ အတူတကွ ထွက်လာကြစဉ်တုန်းက
တောင် တစ်ယောက်နှင့်တစ်ယောက် ကားတစ်ကားနှင့်တစ်ကား
နောက်ပြောင်အော်ဟစ်ကာ အတူပြန်လာခဲ့ကြပြီးမှ ကောက်
ခါငင်ကာ ဖြစ်သွားခဲ့ရသည်အတွက် သူတို့မှာ ယုံကြည်ရမည်ကို
ပင် ခက်ခဲစွာ ဝမ်းနည်းကြေကွဲခဲ့ကြရသည်။

အထူးသဖြင့် အနမ်းပန်းအဟွက် ပို၍ပင် စိတ်မကောင်း
ဖြစ်ကြရ၏။

'လပြည့်ဝန်းက ခုထိတောင် သတိမရသေးဘူးလား
စီစေဝါ'

'ဟုတ်တယ်… နွေးနွေး၊ ခုနက ဆရာဝန်ကြီး လာတုန်း
ကလည်း ပြောတယ်၊ သတိမရသေးဘူးတဲ့'

'ဟယ်… ဒုက္ခပါပဲ၊ လပြည့်ဝန်း အခြေအနေက
အတော်ဆိုးလို့လားဟင်…'

'အဲဒါတော့ ကျွန်မလည်း မသိဘူး၊ နွေးနွေး အနမ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေမိတော့တာပါပဲ'

'အေးလေဟယ်... လပြည့်ဝန်း အခြေအနေကို သိချင်လိုက်တာ'

အရှိန်ကြာမြင့်စွာ မေ့မြောနေသော လပြည့်ဝန်းအတွက် သူငယ်ချင်းတစ်သိုက်မှာ...

စိုးရိမ်ပူပန်လျက် ရှိနေကြတော့သည်။

* * *



ဆိုင်းသိမ်းပြီးမှ သူငယ်ချင်းများ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင် ကျီစယ်ကြရင်း တွန်းထိုးရိုက်ပုတ်ကြလျက် ဖယ်ရီပေါ် အလုအယက် တက်ကြတော့သည်။

တစ်သက်တာနှင့်ချေးချေးက အလို

တမ်းတနှင့်မြူခိုးထ လှည်းတန်း

ထာဝရနှင့် သံသာက ကမာရွတ်

ဆည်းဆာတစ်ယောက် အင်းစိန်

ဒီအုပ်စုက ဖယ်ရီကားတစ်ကားကို ပို့ရမည်မို့ သူတို့ ခုနစ်ယောက်က ဟိုင်းလက်ကား အဖြူကလေးပေါ်သို့ အလုအယက်တက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနမ်းပန်း၊ ဇီဇဝါ၊ လပြည့်ဝန်းက လှိုင်းသာယာ နဝဒေး ဥယျာဉ် အိမ်ရာသို့ပို့မည့် ဟိုင်းလက်ကား အနီရောင်ပေါ်သို့ တက်လိုက်ကြသည်။

ဖယ်ရီပေါ်ရောက်ပြန်တော့လည်း ခုနစ်ယောက် အုပ်စုမှာ တဝါးဝါး တဟားဟားနှင့် ဆူညံလျှက်ရှိသောကြောင့် ဒရိုင်ဘာ ဖိုးထူးမှာ...

'ဟေး... ဘယ်လိုဖြစ်လို့ နင်တို့ ဒီလောက် ဆူညံနေကြတာလဲ၊ ငါ့ကို ငြီးနေတာပဲ'

'ဟာ... ကိုဖိုးထူးကြီးကလည်း ဒီနေ့ ရှယ်... ရှယ် သိရဲ့လား'

'နင်တို့က... ဘာတွေ ရှယ်နေလို့လဲ'

'ဒီနေ့... အကုန်ရှယ်တာ၊ မနက် ငွေရှင်းရင် ကြည့်'

'အေးပါ... နင်တို့တွေ ခွင်တည့်ပါစေလို့ပဲ ဆုတောင်းပါတယ်။ ခုတော့... တော်ပါတော့နော်'

'ဟော့... ဟိုအက်က ကားက ပူညံ ပူညံ ဆူညံ ဆူညံ။ အိမ်လခမပေးနိုင်ရင်လည်း ဒိုးတော့'





'ဒိုးမှာဟေ့... ဒိုးမှာ... ကိုကိုထူးရေ၊ မောင်းတော့၊ တာ့... တာ့... တာ့...'

'ပူး... ပူး... ပူး...'

'တာ့... တာ့...'

'ဗွတ်နိုက်... ဗွတ်နိုက်...'

ဖိုးထူး ကားက အရင်ထွက်သွားပြီးမှ အနမ်းပန်း၊ လပြည့်ဝန်းတို့ စီးလာတဲ့ကားက နောက်မှ လိုက်ထွက်လိုက်သည်။

ဆိုင်ခြံစည်းရိုးနားရောက်မှပင် ကားနောက်မှလိုက်သည့် ရွှေထွန်းက ခုန်တက်လာ၏။

ရွှေထွန်းကားပေါ် ခုန်တက်ပြီးထိုင်လိုက်မှ ဇီဇဝါက လှမ်းမေးလိုက်သည်။

'ကိုရွှေထွန်း... ကိုမြင့်အောင်ကြီး ဒီနေ့ ငြိမ်လှချည့်လား၊'

'ကားမောင်းတာကလည်း ဂျက်ကျနေတာပဲ'

'မပြောပါနဲ့တော့... သူ့လေဒီလေးနဲ့ ကျိုင်ထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ညနေက နှင့်အလုညှ်မရောက်ခင် သူလေဒီလိုက်လာပြီး ကျိုင်တာ'

ဒရိုင်ဘာမြင့်အောင်က တောင်ဥက္ကလာတွင်နေသူဖြစ်ပြီး မိန်းမနှင့် ကလေးနှင့်ပင်…

ဒါကိုပင် ကိုမြင့်အောင်က မလျှော့သေး။

ရှစ်မိုင်စား သောက်ဆိုင်တစ်ခုမှ ဝိတ်တာ ကောင်မလေး တစ်ယောက်နှင့် ဘာညာ၊ ဘာညာ ဖြစ်နေသေးသည်။

ရှစ်မိုင်စားသောက်ဆိုင်မှ သူတို့ ယန်းသခင်သို့ ရောက်လာခြင်းမှာလည်း ထိုမိန်းကလေးကြောင့်ပင် ဖြစ်သည်ကို တစ်ဆိုင်လုံးက သိထားကြသည်။

'ဘယ်လိုဖြစ်ပြီး ကျိုင်ကြတာလဲ ကိုရွှေထွန်း'

လပြည့်ဝန်းက လှမ်း၍ စပ်စုလိုက်၏။

'မြင့်အောင် မလာတာ ကြာလို့ဆိုပြီး ဟိုက အိမ်ကို လိုက်သွားတယ်လေ၊ ဟိုကျတော့… ပြဿနာတက်တော့တာပေါ့'

'ကောင်မလေးက… မသိဘူးလား'





'ဟ… ဘယ်သိမလဲ၊ မြင့်အောင် အမေတွေနဲ့နေတာလို့ ပြောထားတာလေ'

'ဪ…'

ယခင်ညများဆို မြင့်အောင်က ရှေ့နှင့်နောက်ကို ရောပက် ခဝင်အောင် စကားကို လှမ်း၍ ပြောနေကျဖြစ်သည်။

ဘီယာလေး နည်းနည်းထွေရင် ပိုဆိုးသေး။

ယခုတော့ ဒေါသထွက်နေသောကြောင့်ထင်သည်။

စကားလည်း တစ်လုံးမှမပြော။ ကားမောင်းတာကလည်း မြန်လိုက်သည့်ဖြစ်ခြင်း…

ကားသွားကားလာ ရှင်းနေသဖြင့် ပို၍ပင် ဆိုးနေတော့သည်။

'သူ တော်တော်ရှက်သွားတာဟ၊ ပြီးတော့ ပိုဆိုးတာက ဆည်းဆာနဲ့ သူနဲ့က ဘာညာ ဘာညာနဲ့ နီးစပ်နေပြီ'

'ဟယ်… ဟုတ်တယ်'

'အေး… ခုတော့ မဟုတ်တော့ဘူးပေါ့၊ ဟိုကောင်မလေး ဆာကျိုင်တာ ဆည်းဆာရှေ့မှာလေ'



www.burmeseclassic.com

www.burmeseclassic.com



ရွှေထွန်းနှင့် လပြည့်ဝန်းတို့ အပြန်အလှန် ပြောဆိုနေကြ ပေမယ့် အနမ်းပန်းကတော့ ကားရှေ့သံဒိုင်ကို ကိုင်ရင်း ဘုရားစာ ရွတ်နေသည်။

စီဇဝါက ကရင်းပတ်ဘူးကိုထုတ်ကာ ကားနောက်မီး အလင်းရောင်ဖြင့် သူ့မျက်နှာကို ဟိုလှည့် ဒီလှည့်လျှောက်ကြည့် နေသည်။

ထိုစဉ်...

'ဟာ... ဟာ... ဟာ...'

ကားက လျှောခနဲ နံဘေးကို စောင်းသွားသည်မို့ ရွှေ ထွန်းကားပေါ်မှ ခုန်ချသွားသည်ကို အားလုံးမြင်လိုက်ရပြီး ကားက နှစ်ပတ် သုံးပတ်မျှ လိမ့်သွားသည်ထင်လိုက်ရသည်။

စီဇဝါအရင် ကားပေါ်မှ ထွက်ကျသွားသည်ကို မြင်လိုက် ရပြန်သည်။

ကြောက်အား လန့်အားနှင့် လပြည့်ဝန်းကို အနမ်းပန်းက လှမ်း၍ အဖက်မှာပင် နှစ်ယောက်စလုံး ကားပေါ်မှ ပြုတ်ကျသွား ခြင်းဖြစ်သည်။





'အား...'

လပြည့်ဝန်း ရှိသမျှ ခွန်အားကိုညှစ်၍အော်လိုက်ပြီး သူမ သတိရလာသည်။

သူမနားတွင် လူတွေဝိုင်းနေ၏။

ထိုလူများကို လပြည့်ဝန်း သေချာစွာ ကြည့်လိုက်သည်။ ခန္ဓာကိုယ်များမှ မဲမှောင်နေပြီး ကြောက်မက်ဖွယ်ရာ မျက်နှာများ ကို မြင်ရသည်။

'ရှင်တို့... ရှင်တို့ ဘယ်သူတွေလဲ'

'ငါတို့... မင်းကို လာခေါ်တာ၊ ဟိုမှာ... မင်းသူငယ် ချင်း'

လပြည့်ဝန်း လှမ်းကြည့်လိုက်သည်။

အနမ်းပန်းကို လူနှစ်ယောက် တစ်ယောက်တစ်ဖက်မကာ ဆွဲခေါ်သွားကြသည်။

'ရှင်တို့... ရှင်တို့...'

'ဟုတ်တယ်... မင်းကို လာခေါ်တာ'

မင်းကို လာခေါ်တာဟု ပြောသော လူကြီးကို လပြည့်



www.burmeseclassic.com

www.burmeseclassic.com



ဝန်း သေချာစွာကြည့်လိုက်သည်။

မျက်လုံးနီနီ စူးစူးကြီးများနှင့် သူ့ကို စိုက်ကြည့်နေသည်။

အို… ကြည့်စမ်းပါဦး၊ သွား… သွားစွယ်ကြီးများဖြင့် တချို့က ဟောက်ပက်ကြီးများကို တွေ့ရသည်။

တစ်ချို့က မျက်လုံးပေါက်နှင့် နှာခေါင်းပေါက်နေရာများမှ ပြည်ရည်များကဲ့သို့ အရည်ပျစ်များ ကျနေသည်ကို တွေ့လိုက်ရသည်။

တချို့က ပါးစပ်ပေါက်ကျဉ်းကျဉ်းကလေးသာ မြင်ရပြီး မျက်နှာက မျက်လုံး၊ နှာခေါင်းများမရှိ ပြောင်ချောကြီးတွေ အားလုံးက လပြည့်ဝန်းကို ဝိုင်းအုံကြည့်ရှုနေကြသည်။

'အို… မလိုက်ဘူး၊ မလိုက်ဘူး၊ ရှင်တို့ သွားကြ သွားကြ'

'မင်း… မလိုက်လို့မရဘူး၊ လာ… လိုက်ခဲ့'

'အို… မလိုက်ဘူး၊ မလိုက်ဘူး…'

လပြည့်ဝန်း ထိုလူများကြားမှ အတင်းရုန်းက ထပြေးတော့သည်။





သစ်ပင်ပေါ်မှ မဲမဲသဏ္ဌာန်များ ပြေးဆင်းလာကြသည်ရှိ တံတားအောက်မှ ပြေးတက်လာကြသော မဲမဲသဏ္ဌာန်များကို လပြည့်ဝန်း မြင်လိုက်ရသည်။

'ကယ်ကြပါဦးရှင်… သရဲ၊ သရဲတွေ… ကျွန်မနောက်ကို လိုက်နေတယ်၊ ကယ်ကြပါဦး'

'ဟား… ဟား… ဟား… ဟား…'

'ဟီး… ဟီး… ဟီး… ဟီး… မပြေးနဲ့၊ ဟီး… ဟီး…'

'မလိုက်ဘူး… မလိုက်ဘူး… ကယ်ကြပါဦးရှင်'

ထိုစဉ် သူ့ရှေ့တွင် မဲမဲသဏ္ဌာန်များ တန်းစီရပ်နေကြသည်။

အရုပ်အရှည်ကြီးတွေ…

ခြေတံလက်တံအရှည်ကြီးတွေ…

ခါးကုန်းကြီးတွေ…

ကြောက်မက်ဖွယ်ရာ မျက်နှာကြီးတွေ သူတို့ ဆန့်တင်းဆီးကြိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား…'

'ဟား… ဟား… ဟား…'

'မလိုက်ဘူး… မလိုက်ဘူး… မလာကြနဲ့… မလိုက်ဘူး'

'အား…'

* * *



လပြည့်ဝန်း သတိရတော့ ဆေးရုံပေါ်ရောက်နေသည်။

ဆေးရုံအနံ့အသက်ကို ရှူရှိုက်လိုက်ရ၏။ သူမ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်မိသည်။

သူမ ခုတင်ဘေးတွင် ကုတင်တစ်လုံးကို တွေ့လိုက်ရသည်။ ခုတင်ပေါ်တွင် အနမ်းပန်းကို တောင့်တောင့်ကြီး လှဲအိပ်နေတာကို တွေ့လိုက်ရ၏။

'အနမ်းပန်း…'

သူမ လှမ်းခေါ်လိုက်သည်။ အသံက ထွက်မလာ…

သူမ အားယူ၍ ခေါ်ကြည့်သည်။ သူမအသံကို သူမတောင် ပြန်၍မကြားရ…

အနမ်းပန်း ခုတင် ပတ်ဝတ်လည်တွင် မဲမဲအရိပ်ကြီးများကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်တွင်းဟောက်ပက်ကြီးတွေနှင့် နှာခေါင်းပေါက်၊ ပါးစပ်ပေါက်ပြဲပြဲကြီးတွေ…

ခြေတန် လက်တန်ရှည်ရှည်ကြီးတွေနှင့် ပျော်ရွှင်ရယ်မောနေကြသည့် အသံများကို ကြားနေရသည်။

'ဟီး… ဟီး… ဟား… ဟား… ဟား…၊ ဟီး… ဟီး… ဟီး…'

'အနမ်းပန်း… အနမ်းပန်း… ထ… ထ'

သူမ အော်ဟစ်ကာ အနမ်းပန်းကိုထပြေးရန် ပြောနေသည်။ အနမ်းပန်း မကြား…

အနမ်းပန်းကို သူတို့ ဆွဲခေါ်နေကြသည်။

'မလုပ်ပါနဲ့… မလုပ်ပါနဲ့'

သူမမြင်နေသည် သူတို့ သူတို့ အနမ်းပန်းကို ခုတင်ထက်မှ ဆွဲချကာ အတင်းဆွဲခေါ်သွားကြသည်။

အနမ်းပန်း အတင်းရုန်းကန်နေသည်ကို မြင်နေရ၏။

'လဝန်းရေ… လဝန်းရေ… ကယ်ပါဦး'

'ဟီး… ဟီး… ဟီး…'





'ဟား… ဟား… ဟား…'

သနားစဖွယ် အနမ်းပန်း ငိုယိုကာ ရုန်းကန်နေရှာသည်။

'မလိုက်ဘူး… မလိုက်ဘူး… လဝန်းရေ၊ ငါ့ကို ကယ်ပါဦး'

တဖြည်းဖြည်းနှင့် အနမ်းပန်းသူမနှင့် ဝေးရာနေရာသို့ ရောက်သွားသည်။

သူမ အတင်းရုန်းကန်ထကြည့်သည် မရ။ ရှိသမျှ ခွန်အားတွေကို ညှစ်ထုတ်ကာ ကုန်းရုန်းထလိုက်သည်။

'နင်… မထနဲ့'

ကြောက်မက်ဖွယ်ရာ ခေါင်းပြတ်ကြီးက လပြည့်ဝန်းကိုချာကြီးနှင့်ရစ်ပတ်ကာ ဆွဲခေါ်လာရာ တံတားတစ်ခုအနီးသို့ ရောက်လာသည်။

ပတ်ပတ်လည်၌ မဲမဲသဏ္ဌာန်ကြီးများက ဝိုင်းဝန်းအားပေးအော်ဟစ်သံများကို ကြားနေရ မြင်နေရသည်။

သူမ အင်အားကို ရှိသမျှ တွန်းထိုးရုန်းကန် နေပေမယ့်ရေ။



www.burmeseclassic.com

www.burmeseclassic.com



လှျာနီကြီးက တံတားကြီး၏ ကွန်ကရစ်တိုင်လုံးကြီးများ၏ အောက်ခြေ တွင်းအနက်ကြီးထဲသို့ လပြည့်ဝန်းကို ဆွဲ၍ သွားသည်။

တွင်းနက်ကြီးထဲတွင် ပိုဒီလှပ်ရှား သွားလာနေကြသော မဲမဲသဏ္ဍာန်များကို တွေ့လိုက်ရသည်။

ညှီစို့စို့ ပုပ်အက်အက် အနံ့ဆိုးကြီးများက လှိုက်ခနဲ ထွက်လာသည်။

'ဝေါ့…'

သူမ ရှုန်းကန်ရင်း အန်ချလိုက်သည်။

အသားစများ ပွဲရှုထွက်နေသည့် ခန္ဓာကိုယ် အပုပ်ကောင်များက သူမကို ပြုံးပြ ရယ်ပြနေကြသည်။

ကြောက်စရာ ကောင်းလိုက်တာ…

မသတီစရာ နှလုံးသည်းခြေပျက်စရာ အဆင်းသဏ္ဍာန်များကို လပြည့်ဝန်း မကြည့်ရဲတော့…

တစ်ကိုယ်လုံး နတ်ပူးသလို ကြောက်ရွံ့တုန်လှုပ်နေသည်။





ဒါ ဘယ်ကမ္ဘာလဲ၊ ဒါ ဘယ်အဝ ဘယ်နေရာလဲ သူမ ဒီနေရာမှာ ဘဝဆုံးရတော့မှာလား။ တွေးရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။

'လဝန်းရေ… လဝန်းရေ…'

ဒီအသံ သူမသိပါသည်။

ဒါ အနှမ်းပန်း အသံပဲ…

'လဝန်းရေ… ငါဒီမှာဟော့… လဝန်းရေ'

တဖြည်းဖြည်းနှင့် အသံက သူမနှင့်နီးကပ်လာသည်။

အနှမ်းပန်း သူတို့ထဲမှနေ၍ လပြည့်ဝန်းကို လှမ်း၍ခေါ်နေသည်။

'လဝန်း… လဝန်းရေ… ငါ့နဲ့ နေခဲ့ပါ သူငယ်ချင်းရယ်၊ ငါနဲ့… နေခဲ့ပါနော်'

အနှမ်းပန်း ဝမ်းပန်းတနည်း လပြည့်ဝန်းကို လှမ်း၍ခေါ်နေသည်။

'အို… မနေဘူး၊ အနှမ်းလည်း… မနေရဘူး၊ တို့နှစ်ယောက် အတူတူပြန်ကြမယ်လေ၊ လာပါ… အနှမ်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ… ငါ… ပြန်လို့ မရတော့ဘူး လဝန်းရယ်၊ ငါ… ငါ… ဒီမှာပဲ နေရတော့မယ်၊ ဟင့် ဟင့်… ဟီး'

'အို… ဘာလို့ မရ ရမှာလည်း လာ… လဝန်းနဲ့ အတူပြန်ကြမယ်'

'မရဘူး… လဝန်း၊ လူ့ဘဝမှာ နေရမယ့် ငါ့ကံတရား ကုန်သွားပြီ သူငယ်ချင်းရယ်၊ ငါ သူတို့နဲ့ နေရတော့မယ်'

လပြည့်ဝန်း အနမ်းယန်းကို ဆွဲကိုင်လှုပ်လိုက်သည်။

'အို… အနမ်း ငယ်ငယ်လေးရှိသေးတာ၊ အနမ်း ဒီမှာ မနေရဘူး၊ ဒီလို ကျက်သရေ မရှိတဲ့ နေရာမျိုးမှာ မနေပါနဲ့နော်၊ လဝန်းနဲ့ ပြန်လိုက်ခဲ့ပါ သူငယ်ချင်းရယ်၊ မင်းအမေတွေ၊ မင်း ညီမ၊ မင်းမောင်လေးတွေကို သံယောဇဉ် ဖြတ်လိုက်မလို့လား ဟင်'

'အို… မဟုတ်ပါဘူး၊ အမေရယ်၊ ညီမရယ်၊ မောင် လေးရယ်က ငါ့ဘဝ၊ ငါ့ဘဝပါ၊ ဒါပေမယ့်… ငါ သူတို့နဲ့ နေလို့ မရတော့ဘူးလေ၊ နေလို့ မရတော့ဘူး… သူငယ်ချင်းရယ် အဟင့်… အဟင့်… အဟင့်…'





'အို… ဘာလို့ နေလို့မရ ရမှာလဲ၊ လာ… သူငယ်ချင်း၊ ငါတို့… ပြေးကြမယ်'

'မရဘူး… မရတော့ဘူး… သူငယ်ချင်းရယ်၊ မင်းသာ ရအောင် ထွက်ပြေးနော်၊ မင်းထွက်သွားရင် ငါ့အမေနဲ့၊ မောင် လေး၊ ညီမလေးတွေကို စောင့်ရှောက်ကူညီပေးပါနော်'

'သူငယ်ချင်းရယ်…'

လပြည့်ဝန်း အနမ်းယန်းကို ကြည့်လိုက်သည်။

အနမ်းယန်း မျက်ဝန်းအိမ်မှ မျက်ရည်များက တသွင်သွင် စီးကျလာ၏။ သူမလည်း သူငယ်ချင်းဖြစ်သူ အနမ်းယန်းနှင့် ထပ်တူညီမျှ ခံစားခဲ့ရသည်။

'ဟို… ဟိုမှာ… ဟိုမှာ… လာနေကြပြီ သူငယ်ချင်းရေ၊ ဒီဖက်နေ ပြေး… ပြေးတော့ သူငယ်ချင်း'

လပြည့်ဝန်း အနမ်းယန်းပြရာဘက်သို့ တစ်ဟုန်ထိုး ပြေး ထွက်လာခဲ့သည်။

'ဟေ့… မပြေးနဲ့၊ မပြေးနဲ့…'

'လိုက်ဟေ့… လိုက်ဟေ့… လိုက်…'



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ်ရာ အသံနက်ကြီးများဖြင့် အော်ဟစ် လိုက်လာကြသော တမ္ဘေ၊ သရဲ၊ နာနာဘာဝများ လက်မှလွတ် အောင် သူမ အားသွန်ခွန်စိုက် ပြေးနေမိသည်။

အလင်းတန်းကလေးတစ်ခုကို သူမမြင်လိုက်သည်။ ထိုအလင်းတန်းကလေး သူမနှင့် တစ်စတစ်စ နီးကပ်လာသည်။

ထိုအလင်းတန်းကလေးနှင့် နီးသထက်နီးအောင် သူမ အားသွန်ခွန်စိုက်ပြေးရင်း လှမ်း၍ အကူအညီတောင်းလိုက်လေ သည်။

'ကယ်ပါဦးရှင်… ကယ်ကြပါဦး…'

သူမ အော်ဟစ် အကူအညီ တောင်းနေစဉ်မှာပင် ထို အလင်းတန်းက သူမကို ရစ်ပတ်ချည်နှောင်လိုက်တော့သည်။

* * *



## အခန်း (၄)

လပြည့်ဝန်းအနားတွင် အဖေ၊ အမေနှင့် သူဌေးဦးဝေါ ဟွန်း၊ လပြည့်ဝန်းအဖေ ဦးပြည့်မင်း ပင့်ဆောင်လာသည့် ဆရာ တော်ဦးခေမိန္ဒ တို့ ရှိနေကြသည်။

ဆရာတော်က ပရိတ်ရေမန်းများကို လပြည့်ဝန်း ခန္ဓာ ကိုယ်အနှံ့ ပက်ဖျန်းပေးနေ၏။

ပရိတ်ရေတချို့ကို ဦးပြည့်မင်းက သမီး၏ပါးစပ်အတွင်း သို့ ငုံမ်းစနှင့်ညှစ်ထည့်ပေးနေသည်။

ဆရာတော်က ပရိတ်ကြိုးကို လပြည့်ဝန်းခေါင်းမှ စွပ် ချပေးလိုက်သည်။

'ကယ်… ကယ်… ကယ်ကြပါဦးရှင်'



www.burmeseclassic.com

www.burmeseclassic.com



'အင်… အင်… အင်…'

'ဟော… ဟော… သမီးလေး သတိရလာပြီ'

'သမီး… သမီး… လဝန်း… သမီး'

လပြည့်ဝန်းက မိခင်ဖြစ်သူက ကမ္ဘာကယာ သမီးအား တွင် ထိုင်ကာ သမီးဖြစ်သူ လပြည့်ဝန်းကို လှုပ်ယမ်းခေါ်ယူ သည်။

မိခင်ဖြစ်သူ၏ ခေါ်သံကို အဝေးကြီးမှ သူမကြားသ ရှိလာသည်။

'အမေ… အမေ…'

'သမီး… သမီး… သမီးလေးလဝန်း'

'ရေ… ရေ… ရေ… ပေးပါ'

လပြည့်ဝန်း သတိပြန်ရလာသဖြင့် တစ်ဖက်ခုတင် ဓိဝေါထဲတွင် သတင်းမေးနေကြသောသူငယ်ချင်းများ လပြည့်ဝ ခုတင်ရှိရာသို့ ကူးလာကြသည်။

လပြည့်ဝန်း၏ ဖခင်က ပရိတ်ရေကို ဖွန်သေးလေးဖြ သမီးပါးစပ်ထဲသို့ တိုက်လိုက်သည်။





ရေကို အငမ်းမရ သောက်ရင်း လပြည့်ဝန်းမျက်လုံးကို အားယူ ဖွင့်ကြည့်သည်။

သူမ မျက်ဝန်းမြင်ကွင်းတွင် ခပ်ဝါးဝါးလူများ သူမကို ဝိုင်းအုံကာ ကြည့်ရှုနေကြသည်ကို မြင်လိုက်ရသဖြင့်…

'ကြောက်တယ်… ကြောက်တယ်…'

'သမီးလေး… လဝန်း… သမီးလေး… သတိထား လေ၊ ဖေဖေတို့… ဟိုမှာ မေမေ ဟိုမှာ သမီးအလုပ်ရှင် သူဌေး လေ၊ သတိထား'

'အင်း…'

သူမ မျက်စေ့ကိုပိတ်၍ မှိတ်လိုက်သည်။ နားထဲတွင် ဖေဖေပြောသံများကို ပြန်၍ ကြားနေရ၏။

အဝေးတစ်နေရာမှ လွင့်ပျံလာသော အသံလိုလိုနှင့် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ဒါ သူမဖေဖေ၏ အသံ ပင် ဖြစ်သည်။

သူမ သတိကို စုစည်းလိုက်၏။

မျက်လုံးကို တစ်ဖန်ဖွင့်ကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူမအမြင်အာရုံများက ပီပီပြင်ပြင်ကို မြင်လိုက်ရပြီး…

ဖေဖေ၊ မေမေနှင့် သူမ၏ဆိုင်ပိုင်ရှင် သူဌေး၊ နောက် ဘုန်းကြီးတစ်ပါးကပါ သူမခေါင်းရင်းဘက်မှရပ်လျက် သူမကို ငုံ့ကြည့်နေသည်။

သူမခြေရင်းဘက်တွင် သူငယ်ချင်းများ တသက်တာ၊ နွေးနွေး၊ တမ်းတန့်နှင့် မြူခိုး၊ ပြီးတော့ ထာဝရနှင့် သံသာ…

အနမ်းပန်း၊ အနမ်းပန်းကို မတွေ့ပါလား…

'သမီး… သမီး… အမေခေါ်နေတာ ကြားလားဟင်'

လပြည့်ဝန်း ခေါင်းညိတ်ပြလိုက်သည်။

'အမလေး… တော်ပါသေးရဲ့ သမီးရယ်၊ အမေရင်တွေ ပူလိုက်တာ'

သူငယ်ချင်းများ ရှေ့တိုးလာကြသည်။ လပြည့်ဝန်းကို ဝိုင်း၍ မေးကြ၏။

'လဝန်း… နေကောင်းတယ်နော်'

'သူငယ်ချင်း နေကောင်းတယ် မဟုတ်လား'





သူတို့ အမေးကို လပြည့်ဝန်း ခပ်ယဲ့ယဲ့ပြုံးပြလိုက်သည်။ တစ်ကိုယ်လုံးကို တိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေခြင်းမှ လွဲ၍ ဘာမှမဖြစ်။ မီဇဝါနှင့် အနမ်းပန်းကိုသာ သူမသိချင်နေမိသည်။

မကြာမီ သူ့ကို ဝိုင်းအုံကြည့်ရှုနေသော သူများနောက်မှ မီဇဝါကို တွေ့လိုက်ရသည်။

မီဇဝါ အနည်းငယ် ရှေ့တိုးလာကာ လပြည့်ဝန်းလက်ဖဝါးကလေးကို ဆုပ်ကိုင်လျက်…

'လဝန်း… နေကောင်းသွားပြီ မဟုတ်လား'

လပြည့်ဝန်း ခေါင်းညိတ်ပြလိုက်ရပြန်သည်။

မီဇဝါကို တွေ့လိုက်ရ၍ စိတ်ထဲတစ်မျိုးပေါ့သွားပြန်သည်။

ဒါဆို သူမတို့ သုံးယောက်လုံးမှာ အနမ်းပန်းပဲ ကျန်တော့တာပေါ့။ အနမ်းပန်း ဟုတ်ပါသည်။ အနမ်းပန်းကို သူမ မမျှော်နေစဉ် ကာလတွင် ကြောက်မက်ဖွယ်ရာကောင်းသော အမှောင်တစ်ခုတွင် သူမတွေ့ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်တယ်ပင် အနမ်းပန်း ထိုလောကတို့ ကမ္ဘာတွင် ကျန်ရစ်ခဲ့ပြီလား…

ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ သချွေ၊ သရဲ၊ နာနာဘာဝ ကောင်များကို တွေးမိပြီး လပြည့်ဝန်းပြန်၍ ကြက်သီးမွေးညှင်းများပင် ထလာ၏။

'အနမ်းပန်း… အနမ်းပန်းရောဟင်…'

'အို…'

'ဟင်…'

ဇီဇဝါနှင့် ကျန်ရှိလူများ လပြည့်ဝန်းကို ဘာပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားသည်။

အနမ်းပန်းတစ်ယောက် ကားမှောက်သော နေရာမှာပင် မွဲချင်းပြီး သေဆုံးသွားခဲ့သည်ကို ခုချိန်တွင် လပြည့်ဝန်းကိုပြောဆိုရန် သူတို့ ဝန်လေးနေကြ၏။

'အနမ်းပန်း… ရှိပါတယ်၊ သမီးလေးရယ်'

သမီးသူငယ်ချင်း ရှိပါတယ်၊ သူက ဒဏ်ရာနည်းနည်း ပြင်းလို့ အတွင်းလူနာအဖြစ် ကုသမှုခံယူနေရတယ်ကွယ်'





လပြည့်ဝန်းမိခင်က အခြေအနေကို နားလည်စွာ လပြည့်ဝန်းအား ပြောလိုက်သည်။

'ဟုတ်တယ်… ဟုတ်တယ်လဝန်း၊အနမ်းကို အတွင်းလူနာအဖြစ် ကုနေတယ်၊ မကြာခင် သူပြန်ကောင်းသွားမှာပါ'

ဇီဇဝါနှင့် သူငယ်ချင်းများက ဝိုင်း၍ ညာကြသော်လည်း လပြည့်ဝန်း မယုံပါ…

သူမကိုယ်တိုင် အနမ်းပန်းကို ထားခဲ့ရသည် မဟုတ်လား…

'မဟုတ်ဘူး… အနမ်းမရှိတော့ဘူး မဟုတ်လား၊ လဝန်းကို မညာပါနဲ့နော်၊ လဝန်းကိုယ်တိုင် အနမ်းကို တွေ့ခဲ့ရတာပါ'

လပြည့်ဝန်းမိခင်ဖြစ်သူ အံ့သြသွားသည်။ သေဆုံးသွားသော သမီးသူငယ်ချင်းကို သမီးဖြစ်သူက တွေ့ခဲ့ရသည်ဆိုသဖြင့် ယုံကြည်နိုင်လောက်အောင်ပင် မြင်ခဲ့ရတော့သည်။

'မဟုတ်တာပဲ… သမီးရယ်၊ အနမ်းကို သမီး ဘယ်မှာ တွေ့ခဲ့ရလို့လဲ'

'တံတားအောက်က ချောက်ထဲမှာ၊ လဝန်း… အနမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါသေးတယ်၊ သူက လိုက်လို့မရတော့ဘူးတဲ့'

လပြည့်ဝန်းစကားကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ ကြည့်လိုက်မိကြသည်။

သူတို့ လပြည့်ဝန်းကို ဘယ်လိုပြန်ပြောရမလဲ မသိတော့…

'ကဲပါ… ဒကာမကြီးရယ်၊ ကလေးနားပါစေ၊ ခုမှ… သတိရတာပဲ၊ ဘုန်းကြီးလည်း ပြန်ကြွရဦးမယ်'

လပြည့်ဝန်း ခေါင်းရင်းဘက်တွင် မတ်တပ်ရပ်လျက် အခြေအနေကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့သော ဆရာတော် ဦးခေမိန္ဒက ဝင်၍ ပြောလိုက်သဖြင့်…

'ဟုတ်ပါရဲ့… သမီးလေး၊ ခဏနားလိုက်ဦးနော်၊ ပြန်မှေးနေလိုက်၊ မေမေတို့ ဆရာတော်ကို ပြန်ပို့လိုက်ဦးမယ်'

လပြည့်ဝန်း သတိရလာသဖြင့် ဆရာဝန်နှင့်နပ်(စ်)မများ အနားသို့ ရောက်လာကြသည်။

'လူနာက… ခုမှ သတိရတာဆိုတော့ ခဏလောက် အနားပေးလိုက်ပါဦးနော်၊ နောက်မှပဲ ထပ်ပြီးတွေ့ကြပါ'





အနားရောက်လာသော နပ်(စ်) စကားကြောင့် သူ့ကိုပို၍ အကြောင်းပြချက် ခိုင်လုံသွားသည်မို့ လပြည့်ဝန်းအနီးမှ အသီးသီး ထွက်ခွာလာခဲ့ကြသည်။

'အရှင်ဘုရား… ရိုးမှ ရိုးရဲ့လား'

'ဒကာမကြီးက… ဘယ်လို ထင်လို့တုန်း'

'အပတွေ… ဘာတွေများ မှီလာသလားလို့ပါဘုရား'

'မကြောင့်ကြပါနဲ့… ဒကာမကြီး၊ ကလေး ဘာမှမဖြစ်တော့ပါဘူး၊ သူ ခုနက သူ့ သူငယ်ချင်းကို တွေ့ခဲ့တယ်ဆိုတာ အလည်း ဟုတ်မှာပါ'

သူ မေ့မြောနေစဉ်ကာလမှာ သူ့ သူငယ်ချင်းနဲ့ သူတွေ့ခဲ့လို့ပေါ့။ ဝိညာဉ်က စိတ်စွဲရာကို သွားတာလေ။ ဒါက ဖြစ်တတ်ပါတယ်။ တချို့ဆို ငရဲတို့၊ နိဗ္ဗာန်တို့က တောင် ပြန်လာကြတာ၊ အေးအေးဆေးဆေးကျမှ သူ့ကို မေးကြည့်ပေါ့၊ ဒါဆို ဆုံးပါးသွားတဲ့ ကလေးမလေးအတွက် ကုသိုလ်ကောင်းမှုလုပ်ဖို့ ပိုပြီးတောင် အီရောက်ပါသေးတယ်'

ဆရာတော်ဦးခေမိန္ဒက လပြည့်ဝန်းမိခင်၏ ပုပ္ပန်မှုကို



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အေးဆေးစွာပင် ရှင်းပြသည်။ တစ်ချိန်လုံး စကား တစ်ခွန်းမှ မပြောဘဲ လိုက်ပါလာခဲ့သော သူဌေးဦးပေါ်ထွန်းမှာ ယခုမှပင် စိတ်ချလက်ချ သက်ပြင်းရှည်ကြီးကိုချကာ...

'ကဲ... အစ်မကြီးတို့လဲ ဘာမှ မပူပါနဲ့တော့၊ လပြည့် ဝန်းအတွက်လည်း စိတ်ချရပြီပဲ၊ ကျွန်တော် အားလုံးကို တာဝန် ယူလိုက်ပေးသွားမယ်၊ စိတ်အေးအေးထားပါ၊ ကျွန်တော်လည်း ဆိုင်မှာကိစ္စလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ပါရှင်... သမီးလေးအတွက် စိတ်ပူနေရတာနဲ့ ဒီက ဆရာနဲ့တောင် ကောင်းကောင်းစကားမပြောရဘူး၊ ကျေးဇူး တင်ပါတယ်ရှင်'

လပြည့်ဝန်း ဖခင်ဖြစ်သူမှာလည်း ဦးပေါ်ထွန်းကို လက် ဆွဲနှုတ်ဆက်ရင်း...

'ကျွန်တော်တို့လည်း သမီးအတွက် ပူနေကြတာနဲ့ ခွင့် လွှတ်ပါဗျာ၊ စကား အေးအေးဆေးဆေး မပြောရသေးဘူး၊ ကျွန် တော်လို့လဲ ဆိုင်ကိုလာခဲ့ပါဦးမယ်'

'ရပါတယ်ဗျာ... ကျွန်တော်ဆိုင်မှာလုပ်ရင်း ဖြစ်တာ





ကျွန်တော် အားလုံးတာဝန်ယူပါတယ်၊ ဘာမှမပူကြပါနဲ့၊ လုပ်စရာ တွေကလည်း သိတဲ့အတိုင်း အများကြီးမို့ပါ၊ ဘာနဲ့ပြန်ကြမှာ လဲ'

'ကျွန်တော်တို့ ကားငှားပြီးပြန်ပါ့မယ်၊ ဆရာတော်ကို လည်း ပြန်ပို့ရဦးမှာမို့ပါ'

'သြော်... ဟုတ်ကဲ့၊ ဟုတ်ကဲ့... အရှင်ဘုရား တပည့် တော်ဆိုင်ကိုလည်း ပင့်ဖိတ်ပါတယ် ဘုရား၊ ကြွခဲ့ပါဦး ဘုရား'

'အိမ်း... ဒကာကြီးတလည်း ဆိုင်ရှင်ဆိုတော့ တစ်စုံ တစ်ရာ ပြဿနာဖြစ်ပြီဆိုရင် တာဝန်က အကြီးသားလား'

'မှန်ပါ့ဘုရား... ဆုံးပါးသွားတဲ့ တောင်မလေး မိဘတွေ လဲ ဒီနေ့ရောက်မှာပါ ဘုရား၊ တပည့်တော် အလုပ်တွေရှိသေး လို့ ခွင့်ပြုပါဦး၊ ရက်လည်ဆွမ်းသွတ်အတွက် အရှင်ဘုရားတို့ ကျောင်းကိုပဲ တပည့်တော်ပင့်ဖိတ်ပါရစေ ဘုရား'

'ဟုတ်ပါပြီ... ဒကာကြီး၊ သွား... သွား... အစီအစဉ် တည်ပြုပြီးရင် ဘုန်းကြီးကို အကြောင်းကြားပေါ့'

'တင်ပါ့ဘုရား...'



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်း ကား ထွက်သည့်အထိ လပြည့်ဝန်းမိဘများက ရပ်ကြည့်နေကြသည်။ လပြည့်ဝန်း သူငယ်ချင်းကောင်မလေးများကလည်း သူ့ဒွေးကားနှင့် လိုက်သွားကြသည်။

'အင်း… ဒီဒကာလည်း သူက ဆိုင်ရှင်ဆိုတော့ တာဝန်ကမသေးဘူးလေ၊ ခုဟာက ထိခိုက်ပွန်းပဲ့ရုံ မဟုတ်ဘူး၊ အသေအပျောက်ပါရှိတော့ တာဝန်က အကြီးသား'

'မှန်ပါ့… သဘောထားလဲ ပြည့်ဝပါတယ် ဘုရား'

'တပည့်တော်မလဲ ဒါကြောင့် သမီးလေးကို အဲဒီဆိုင်မှာ လုပ်ခွင့်ပြုတာပေါ့'

လပြည့်ဝန်း ဖခင်မှားလာသော အငှားကားလည်း ရောက်လာသဖြင့် စကားပြတ်ကာ ကားပေါ်တက်၍ ဆေးရုံဝင်းအတွင်းမှ ထွက်လာကြလေတော့သည်။

* * *



## အခန်း (၅)

ပန်းသခင်ဘီယာစတောရှင်နေ ညစောင့်ကြီး ဦးတင်သည် မှောင်ရီပျိုးလာပြီ ဖြစ်လာသဖြင့် ဆိုင်ပတ်ဝန်းကျင်ရှိ သုံးခြုံရေးမီးများကို လိုက်ဖွင့်နေသည်။

ပြီးမှ လက်နှိပ်ဓာတ်မီးယူကာ ဆိုင်အပြင် ခြံဝန်းအတွင်း လိုက်လံစစ်ဆေးသည်။ ခြံတံခါးကိုတော့ အနည်းငယ်ဟထားလိုက်သည်။ ဆိုင်တံခါးကိုလည်း ဖွင့်ထားရန် ဆိုင်ထဲတွင်အိပ်သော အသေးလေးတို့အုပ်စုကို မှာထားရသည်။

ဒီဆိုင်သည် သေဆုံးသူ အနမ်းပန်း၏နေအိမ် မဟုတ်ပါ။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



အနမ်းပန်း အမြဲတမ်းနေထိုင်သည်မှာ နယ်မြို့လေးတွင် ဖြစ်သော်လည်း ယခု သေဆုံးချိန်အထိ အနမ်းပန်း အချိန်ကြာ မြင့်စွာ နေထိုင်လှုပ်ရှားခဲ့ရာနေရာမှာ ဒီဆိုင်မှာပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့ဒေသအယူအဆအရ သေဆုံးသူနေထိုင်ရာ နေရာ အား ရက်လည်ဆွမ်းသွပ် ပြီးသည်အထိ နေ့နေ့ညည တံခါးများ ဖွင့်ထားရမည် ဖြစ်သည်။

ထိုကိစ္စကို ဆိုင်ရှင်ကိုယ်တိုင်က ခွင့်ပြုပြီး ထိုသို့ဆောင် ရွက်ရန် ညွှန်ကြားခဲ့သည်။

ထို့ကြောင့် ပစ္စည်းပျောက်ရှမှုများ မဖြစ်ရလေအောင် ဦးတင်မှာ အထူး ဂရုစိုက်ရတော့မည် ဖြစ်သည်။

ဆိုင်ပတ်ဝန်းကျင်ကို လှည့်ပတ်စစ်ဆေးပြီးမှ ဆိုင်အတွင်း တွင် စောင့်အိပ်သည့် ကောင်လေးတွေအား နိုးနိုးကြားကြားအိပ် ကြရန်အတွက် မှာကြားရန် ဆိုင်အတွင်းသို့ ဝင်သွားခဲ့သည်။

ဆိုင်အတွင်းတွင် ဦးတင်၊ အောင်စိန်မင်း၊ မောင်မျိုးနှင့် အသေးလေးတို့ စုထိုင်ကာ တွေရာလေးပါး ပြောဆိုနေကြသည်။

ထိုစဉ် လေပြင်းတစ်ချက် သုတ်ခနဲတိုက်ပြီး ဆိုင်အပြင် ဘက်မှ တစ်စုံတစ်ခုပြိုလဲကျသံ ထွက်ပေါ်လာသည်။





တစ်ပြိုင်တည်း အပုပ်နံ့က စူးစူးရှရှ ထွက်ပေါ်လာ သည်။ အသေးလေးက နှာခေါင်း တရှုံ့ရှုံ့လုပ်ရင်း...

'အပုပ်နံ့... အပုပ်နံ့ နံလိုက်တာ အဘတင်'

'ကျွန်တော်လည်း နံတယ် အဘတင်၊ အပုပ်နံ့က စူးစူး ဝါးဝါးပါလား၊ မအနမ်းပန်းများ ကျွန်တော်တို့ကို လာခြောက်...'

'မဟုတ်တာကွာ၊ မင်းတို့ကလည်း ငါ တံခါးတွေဖွင့် ထားတယ်လေ၊ စောစောက လေပြင်းပြင်းတိုက်လိုက်တာ မင်း တို့ သတိမထားမိဘူးလား၊ အဲဒီလေနဲ့အတူ အပေးက အပုပ်နံ့ ပါလာတာနေမှာပေါ့'

'ဟုတ်ပါ့မလား အဘတင်ရယ်... ကျွန်တော်တော့ ကြောက်တယ်'

အသေးလေး စကားကို ဦးတင်က ဖြတ်ပြောသည်။

'ကဲ... ကဲ... မဟုတ်တာ တွေးမနေကြနဲ့၊ စောစော က အပြင်မှာ ဘာတွေပြုတ်ကျလဲ မသိဘူး၊ ဆိုင်အပြင်သွားကြည့် ရအောင်'

ပြောပြောဆိုဆို ဦးတင် ဆိုင်အပြင်ထွက်တော့ အားလုံး ရှ၍ လိုက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့တွင် ဦးတင်ကိုယ်တိုင် သေသေချာချာထော
ထားခဲ့သော ပို့က်ဘုတ်နှစ်ခုစလုံး လဲကျနေသည်ကို တွေ့ရသည်

ဆိုင်အပြင်တွင်လည်း အပုပ်နံ့ကတော့နံနေဆဲ။

သို့သော် ဦးတင်က ဘာမျှမဖြစ်လေဟန်…

'ပို့က်ဘုတ်နှစ်ခု လဲကျသွားတာပါကွာ၊ လေတိုက်လို့
ဖြစ်မှာပေါ့၊ ကိစ္စမရှိပါဘူး'

ပြောပြောဆိုဆို မှောက်လျက်လဲကျနေသည့် ပို့က်ဘုတ်
များကို ဦးတင်က ပြန်ထောင်လိုက်သည်။

ဦးတင် ပြန်ထောင်လိုက်သည့် ပို့က်ဘုတ်များကို အသေး
လေး လိုက်ဖတ်ကြည့်လိုက်သည်။ တစ်ခုတွင်…

*ဆိုင် ခေတ္တပိတ်သည်။*

*တာဝန်ခံ*

ဟု ရေးထားပြီး ကျန်ပို့က်ဘုတ်တစ်ခုတွင်မူ…

*မအနမ်းပန်း*

*အသက် (၂၅)နှစ်*

*……… နေ့တွင် ကွယ်လွန်သည်။*

ဟု ရေးထားသည်။





ပို့က်ဘုတ်ကို ဖတ်ပြီး အသေးလေး ရင်ထဲမှာ စိတ်
မကောင်းသလိုလို၊ ငိုချင်သလိုလို ဖြစ်လာသည်။

အသေးလေးက နာမည်နှင့်လိုက်အောင် သေးသေးညှက်
ညှက်လေးနှင့် အသားဖြူဖြူ ကရင်လေးဖြစ်သည်။ အနမ်းပန်း၏
မောင်လေးနှင့် ရွယ်တူဖြစ်တာ သူ့မမောင်လေးနှင့် ဆင်တူလွန်း
လို့ဆိုကာ အနမ်းပန်းက အသေးလေးကို ချစ်သည်။ သူ့မ
မောင်လေးကို သတိရတိုင်း အနမ်းပန်းက အသေးလေးကို မုန့်ဖိုး
ပေးလေ့ရှိသည်။ အသေးလေးကလည်း အနမ်းပန်းကို ကိုယ့်
အစ်မကြီးတစ်ယောက်လို ခင်တွယ်ပါသည်။

အခုတော့ သူ့မ အနမ်းပန်း မရှိတော့။

ဆိုင်မှာမွှေးထားသည့် ခွေး အာနီးက စောစောကတည်း
က ဆိုင်ပေါက်ဝကိုကြည့်၍ ဟောင်နေသည်မှာ လုံးဝမရပ်တော့။

'ဟောကောင် အာနီး၊ တိတ်တိတ်နေစမ်း၊ နားကို ငြီးနေ
တာပဲ၊ စိတ်ရှုပ်ရတဲ့အထဲ မင်းကတစ်မျိုး'

ဦးတင် လှမ်းဟောက်လိုက်၍ အာနီး တစ်ချက်ငြိမ်သွား
သည်။

'ကဲ… ကဲ… ဘာမှမဟုတ်ပါဘူး၊ မင်းတို့သည် အထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတော့၊ အိပ်ချင်လည်း အိပ်ကြ၊ ငါ အပြင်က ပက်လက်ကုလားထိုင်မှာ ထိုင်စောင့်နေမယ်၊ ငါ တစ်ညလုံး မအိပ်ပါဘူး မင်းတို့ စိတ်ချလက်ချ အိပ်ကြ'

ဦးတင်က ပြောပြောဆိုဆို ပက်လက်ကုလားထိုင်ကို ဆိုင်တံခါးပေါက်အနီးသို့ ရွှေ့၍ထိုင်လိုက်သည်။ ကျန်လူအားလုံးလည်း ဆိုင်ထဲဝင်၍ အိပ်ရာပြင်ကြသည်။

* * *

ခြင်ထောင်ထဲဝင်ခဲ့သော်လည်း အသေးလေး အိပ်မပျော်ပါ။ စောစောကကြုံခဲ့သည့် အဖြစ်ကြောင့်လား၊ စောသေး၍လား မသိ။ မျက်လုံးကြောင်နေသည်။ တစ်ပြိုင်တည်း မအနမ်းပန်း အကြောင်းကို စဉ်းစားနေမိသည်။

သွယ်လျလျခန္ဓာကိုယ်နှင့် နဖတ်ရှန်းစိုသည့် မျက်နှာ အလှကို ပိုင်ဆိုင်ထားသည့်အပြင် သီချင်းအဆိုကောင်းသည့် အနမ်းပန်းမှာ ပန်းသခင်ဘီယာစတေရှင်၏ စတားဖြစ်ရသည်မှာ မဆန်းပါ။

ထို့ကြောင့်ပင် ညစဉ် သီချင်းအများဆုံး တောင်းဆိုခံ





ရသူ၊ ပန်းကုံး၊ သရဖူအများဆုံး လက်ခံရရှိသူ ဖြစ်နေသည်မှာ လည်း မဆန်းပါ။

ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားတွင် သွေးတိုးစမ်းချော့မြူလိုသူတွေလည်း ပါလာတော့သည်။ သို့သော် အနမ်းပန်းက နပ်သည်။ အပြုံးချိုချိုဖြင့် လူတကာကို သင့်တင့်အောင် ပေါင်းသည်။ ကြည်သာရွှင်ပျမျက်နှာ၊ နှုတ်ခွန်းချိုသာစွာဖြင့် အန္တရာယ်အပေါင်းကို လိမ္မာပါးနပ်စွာ ရှောင်တိမ်းခဲ့သည်။ မိမိကိုယ်ကို မစွန်းထင်းစေရန်အပြင် ငြိငြင်မှုမဖြစ်စေရန်ကိုပါ အထူးသတိထားဆက်ဆံသည်။

လုပ်ဖော်ကိုင်ဖက်များနှင့်လည်း သင့်တင့်ပြေပြစ်အောင် ပေါင်းသင်းတတ်သဖြင့် အားလုံးချစ်ခင်နှစ်သက်စွာ ဆက်ဆံမှုတို့ ခံစားရရှိသည်။

ဝင်ငွေကောင်းသည့် အနမ်းပန်းတစ်ယောက် အနေအထိုင် ဟော့ရမ်းကား သုံးဖြုန်းပျော်ပါးခြင်း အလျင်းမရှိခဲ့ပါ။ ရသမျှ စုဆောင်း၍ မိသားစုကို ထောက်ပံ့ခဲ့သည်သာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ စနေနေ့ဖြစ်သည်။

ဒီနေ့လိုမျိုးတွင် ပန်းသခင် ဘီယာစတေ့ရှင့်၌ အလုပ်စည်ကားတတ်သည်။ ထို့ကြောင့် အသေးလေးတစ်ယောက် စောစောရေမိုးချိုးကာ ဝိတ်တာယူနီဖောင်းကို သေသပ်စွာ ဝတ်ဆင်ထားခဲ့သည်။ ညနေစောင်းနေပြီဖြစ်သော်လည်း အချိန်စောနေသေးသဖြင့် ဆိုင်ရှေ့တွင် ခုံတစ်လုံးဖြင့် ထွက်ထိုင်နေမိသည်။

ထိုစဉ် ဆိုင်ရှေ့မှ အနမ်းပန်း လျှောက်ဝင်လာသည်ကို မြင်တွေ့ရသည်။

'မမနမ်း စောလှချည်လား၊ ဒီအချိန် ဖယ်ရီဆိုက်ချိန်လည်း မဟုတ်သေးပါဘူး၊ မမနမ်း ဒီနေ့ ဖယ်ရီနဲ့ မလိုက်ဘူးလား'

'အေး… မမနမ်းတို့ရွာကို လူကြုံရှိတယ်ဆိုတာနဲ့ အိမ်အတွက် ပစ္စည်းတချို့နဲ့ ငွေသွားပေးတာ လူကြုံရှိတဲ့အိမ်က ပြန်လာတော့ အဆောင်မပြန်တော့ဘဲ ဒီကိုတန်းလာခဲ့တာ'

ပြောပြောဆိုဆို အနမ်းပန်း ဆိုင်ထဲသို့ဝင်သွားသည်။

ဆိုင်ထဲသို့ဝင်သွားသည့် အနမ်းပန်း နောက်ကျောကိုကြည့်ရင်း အသေးလေး စိတ်ထဲမှာ ဇဝေဇဝါ။





မကြာမီမှာပင် ဆိုင်တွင်းသို့ ဧည့်သည်များ စတင်ဝင်ရောက်လာသည်။ တဖြည်းဖြည်းနှင့် ဆက်တိုက်ဝင်ရောက်လာသဖြင့် ညခုနစ်နာရီခန့်တွင် ဆိုင်တွင်းရှိ စားပွဲအားလုံးနီးပါးပြည့်နေပြီဖြစ်သည်။

အသေးလေးတို့ အုပ်စုမှာလည်း ပျားပန်းခတ်မျှ ပြေးလွှားဧည့်ခံရတော့သည်။ ဧည့်သည်များအလိုကျ မီးဖိုခန်းနှင့် ဧည့်ခန်းကို လူးလာခေါက်တုံ့ သယ်ပို့ရတော့သည်။ စတိတ်စင်နှင့် နီးနီးမှာ ထိုင်လိုသူနှင့် နားအေးပါးအေး အစားအစာ သီးသန့်စားသုံးလိုသူများကို ခွဲခြားနေရာချထားပေးရသည်။ ယမကာနှစ်သက်သူများ အတွက်လည်း အလျှင်မပြတ်စေရအောင် ဧည့်ခံနေရသည်။

ထိုအချိန်မှာပင် ဧည့်ခံအစီအစဉ်မှူး၏ ကြေညာသံ ထွက်ပေါ်လာသည်။

'ပန်းသခင် ဘီယာစတေ့ရှင်သို့ ယနေ့ ကြွရောက်အားပေး သုံးဆောင်ကြသော ဧည့်ပရိသတ်များအား မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမြွက်နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်၊ မကြာမီအချိန်မှာပဲ ပန်းသခင်ဘီယာစတေ့ရှင်ရဲ့ တေး



www.burmeseclassic.com

www.burmeseclassic.com



သံသာများနဲ့ သီဆိုဖျော်ဖြေ တင်ဆက်မှုအစီအစဉ်ကို စတင်တော့မှာ ဖြစ်ပါတယ်ရှင်'

အစီအစဉ်ကြေညာသူ၏ ခေတ္တအသံအရပ်တွင် ပင်တိုင်အောက်ငတ်တီးခတ်သူ၏ လက်စွမ်းပြတီးလုံးသံ ဝင်လာသည်။

လက်စွမ်းပြတီးလုံး အဆုံးသတ်ခါနီးတွင် သီချင်းသီဆိုသူများ တန်းစီလျက် စင်ပေါ်တွင် နေရာယူလာသည်။ အောက်တီးခတ်သူကလည်း ဆိုင်၏ နှုတ်ခွန်းဆက် သီချင်းအတွက် အင်ထရိုကို အလိုက်သင့်ပြောင်း၍ တီးခတ်ပေးလိုက်သည့်အချိန်တွင် ဆိုင်ရှိ သီချင်းဆိုသူအားလုံး သံပြိုင်သီဆိုကြတော့သည်။ တစ်ချိန်တည်းမှာ စားပွဲထိုးဝန်ထမ်းအားလုံးက ဝိုင်း၍ လက်ခုပ်တီးကာ ပရိသတ်၏စိတ်ကို နှိုးဆွပေးလိုက်သည်။

လက်ခုပ်တီးနေရင်း စတိတ်ခုံပေါ်သို့ အသေးလေး စူးစိုက်ကြည့်နေသည်။ ဤဆိုင်တွင် သီဆိုသူဝန်ထမ်းအားလုံး (၁၀) ယောက်ရှိသည်။ ယခု စုပေါင်းသီဆိုရာတွင် တစ်ယောက်လျော့နေပါလား။ သေသေချာချာကြည့်မှ အနမ်းပန်းမပါတာကို တွေ့ရသည်။ ညနေကပင် ဆိုင်ထဲသို့ မမနမ်း ဝင်သွားသည်ကို သူကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။ မမနမ်းတစ်ယောက် ဆိုင်ထဲမှာ





ဘာဖြစ်နေပါလိမ့်ဟု အသေးလေး တွေးနေမိသည်။

ထိုစဉ်မှာ နှုတ်ခွန်းဆက်သီချင်းသီဆိုမှု ပြီးသွားသဖြင့် အစီအစဉ်ကြေညာသူမှ သီဆိုသူတစ်ဦးချင်းကို ကြေညာသီဆိုစေလျက်ရှိသည်။

သီဆိုသူ ပထမတစ်ယောက် သီချင်း(၂)ပုဒ် ဆက်တိုက် သီဆိုအပြီးမှာ သီဆိုသူများ နားနေခန်းအပေါက်ဝမှာ အနမ်းပန်း၏ မျက်နှာပေါ်လာ၍ အသေးလေးကို လက်ယပ်ခေါ်သည်။ အသေးလေး ပြေးသွားလိုက်သည်။

'မမနမ်း နှုတ်ခွန်းဆက်သီချင်းမှာ မမနမ်း ဘာလို့ထွက်ဆိုတာလဲ'

'နောက်တော့ ဆိုမှာပေါ့ဟယ်၊ လောလောဆယ် ငါ့ကို အချဉ်ထုပ်လေး သွားဝယ်ပေးစမ်းပါ၊ မန်နေဂျာမသိအောင် လစ်ထွက်ပြီး မြန်မြန်သွား၊ မြန်မြန်ပြန်လာခဲ့နော်'

အနမ်းပန်း လောဆော်နေသဖြင့် အသာလစ်ထွက်ခဲ့ပြီး အလျင်အမြန် ပြေးဝယ်ပေးလိုက်ကာ အနမ်းပန်းလက်ထဲ ကိုယ်တိုင်ပေးလိုက်သည်။

ဤသို့ဖြင့် သီဆိုသူ တစ်ဦးပြီးတစ်ဦး ဆိုသွားကြသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ (၉)ဦးပြီးမြောက်ခဲ့ပြီ ဖြစ်သည်။

'ယခု သီဆိုရန် အလှည့်ကျသူကတော့ ပန်းသခင် ဘီယာစတေဂျရှင်ရဲ့ ပင်တိုင်သီဆိုသူ အနမ်းပန်း ဖြစ်ပါတယ်၊ အားပေးနားဆင်ကြပါရှင်'

အစီအစဉ်ကြေညာသူ၏ အဆုံးမှာ ခေတ္တမျှ တိတ်ဆိတ်နေသည်။ အချိန်အနည်းငယ်ကြာသည်အထိ အနမ်းပန်း ထွက်မလာသေးသဖြင့် အော်ဂင်တီးသူက အခြေအနေကို ထိန်းသည့်အနေဖြင့် တီးကွက်တချို့ မထိတထိ တီးခတ်ကာ အချိန်ဆွဲထားသည်။

အချိန်အတန်ကြာသည်အထိ အနမ်းပန်း ထွက်မလာပါ။

ထိုအချိန်တွင် ပရိသတ်က လှုပ်လှုပ်ရွရွဖြစ်လာပြီ ဖြစ်သည်။ မန်နေဂျာကိုယ်တိုင် ခေါင်းထောင်မျှော်ကြည့်လာပြီ ဖြစ်သည်။

အော်ဂင်တီးခတ်သူက တေးသွားတစ်ခုကို ကျယ်လောင်စွာတီးခတ်၍ အခြေအနေကိုထိန်းရန် ကြိုးစားသည်။

အစီအစဉ်ကြေညာသူက…

'တောင်းပန်ပါတယ်ရှင်' ဟူသည့် စကားတစ်ခွန်း ထွက်





လာသည်။ အခြေအနေမကောင်းတော့ပြီကို သဘောပေါက်သဖြင့် သီဆိုသူများ နားနေခန်းသို့ အသေးလေး အပြေးအလွှားဝင်ရောက်လိုက်သည်။

နားနေခန်းတွင်လည်း ယောက်ယက်ခတ်နေကြပြီ။ အနမ်းပန်းကို ရှာမတွေ့။

ထိုစဉ် နားနေခန်းနံရံ အပြင်ဘက်မှ ငိုရှိုက်သံတချို့ကို အသေးလေး ကြားလိုက်ရသည်။ နားနေခန်းဘေးပေါက်ကိုဖွင့်၍ ဆိုင်အပြင်သို့ ပြေးထွက်လိုက်သောအခါ…

'ဟင်… မမနမ်း၊ မမနမ်း ဘာလို့ ဒီမှာ လာထိုင်ငိုနေတာလဲ၊ မမနမ်း သီချင်းဆိုရမယ့်အလှည့် ရောက်နေပြီလေ၊ သွားလေဗျာ… စင်ပေါ်တက်လေ'

'အဟင့်… ဟင့်… ဟင့်… အသေးလေးရယ်၊ မမနမ်း ဘာလုပ်ရမလဲ၊ ဘာလုပ်ရမှန်း မသိတော့ဘူး'

'ဘာလုပ်ရမလဲ၊ အခု သီချင်းဆိုရမှာလေ'

'ငါ မေမေတို့ဆီ သွားရမယ်၊ မေမေ့ဆေးဖိုး၊ ညီမလေး မောင်လေးတွေရဲ့ ကျောင်းစရိတ်၊ အိမ်စရိတ်တွေ ငါ သွားပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



‘ကဲ… အဲ့ဒါတွေ နောက်မှသွားပေးပါ၊ လောလောဆယ် မမနှမ်း သီချင်းဆိုရမယ်၊ အပြင်မှာ ပရိသတ်တွေ ဆူကုန်ပြီ’

‘အဲဒါကြောင့် ငါ ဘာလုပ်ရမှန်းမသိတာပေါ့၊ ငါ သီချင်းဆိုလို့ မရတော့ဘူး၊ မဖြစ်တော့ဘူး၊ ငါ ဘာလုပ်ရမှန်း မသိတော့ဘူး၊ ငါ အိမ်ပြန်ချင်တာပဲ သိတယ်’

‘ဒါတွေ အသာထားဗျာ၊ အခုလောလောဆယ် သီချင်း ဆိုရအောင်၊ ထ…’

ပြောပြောဆိုဆို အသေးလေးက အနှမ်းပန်းကို လက်မောင်းမှကိုင်၍ ဆွဲထူသည်။ ထိုအချိန်တွင်မှ ခေါင်းငုံ့ငိုနေသည့် အနှမ်းပန်းမျက်နှာက ဆံပင်ဖားလျားကြားမှ ဖျတ်ခနဲပေါ်လာသည်။

တစ်ချိန်က ပိုးသားကဲ့သို့ နူးညံ့ပျော့ပျောင်းသည့် ဆံနွယ်များနေရာတွင် ဆံပင်ရှည်ရှည် နီနီကြမ်းကြမ်းကြီးများက နေရာယူနေသည်။

မျက်တွင်းဟောက်ပက် ပြူးကြောင်ကြောင်။

သွားစွယ်ရှည်ကြီးများကြားမှ တန်းလန်းကျနေသည့် လျှာနီနီရဲရဲကြီး၊ မျက်နှာပေါ်တွင် စီးကျနေသည့် သွေးစီးကြောင်းများ





နှင့် ဖုန်အလိမ်းလိမ်း၊ ဆံပင်များမှ တစက်စက်ကျနေသည့် သွေးတွေက ကိုယ်ခန္ဓာပေါ်အနှံ့ ထိုင်နေရာအောက်ခြေဝတ်စိုက်တွင်လည်း သွေးများအိုင်ထွန်းလျက်။

ရုတ်တရက် တွေ့မြင်လိုက်ရသော အနေအထားကြောင့် ကိုင်ထားသည့်လက်ကို အသေးလေး ဆတ်ခနဲ လွှတ်ချလိုက်သည်။

‘မမနှမ်းမှ မဟုတ်ဘဲ’

‘ဟုတ်ပါတယ် အသေးလေးရယ်၊ ငါ မင်း… ချစ်ခဲ့ခင်ခဲ့တဲ့ မမနှမ်း အစစ်ပါပဲ’

ထိုအချိန်တွင်မှ အသေးလေး ကြောက်လန့်တကြား ထအော်တော့သည်။

‘အား… မမနှမ်း၊ မမနှမ်း’

‘ဒုန်း…’

‘…’

‘ဟေ့ကောင်… အသေးလေး၊ အသေးလေး၊ ဘာတွေ အော်နေတာလဲ’

အောင်စိန်မင်းနှင့် မောင်မျိုးက အသေးလေးကို အတင်း

www.burmeseclassic.com



လှုပ်နိုးကြသည်။ ထိုအချိန်မှာ ဦးတင်လည်း ဆိုင်ထဲသို့ ဝင်လ
သည်။

'အသေးလေး ဘာဖြစ်တာလဲဟ'

'ကျွန်တော် အိပ်မက်မက်ပြီး အော်မိတာပါ၊ အိပ်မ
ထဲမှာ မမနမ်း မျက်နှာက… မျက်နှာက…'

'ကဲ… ကဲ… ထားပါကွာ၊ မင်း စိတ်စွဲလမ်းလို့ မ
တာဖြစ်မှာပါ၊ မောင်မျိုး ရေတစ်ခွက်သွားခပ်လိုက်၊ အသေးလေ
ကို တိုက်ရအောင်'

'ဒါနဲ့ အဘတင်၊ စောစောက ဒုန်းဆိုတဲ့အသံ ကြား
တယ်'

'မီးဖိုဆောင်ပေါ်ကို အုန်းသီးခြောက် ကြွေကျတာပါကွ
ကဲ… ကဲ… ပြန်အိပ်ကြ၊ ငါ ထိုင်စောင့်နေမယ်၊ ဘာမှစိတ်မ
နဲ့'

* * *



## အခန်း (၆)

ဖန်းသခင် ဘီယာစတေးရှင်းကို အနမ်းပန်း၏ နာရေး
ကိစ္စကြောင့် ပိတ်ထားသည်။

သို့သော်လည်း မနက်မိုးလင်း သတင်းလာမေးကြသူများ
က တဖွဲဖွဲ။

ဒီအထဲမှာ အဆိုးဆုံးက ညီသစ်တာ ဖြစ်သည်။

ညီသစ်တာသည် ချမ်းသာသည်။

မင်္ဂလာဈေးနှင့် ဘီအေဈေး ရှောဝင်းစင်တာတွင် ရွှေဆိုင်
ဖွင့်ထားသူ…



www.burmeseclassic.com

www.burmeseclassic.com



လူငယ် သဘာဝ ဘီယာသောက်လာရင်း အနမ်းပန်း
ရှိးသားစွာ စူးစူးနစ်နစ် ချစ်ခဲ့ရသူပင်...

အနမ်းပန်းကလည်း မကြာသေးမီကမှ ညီသစ်တာ
အဖြေပေးကာ နှစ်ဦးနှစ်ဖက် ချစ်သူဘဝကို တရားဝင် အ
အမှတ်ပြုထားသူ...

ဒါကို တစ်ဆိုင်လုံးကလည်း သိကြသည်မို့ မိုးလင်း
နှင့် ရောက်လာပြီး ပေါက်ကွဲနေသော ညီသစ်တာကို ဘယ်
မတားရက်ကြ။

'ပန်းရေ... မင်းပျော်ရွှင်ခဲ့တဲ့ စတိတ်ခုံပေါ်မှာ သိ
လာဆိုပြပါဦးကွာ'

'ပန်းရေ... ပန်းလေးရေ... ငါကြွေပြီကွာ၊ ကံကြမ္မာ
သိပ်ကို ရက်စက်လွန်းပါတယ်'

ညီသစ်တာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်
ခံစားချက်တို့ဖြင့် ပေါက်ကွဲနေရှာပါသည်။

တဖွဲဖွဲရောက်ရှိလာကြသော သူများကလည်း အနမ်း
အတွက် စိတ်မကောင်းဖြစ်ကြရသည်။





ဒဏ်ရာတွေနှင့် ဆေးရုံက ဆင်းလာကြသော စီစဝါနှင့်
ပြည့်ပန်းတို့များတွင်လည်း မေးမြန်းကြသည့် ဧည့်သည်များက
ပြည့်...

ရောက်ရှိလာကြသော ဧည့်သည်များအားလုံး၏ အကြည့်
ကလည်း တစ်ချက်တစ်ချက် စတိတ်ခုံပေါ် အကြည့်များ
ကာ အနမ်းပန်းများ စတိတ်ခုံပေါ် တက်လာလေမလား
င် စောင့်မျှော်နေကြသည့်နှယ်ပင်...

သူတို့ ချစ်ခင်နှစ်သက်ခဲ့ကြသော အနမ်းပန်းတစ်ယောက်
တိတ်စင်ပေါ်သို့ ဘယ်သောအခါမှ ရောက်လာခဲ့တော့မှာ
တ်ဘူးဆိုတာကိုတော့ အားလုံးက သိနှင့်နေကြပြီ ဖြစ်ပါ
ည်။

သို့သော်...

သူတို့အနက် ပန်းကို မျှော်လင့်နေဆဲဖြစ်ပါသည်။

'ခွမ်... ဂလွမ်း... ဂလွမ်း...'

အရက်ပုလင်းများ ဖန်ခွက်များကို ရိုက်ခွဲနေသော ညီသစ်
သို့ ဆိုင်ရှင်ဦးပေါ်ထွန်း လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သား... ညီညီ စိတ်ကိုထိန်းပါကွယ်'

'ဦးရယ်... ပန်းအတွက် ကျွန်တော်ကို နားလည်ပေးပါ၊ ကြေကွဲခွင့်ပြုပါ'

'အေးပါ သားရယ်၊ ဦးလည်း မင်းအပေါ်ကို နားလည်ပါတယ်၊ ဦးတို့လည်း သမီးလေးတစ်ယောက် ဆုံးရှုံးရသလို ခံစားရပါတယ်၊ သနားရပေါ့၊ ဖြစ်ချိန်တန်လို့ပဲလို့ သတ်မှတ်ရမှာပေါ့ကွာ'

'ဟာ... မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော်အားလုံး ကြားပြီးပြီ၊ ဦးဆီက ဒရိုင်ဘာကောင် သူ့စော်နဲ့ ကျိုင်ပြီး မောင်းလို့ ပန်း သေရတာ'

'ဒီလိုတော့... မစွပ်ပါနဲ့ကွာ၊ သူ့ကိုလည်း တရားဥပဒေအရ အပြစ်ပေးမှာပါပဲ'

ဒရိုင်ဘာ မြင့်အောင်ကိစ္စကို ညီသစ်တာအား ဘယ်သို့ ပြောလိုက်ပါလိမ့်ဟု ဦးပေါ်ထွန်း စဉ်းစားနေမိသည်။

ဒီစကားကို သူလည်း ကြားခဲ့ရသည်။

သို့သော် မြင့်အောင်အပေါ် အပြစ်ကြီးမည် စိုးရိမ်သဖြင့်





ပင် ထုတ်ဖော်မပြောခဲ့ပေ...

ဦးပေါ်ထွန်း သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာချရင်း ညီသစ်တာကို ပွေ့ဖက်ကာ...

'သားရယ် စိတ်ကိုထိန်းပါ၊ မြင့်အောင်ကိုလည်း ဥပဒေ အပြစ်ပေးပါလိမ့်မယ်၊ ကဲ... သား ပြန်ချင်လည်း ပြန်နော်၊ လိုက်ပို့နိုင်းလိုက်ရမလား'

ညီသစ်တာအား နှစ်သိမ့်ပြီး ဦးပေါ်ထွန်းက မောင်မျိုးအား ခေါ်လိုက်သည်။

'မောင်မျိုး... မောင်မျိုး...'

'ရှိ... ရှိပါတယ် သူဌေး'

'ဒီမှာ... ညီညီကို လိုက်ပို့လိုက်စမ်း၊ အိမ်အရောက်ပို့ ကဲ... ညီညီ မောင်မျိုး လိုက်ပို့လိမ့်မယ်၊ ဒီမှာက... ဧည့်သည်တွေပါ ရှိနေတော့ သားလည်း မကောင်းပါဘူး ဦးကို နားလည်ပေးပါနော်'

ညီသစ်တာအား ချော့မော့ပြီး မောင်မျိုးကို လိုက်ပို့နိုင်း လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထွက်သွားမှ ဦးပေါ်ထွန်း သက်ပြင်းချနိုင်သည်။ ဆိုင်ဝန်ထမ်းများကို နောက်ဖေးဘက်ခေါ်ကာ ဦးပေါ်ထွန်းပြော ထားရသည်။

'မင်းတို့ကို မှာထားမယ်နော်၊ မြင့်အောင်ကိစ္စ မင်းတို့ အားလုံးသိချင်သိမယ်၊ ဒါ... မင်းတို့နဲ့ မဆိုင်ဘူး၊ ဖြစ်တာက ဖြစ်ပြီးသွားပြီ၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် ဖွမနေနဲ့၊ လာတဲ့ ဧည့်သည်တွေ အားလုံးကိုသာ အားလုံးသည်းခံပြီး ဆက်ဆံဧည့်ခံ ကြ၊ ကြားလား'

'ဟုတ်ကဲ့ပါ... သူဌေး'

ထိုစဉ် ကောင်တာထက်ဆီမှ တယ်လီဖုန်းမြည်သံ ကြောင့် အနီးရှိ အသေးလေးက ကောက်ကိုင်လိုက်သည်။

'ဟယ်လို... ပန်းသခင်ကပါ ခင်ဗျာ'

'.......'

'ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့... ရှိပါတယ်၊ ခဏ ကိုင်ထားပေးပါနော်'

'ဘာလဲ... အသေးလေး'





'သူဌေးကို... ခေါ်ပေးပါတဲ့၊ အဝေးပြေးက ဖုန်းလာပါ တယ်'

သူဌေးဦးပေါ်ထွန်း တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့ သည်။

အလုပ်သမားများလည်း အသီးသီး ကိုယ့်အလုပ် ကိုယ် လုပ်နိုင်ရန် ထွက်သွားကြလေသည်။

'ဟယ်လို... ကျွန်တော်ပေါ်ထွန်းပါ၊ ပန်းသခင် ပိုင်ရှင် ခင်ဗျာ'

'.....'

'ဟုတ်ကဲ့... ဩော်... အဲဒီမှာ ပေးထားတဲ့လိပ်စာကို ပြီး တက္ကစီကို ပို့ခိုင်းလိုက်ပါ ရပါတယ်'

ဦးပေါ်ထွန်း ဖုန်းချပြီး ပန်းသခင်ကို ခန်းမထဲသို့ ပြန် လာခဲ့သည်။

ခန်းမထဲတွင် အဆိုရှင်ကောင်မလေးများနှင့် ဧည့်သည် ငါးယောက် စကားပြောနေကြသည်။

'သမီးတို့ ခဏနေရင် အနမ်းပန်းရဲ့ မိဘတွေရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ နည်းနည်းကြည့်နေကြဦး၊ ကားရပ်တာနဲ့ ထွက်ကြို လိုက်ကြနော်'

'ဒီကလူတွေ သူတို့သိမှာ မဟုတ်ဘူး'

'ဟုတ်ကဲ့... ဦး'

'အောင်စိန်မင်းရော ဘယ်မှာလဲ'

'ရှိပါတယ်... သူ့ဆွေး'

အောင်စိန်မင်း မီးဖိုထဲမှ အင်္ကျီချွတ်နှင့် ထွက်လာသည်။

'မင်းအင်္ကျီပြန်ဝတ်ထားလိုက်ဦး၊ တော်ကြာ အနမ်းပန်း မိသားစု လာလိမ့်မယ်၊ အနမ်းပန်းမိသားစုကို မင်းပဲသိတာ'

'ဟုတ်ကဲ့...'

* * *

မကြာမီ အငှားကားလေးတစ်စီး ဆိုင်ရှေ့သို့ ရပ်လာသဖြင့် အောင်စိန်မင်း ပြေးထွက်သွားသည်။

အောင်စိန်မင်း နောက်မှ...

အသေးလေး၊

မြူနိုးတို့ လိုက်ပါလိုက်သွားကြ၏။

'ဘွားလေး... ဆင်းဆင်း...

'ဩော်... အောင်စိန်မင်း၊ မင်းသူငယ်ချင်း အဖြစ်က ဆိုးပါတယ်ကွယ်၊ ဘယ်လိုဖြစ်ရတာလဲ'

အောင်စိန်မင်းကို တွေ့သည်နှင့် အနမ်းပန်းမိခင်မှာ ဘယ်သို့မှ ထိန်းမရတော့။





www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းဆင်းချင်း ငိုပါလေတော့သည်။

'အထဲရောက်မှပဲ ပြောပါ ဘွားလေးရယ်၊ ဟိုမှာ သူဌေးလည်း ရှိတယ်'

ကားပေါ်မှ အနမ်းပန်း ညီမလေးနှင့်မောင်လေးပါ ဆင်းလာကြသည်။

ပစ္စည်းများကို အသေးလေးက ကားနောက်ဖုံးမှ သယ်ထုတ်နေ၏။

အနမ်းပန်း ညီမလေးကို မြင်လိုက်ရသော မြူခိုးတို့အုပ်စုမှာ လှမ်းနေသော ခြေလှမ်းများပင် ရပ်၍သွားကြတော့၏။

'ဟင်…'

သူတို့ အံ့သြစွာ ရပ်တန့်သွားကြသလို အနမ်းပန်း ညီမလေးနှင့် မောင်လေးဖြစ်သူမှာလည်း ဘာဆက်လုပ်ရမှန်းမသိအောင် ကြောင်၍ ရပ်နေကြသည်။

အောင်စိန်မင်းက သူတို့နှစ်ယောက်ကို လှမ်း၍ခေါ်လိုက်မှပင် သူတို့ ခပ်ရှိန်ရှိန်ကလေး လျှောက်လိုက်လာကြ၏။





'မိမိုးနဲ့ အာကာ… လာကြလေ'

'ဟုတ်ကဲ့… ဟုတ်ကဲ့…'

'လာ … ညီမလေး၊ လာ… မောင်လေးရော လာလေ'

မြူခိုးနှင့်သံသာက သတိဝင်လာကာ အနမ်းပန်းညီမလေးလက်ကို ဆွဲကာ ဆိုင်ထဲသို့ ဝင်လာကြသည်။

'ညီမလေး… အနမ်းနဲ့ သိပ်တူတာပဲနော်'

'မမတို့တောင်… ကြောင်သွားတယ်'

'မအနမ်းနဲ့… ညီမကို သေိတဲ့လူတွေက ဒီလိုပဲ အမြွာလို့တောင် ထင်ကြပါတယ်၊

'ညီမနာမည်က မိုးပဝါပါ မမ၊ မောင်လေးနာမည်က ထက်အာကာပါ'

စကားပြောရင်း ဆိုင်တွင်းသို့ ရောက်လာကြသည်။

အောင်စိန်မင်းက သူဌေးဦးပေါ်ထွန်း ထိုင်နေရာသို့ အနမ်းပန်း မိခင်နှင့်ညီမဖြစ်သူတို့ကို ခေါ်သွားသည်။

'သူဌေး… ဒါ… အနမ်းပန်း အမေ… ခေါ်ခဲ့မေ၊



www.burmeseclassic.com

www.burmeseclassic.com



သူက အနမ်းပန်းညီမ ပိုးပုဂံနဲ့ ထက်အာကာပါ၊

'ဘွားလေး... ဒါက... ကျွန်တော်တို့ ဆိုင်ရှင်သူဌေး ဦးပေါ်ထွန်းတဲ့'

'ဟုတ်ကဲ့ပါ... သူဌေးရယ်၊ ကျွန်မသမီးလေး ဘယ်လို များဖြစ်လို့ ဒီလို အဖြစ်ဆိုးနဲ့ကြုံရတာလဲဆိုတာ တစ်ဆိတ်လောက် ပြောပြပါရှင်'

အနမ်းပန်းမိခင် ဒေါ်မြမေက ပြောလည်းပြော၊ ငိုလည်း ငိုဖြင့် သူဌေးဦးပေါ်ထွန်းရှေ့ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက် သည်။

'အို... မလုပ်ပါနဲ့ အစ်ကြီး၊ ခုံပေါ်မှာထိုင်ပါ၊ ကလေး တို့လည်း ခုံပေါ်မှာထိုင်ကြလေ'

ဦးပေါ်ထွန်းက ဒေါ်မြမေအား လက်မောင်းမှ ညင်သာ စွာကိုင်ကာ ခုံတွင် ထိုင်ခိုင်းလိုက်ပြီး အနမ်းပန်းတို့ ကားမှောက် မှု အဖြစ်အပျက်ကို အသေးစိတ်ရှင်းပြလိုက်သည်။

'အဲဒါပါပဲ အစ်မကြီးရယ်၊ ကျွန်တော်တို့လည်း စိတ် မကောင်းပါဘူး၊ တရားနဲ့ ဖြေပါ၊ အနမ်းပန်းအတွက် လိုအ





တာ မှန်သမျှကို ကျွန်တော်တာဝန်ယူပါတယ်၊ သိုက်သိုက်ဝန်း ဝန်း စည်စည်ကားကားလေးဖြစ်အောင် ကျွန်တော် လုပ်ပေးပါ့ မယ်'

'သူဌေးရယ်...

'လူတစ်ယောက်လုံး သေမှတော့ ကျွန်မတို့ ဒါတွေကို စိတ်မဝင်စားပါဘူး၊

'သမီးလေးဟာ ဒီလိုမျိုးဆိုင်တွေမှာ သီချင်းဆိုတယ်ဆို ပေမယ့် မိဘကို လုပ်ကျွေးနေတဲ့လူပါ၊

'နောက်ပြီး... သူဌေးတို့ဆိုင်က စည်းကမ်းရှိတယ်၊ စိတ်ချရတယ်လို့ အောင်စိန်မင်းပြောတာနဲ့ ကျွန်မက ခွင့်ပြုတာ ပါရှင်'

'ဟုတ်ပါတယ်... အစ်မကြီး၊ စားသောက်ဆိုင်၊ အရက် ဆိုင်မှာ သီချင်းဆိုတယ် ပြောလိုက်တာနဲ့ တချို့လူတွေက တစ်မျိုး မြင်ကြတယ်၊

'ကျွန်တော့်ဆိုင်က ဒီလို မဟုတ်ပါဘူး၊ ဒီမှာလုပ်တဲ့ မိန်းကလေးတွေအားလုံး ရိုးရိုးသားသား မိန်းကလေးတွေပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လူကြည့်ပြီးမှ လက်ခံတာပါ'

'ဟုတ်ပါတယ်ရှင်... ကျွန်မ နားလည်ပါတယ်၊ ခုဟ

က ကျွန်မ... ကျွန်မ... သမီးလေးအတွက်'

ဒေါ်မြမေက ယူကျုံးမရဖြစ်ကာ မျက်ရည်မဆယ်နို

အောင် ငိုနေသဖြင့် ဘေးမှ ဝိုးပုဝါလည်း ဘယ်လိုမှ မနေ

တော့။

မောင်နှမနှစ်ယောက် ဖက်ကာ ငိုနေလေတော့သည်

ဦးပေါ်ထွန်းရော ဘေးမှကြည့်နေကြသူများပါ စိ

မကောင်း ဖြစ်လာကြ၏။

'ကဲပါ... အစ်မကြီးရယ်၊ တရားနဲ့ဖြေပါ၊ ဟိုမှာ

ကလေးတွေပါ ငိုကုန်ကြပြီ၊ ကျွန်တော်လည်း အတော်ကို စိ

မကောင်းပါဘူးဗျာ'

ဒေါ်မြမေအား နှစ်သိမ့်စကားပြောပြီး ဦးပေါ်ထွန်း

အောင်စိန်မင်းကို လှမ်းခေါ်လိုက်သည်။

မှ 'အောင်စိန်မင်း...'

'ဟုတ်ကဲ့... သူဌေး'





'သူတို့ သားအမိကို တို့နားတဲ့ အခန်းဘေးက အခန်းမှာ

ထားလိုက်၊

'မင်းက နှစ်ဖက်စလုံးရဲ့ လူရင်းဆိုတော့ လိုအပ်တာ

နဲ့သမျှ ငါ့ကိုပြော၊ ဘာမှ လိုလေသေးမရှိအောင် မင်းတာဝန်

သူနော်'

'ဟုတ်ကဲ့... သူဌေး'

'ဟို... ဟို... ဒီလိုပါ သူဌေးမင်း၊ ကျွန်မတို့ သမီး

သေးနေတဲ့ အဆောင်မှာပဲ...'

'မနေပါနဲ့... အစ်မကြီး၊ ဒီနဲ့လဲ ဝေးတယ်၊ ဟိုမှာက

ဘယ်သူမှမရှိဘူး၊

'အစ်မကြီးတို့အတွက် ပိုပြီး စိတ်မကောင်းစရာ ဖြစ်နေ

ဦးမယ်'

'ဒီမှာက ... သူဌေးတို့ အလုပ်ကို ထိခိုက်မှာစိုးလို့

ပါရှင်၊ ကျွန်မတို့ သမီးလေးနေခဲ့တဲ့ အဆောင်မှာပဲ နေဖို့ စဉ်းစား

တာပါ၊

'အဝေးပြေးရောက်မှ သူဌေးကို အကြောင်းကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟိုကို တန်းသွားမလို့ပါ၊ သူဌေးက ဒီကိုဝင်ခဲ့ဆိုလို့ လာခဲ့ကြတ
ပါ'

'ဒီမှာ… ဘာမှ အနှောင့်အယှက် မရှိပါဘူး'

'အနှမ်းယန်း နာရေးအတွက် ကျွန်တော်ဆိုင်ကို ရ
အကန့်အသက်မရှိ ဖိတ်ထားပါတယ်'

'ရှင်…'

ဒေါ်မြမေ အံ့သြသွားသည်။

ပြီးတော့…

မျက်ရည်များကြားမှ…

'ကျေးဇူးတင်ပါတယ်… သူဌေးရယ်'

ကျွန်မက ဒီလိုတောင်မထင်ဘူး၊ ဆိုင်ကိုတော့ ဆက်
ထားမှာပဲပေါ့ရှင်'

'ကျွန်တော်… ဒီလောက် လူမှုရေး မခေါင်းပါးပါ
ဗျာ၊

'ပြီးတော့ သူတို့တွေဟာ ကျွန်တော်အလုပ်သမား
ဆိုပေမယ့် ကျွန်တော် သားသမီး၊ ဆွေမျိုးသားချင်းတွေလို ဆက်





ာပါ၊ ကဲ… ကဲ… ခရီးလည်း ပန်းလာကြတယ်၊ နားလိုက်
ကြပါဦး'

'ကျေးဇူးပါပဲရှင်'

'အောင်စိန်မင်း ခုနပြောသလိုပဲနော်၊ နေရေး၊ စားရေး
သာက်ရေးကအစ ငါစိတ်ချမယ်၊ ငါသွားမယ်နော်၊ လိုအပ်ရင်
ကို ဖုန်းဆက်'

'ဟုတ်ကဲ့ပါ… သူဌေး'

သူဌေးဦးပေါ်ထွန်း သူ့ကားလေးနှင့်ပြန်လည် ထွက်သွား
သည်။

အောင်စိန်မင်းက ဒေါ်မြမေတို့ မိသားစုကိုခေါ်ကာ
ဆိုင်ရန် အခန်းများကို လိုက်ပို့ပေးလေသည်။

'ဘွားလေး… ဒီအခန်းမှာပဲ အေးအေးနေနော်'

'ကျွန်တော်တို့လည်း ဒီမှာအမြဲရှိမယ်၊ ဒီနေ့တော့ ကျွန်တော်
ယ်ထားတာနဲ့ပဲ သွားစားတော့၊ မနက်မှ ဈေးသွားရင် ဘွား
ပါ လိုက်ခဲ့'

'ရပါတယ်… အောင်စိန်မင်းရယ်၊ ဘွားလေးလို



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ဖြစ်ဖြစ် ရပါတယ်၊ မင်းသူငယ်ချင်းအတွက်သာ ရင်ထု... ဖြစ်ရတာ'

အောင်စိန်မင်းကိုပြောကာ ဒေါ်မြမေ ထပ်၍ငိုပြန်ပါ... တော့သည်။

'ဘယ်တတ်နိုင်မလဲ ဘွားလေးရယ်၊ တရားနဲ့သာဖြေ... မနမ်းအတွက် တစ်ဆိုင်လုံး စိတ်မကောင်းဖြစ်ကြရတာပါ'

အမှန်တကယ်လည်း အနမ်းပန်းကို တစ်ဆိုင်လုံး ချ... ကြလေသည်။ ထို့ကြောင့်ပင် တစ်ဆိုင်လုံး စိတ်မကောင်းဖြ... ရ၏။

ဤသို့ အတူတကွ လုပ်ကိုင်ကြရင်း ခင်မင်ရင်းနှီ... သော သူငယ်ချင်းလုပ်ဖော် ကိုင်ဖက်များပင် ဤသို့ဖြစ်နေ... ဒေါ်မြမေတို့ဆို မည်မျှခံစားနေရမည်ကို အောင်စိန်မင်း ကိုယ်... တာမိသည်။

သို့သော် မတတ်နိုင်။

အားလုံးဟာ ဖြစ်ပြီးသွားပြီခဲ့ပြီပဲ။

မကြာမီ အားပေးစကားပြောရင်း ဖြစ်ပျက်ပုံအ...





...ပြီ ပြန်ပြောရရင်းမှ ဒေါ်မြမေတို့ မိသားစုနှင့် ဆိုင်ရှိလူများ ...အတွင်းမှာပင် မိသားစုများကဲ့သို့ ခင်မင်ရင်းနှီးသွားကြ ...သည်။

ညနေ ခြောက်နာရီလောက်တွင် စိစေါ်နှင့်လပြည့်ဝန်း ...ခွဲ၍ ကျန်မိန်းကလေးများ ပြန်သွားကြသည်။

စိစေါ်နှင့် လပြည့်ဝန်းကတော့ ဒေါ်မြမေတို့မိသားစု ...ကလေး အဖော်ရစေရန် အနမ်းပန်း ဈာပနပြီးသည့်အထိ ...မှာပင် နေကြရန်ဆုံးဖြတ် လိုက်ကြသည်။

ညနေစာ ထမင်းစားသောက်ပြီးသည်နှင့် ဒေါ်မြမေတို့ ...န်းမှပင် အတူအိပ်ရန် စောစောအခန်းတွင်းသို့ ဝင်ခဲ့ကြလေ ...သည်။

ဦးတင်

မောင်မျိုး

လှဦး

အသေးလေးနှင့်

အောင်စိန်မင်းတို့ကတော့ ထုံးစံအတိုင်းပင် ဆိုင်ရှေ့...



www.burmeseclassic.com

www.burmeseclassic.com



များကိုဆက်၍ ဆိုင်တွင်းမှာပင် အိပ်ကြရန် စီစဉ်ကြ၏။

'ကဲ… နှစ်ညရှိပြီ အိပ်ရေးပျက်တာ တို့လည်းစောစော အိပ်ကြရင်ကောင်းမယ်၊ အိပ်ရာပြင် ခြင်ထောင်ထောင်ကြ၊ ငါ တံခါးတွေ လိုက်စစ်လိုက်ဦးမယ်'

ဦးတင်က လူငယ်များကိုမှာကာ ဆိုင်တံခါးနှင့်ပတ်ပတ် လည် စည်းရိုးများကိုစစ်ဆေးပြီး သူတို့လည်း စကားထိုင်ပြော မနေကြတော့ဘဲ စောစောပင် အိပ်ရာဝင်ခဲ့ကြလေသည်။

* * *



## အခန်း (၇)

ယနေ့ညသည်…

လပြည့်ည…

ကားလမ်းမထက်တွင် လှုပ်သူကင်းရှင်း တိတ်ဆိတ်ကာ ...စ်ပင်အုပ်ဆိုင်းဆိုင်းကြီးတွေက လေတိုက်လိုက်တိုင်း ယိမ်းနွဲ့ ...ုပ်ယမ်းသွားပုံက တစ္ဆေကောင်ကြီးများ ကခုန်နေကြသည့်နှယ် ...ြတ်သီးထဖွယ်ရာပင်။

လပြည့်ည ဖြစ်သော်လည်း ပြည့်ပြည့်ဝန်းဝန်းထွန်း ...ာတ် ကြည်လင်နေခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အဝေး ခပ်လှမ်းလှမ်းဆီမှ ခွေးများ အူးသံကလည်း ခြောက်သွေ့တိတ်ဆိတ်နေသော ညကို ပို၍ ချောက်ချားစရာ ပင်။

လူခြေတိတ်တိတ်ပြီး ခြံဝင်းကျယ်ကြီးများနှင့် နေထိုင် ကြသည့် ရပ်ကွက်ဖြစ်ရုံတင်မက စားသောက်ဆိုင်ဖြစ်နေ ဖြင့် ကားလမ်းမကြီးဘေး ခြံဝင်းကျယ်ကြီးများနှင့် အတော်လှမ်းသည့် နေရာမျိုးတွင် ဖွင့်ထားသော ပန်းသခင်လို ဆိုင်ကြီးအဖို့ ဆိုင် ဖွင့်ရက်မှာ ကားများ ဦးဒဟို ဝင်ထွက်သွားလာ ဆူညံနေသော် လည်း ယခုလို ဆိုင်ပိတ်ထား သည့် ရက်များမှာတော့ တိတ်ဆိတ် ခြောက်သွေ့လျက်ပင် ရှိသည်။

ဆိုင် ညာဘက်တွင် အင်းလျားကန်ရေပြင်စပ်နှင့် ပြည် လမ်းမကြီး ဆိုင်ဘယ်ဘက်တွင် လူသူမနေ အဆောက်အဦးမရှိ သေးသော ခြံခတ်ထားသည့် မြေကွက်ကြီး(၄)ကွက်ရှိသည်။ ပြီးမှ ကိုယ်ပိုင်ခြံဝင်းနှင့် တိုက်တာအိမ်ခြေများ ဆိုင်နောက်ဘက် တွင် အင်လျားကန်ရေပြင်ကြီးနှင့် မှောင်မိုက်အုပ်ဆိုင်းနေသော သစ်ပင်ကြီးငယ်များ ဆိုင်ရှေ့မှာက ပါရမီလမ်း။





ဒီလို လမ်းဆုံလမ်းခွ လူခြေတိတ်ဆိတ်သည့် ထောင့် နေရာတွင် ဖွင့်ထားသော...

ပန်းသခင် ဘီယာစတောရှင်လို ဆိုင်ကြီးအဖို့ ဆိုင်ဖွင့် ချိန်သာ စည်ကားဆူညံလျက်ရှိသော်လည်း...

ဆိုင်ပိတ်ရက်တွင် အထူးသဖြင့် ယခုလိုရက်မျိုးမှာ တစ ခြင်ကွဲသို့ ခြောက်သွေ့ တိတ်ဆိတ်လျက် ရှိနေပေသည်။

တစ်ခါတစ်ရံ အရှိန်ပြင်းစွာ မောင်းသွားကြသည်။

ကားများမှအပ ညည့်ပိုးကောင် မွှားကောင်များ၏ အော် သံများက ကျယ်လောင်စွာပင် မင်းမူနေကြသည်။

'ဝူး... အူး... အူး...'

'အူး... အူး...'

ထိုစဉ် ခွေးအူသံများက ပို၍ ဆူညံလာသည်။

ခြံထဲရှိ အားနိုးကလည်း စူးဝါးစွာ ထိုးဟောင်နေသဖြင့် ဦးသုဝါ ဆတ်ခနဲ အိပ်ရာထက်မှ နိုးလာသည်။

ဘေးမှ မိခင်ဖြစ်သူနှင့် မောင်လေးကိုကြည့်လိုက်တော့ ငြိမ်မြိုက်စွာ အိပ်မောကျနေကြ၏။

www.burmeseclassic.com



'ကျွီ… ကျွီ… ကျွီ…'

'ရှပ်… ရှပ်… ရှပ်…'

တံခါးကို ဖြည်းဖြည်းချင်း ဖွင့်သံကို ကြားလိုက်ရသည်။

ပြီးတော့ အခန်းအနီးသို့ လျှောက်လှမ်းလာသော ခြေသံတရှပ်ရှပ်ကို ကြားရသည်။

ပိုးပုဝါ အသာအယာလေး ထလိုက်သည်။

ခရီးပန်းလာကြသည်မို့ နစ်မြိုက်စွာ အိပ်ပျော်နေကြသော မိခင်ဖြစ်သူနှင့်မောင်လေးအာကာတို့ နိုးမှာကို စိုးရိမ်သဖြင့် အသာအယာလေးပင် ထလိုက်ခြင်းဖြစ်သည်။

တံခါးအကွယ်ဘက်ကနေ ထွက်လာသော မိန်းကလေးတစ်ယောက်ကို နောက်ကျောခိုင်းအနေအထားနှင့် လှမ်းမြင်လိုက်ရ၏။

အုံ့ခဲနေသည့် ဆံပင်ရှည်တွေက တင်ပါးအောက်မှာ ဝဲဖြာကျနေသည်။

သူမဆံပင်တွေက သေသပ်စွာ ဖြီးထားတာမျိုးမဟုတ်ဘဲ





ထုံးဖွဲ့ထားတာလည်း မဟုတ်…

ကျောပေါ်မှ ခပ်ဖွဖွဖြန့်ကျလျက် သားတစောင်းမြင်လိုက်ရသည့် ပါးတစ်ခြမ်းပေါ်ထိ ဆံပင်တွေက ဖုံးအုပ်လျက်ရှိနေသည်မို့ မျက်နှာကို ကောင်းစွာပင် ပိုးပုဝါ မမြင်လိုက်ရ…

ဘယ်သူများပါလိမ့်…

ပိုးပုဝါ မလှုပ်မယှက်ငြိမ်၍ ထိုင်နေလိုက်မိသည်။

ခြင်ထောင်အတွင်းမှနေ၍ ကြည့်နေရသဖြင့် မြင်ကွင်းက ခပ်ဝါးဝါးလိုဖြစ်နေသည်။

'ရှပ်… ရှပ်… ရှပ်…'

ထိုရှသောခြေသံကို တိုတ်ဆိတ်သော ညဥ့်ယံမှာ ပီသစွာ ကြားနေရသည်။

မိန်းကလေး၏ ကျောပြင်ကိုသာ မြင်လိုက်ရပြီး ခြေသံကို ကြားနေရသဖြင့် ပိုးပုဝါ အံ့ဩသွားသည်။

မျက်လုံးကို အသာအယာပွတ်ကာ သေချာစွာပင် ကြည့်မိလိုက်သည်။

'အို…'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။

ပိုးပုဝါ မြင်နေရသော မိန်းကလေးမှာ သူမတို့ အိပ်စက်နေရာသို့ တိုးလျှစွာလှမ်းလာနေခြင်း ဖြစ်သည်။

သို့သော် သူမလျှောက်လာနေပုံက နောက်ပြန်ကြီးဖြစ်နေသည်။

ပိုးပုဝါ စဝေစဝါဖြစ်နေသည်မို့ သေချာစွာပင် ကြည့်နေမိသည်။

အို… မဟုတ်သေးပါဘူး။

နောက်ပြန်ကြီး လျှောက်လာတာ။

အတန်နီးကပ်လာသဖြင့် နည်းနည်းတော့ ပီပီပြင်ပြင်မြင်လာသည်။

'ဘုရား… ဘုရား…'

ပိုးပုဝါ ရင်ဘတ်ကို လက်နှင့်ဖိကာ ဘုရားတလိုက်ရင်း အသံထွက်သွားမည် စိုးသောကြောင့် ယောင်ယမ်း၍ပင် ပါးစပ်ကို ဝိတ်လိုက်မိသည်။

သူမကို ပိုးပုဝါ ကောင်းကောင်းမြင်နေရပါပြီ။





ခန္ဓာကိုယ်က ပိုးပုဝါ အိပ်စက်နေသည့် နေရာသို့ တည့်တည့်မတ်စွာပင် လျှောက်လှမ်းလာနေသော်လည်း ဦးခေါင်းကြီးက နောက်ကျောဘက်သို့လှည့်ကာ ဆံပင်ရှည်များက ဖွာကျနေသဖြင့် နောက်ဖက်မှ မြင်လိုက်ရသည်ဟု သူမထင်နေခြင်းပင် ဖြစ်သည်။

'ဘုရား… ဘုရား… ဒါ… ဒါ… လူ… လူ… မဟုတ်ဘူး'

ပိုးပုဝါအသိက နိုးဆော်လိုက်သဖြင့် နံဘေးတွင် အိပ်နေသော မိခင်ဖြစ်သူကို နိုး၍ပြရန်အတွက် လက်ကိုလှမ်းလိုက်သည်။

ထိုဆံပင်ဖားလျားများနှင့် နောက်ဘက်သို့ ပြောင်းပြန်ကြီးလှည့်နေသည့် မိန်းကလေး၏မျက်နှာက ပိုးပုဝါဘက်သို့ တဖြည်းဖြည်းလှည့်လာသည်။

'အမလေး…'

ပိုးပုဝါလန့်၍ အော်လိုက်သဖြင့် အနီးတွင် အိပ်နေသော မိခင်ဖြစ်သူ ဒေါ်မြမေနှင့် တစ်ဖက်ခြင်ထောင်တွင် အိပ်နေကြ

www.burmeseclassic.com



သော စိစေဝါနှင့် လပြည့်ဝန်းတို့ပါ နိုးလာကြသည်။

'ဟဲ့... ဟဲ့... သမီးလေး ဘာဖြစ်တာလဲ'

'ညီမလေး... ညီမလေး... ဘာဖြစ်လို့လဲ'

စိစေဝါနှင့် လပြည့်ဝန်းပါ ခြင်ထောင်ကိုမကာ ဝင်လာကြသည်။

ပိုးပုဝါ ဘာမှမပြောနိုင်သေး။ တစ်ကိုယ်လုံးချွေးတို့ဖြင့် ရွှဲနစ်နေသည်။

ကြောက်စိတ်ကြောင့် နားထင်မှ စီးကျလာသော ချွေးပေါက်ကြီးများက မေးရိုးထိတိုင် လူးလူးလိမ့်လိမ့် လျောကျလာသည်။

'သမီးလေး... ဘာဖြစ်လို့လဲ'

'ညီမလေး... ဘာလဲဟင်... ဘာဖြစ်လို့လဲ'

'ဟို... ဟို... ဟိုမှာ... ဟိုမှာ...'

ပိုးပုဝါ ညွှန်ပြရာသို့ အားလုံးပြိုင်တူ ကြည့်လိုက်ကြသည်။

ခြင်ထောင်တွင်းမှ လှမ်းကြည့်လိုက်ရသည် ဖြစ်သော





လည်း မီးအလင်းရောင်ကြောင့် ပြင်ပမြင်ကွင်းက ရှင်းရှင်းလင်းလင်း။

ဒေါ်မြမေက ခေါင်းရင်းဘက်တွင် ထောင်ထားသော ရေသန့်ဘူးကိုယူကာ ပိုးပုဝါကို တိုက်လေသည်။

'သမီးလေး... ရော့... သောက်လိုက်ဦး'

ပိုးပုဝါ ရေသန့်ဘူးကိုယူကာ အားရပါးရ မော့သောက်လိုက်သည်။

အေးမြသော ရေက သူမ ရင်တွင်းသို့ စီးဝင်သွားသဖြင့် အနည်းငယ် မောပန်းကြောက်ရွံ့မှုတို့ ငြိမ်သက်သွားသည်။

'သက်သာပြီလား ညီမလေး... ပြောပါဦးကွယ်၊ ဘာဖြစ်လို့လဲ၊ ဘာကို တွေ့တာလဲ'

ပိုးပုဝါ သူမ မြင်တွေ့လိုက်သော မြင်ကွင်းကို မိခင်နှင့် စိစေဝါတို့အား ပြောပြလိုက်၏။

'ဟင်...'

'ဟုတ်ရဲ့လား... သမီးရယ်၊ သမီးလေး အမြင်မှားတာများလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်… ညီမလေးရယ်'

ပြောသာ ပြောလိုက်ရသည်။

လပြည့်ဝန်းမျက်လုံးထဲတွင် သူမ မေ့မြောစဉ်က တွေ့ခဲ့ရသော အနမ်းပန်း ရုပ်သွင်ကိုပြန်၍ မြင်ယောင်လာမိသဖြင့် ကြက်သီးမွေးညှင်းထသွားသည်။

'မ… မဟုတ်… မဟုတ်… ဗိုး သေသေချာချာ မြင်လိုက်ရတာ၊ မျက်နှာမှာ ဆံပင်ဖားလျားကြီးနဲ့ မျက်နှာမှာလည်း သွေးတွေက အများကြီးပဲ၊ ပြီးတော့… မျက်လုံးက နီနီရဲရဲ တောက်တောက်ကြီး ပြူးထွက်နေတာ'

မီစဝါ၊ လပြည့်ဝန်းနှင့် ဒေါ်မြမေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ လပြည့်ဝန်းက…

'ဟို… ဟို… လေ… ညီမလေးတွေ့တာ… အနမ်းပန်း'

'အဲဒါ… အဲဒါ… ဗိုး… သေချာမသိဘူး'

'စိတ်စွဲလမ်းလို့ ဖြစ်မှာပါကွယ်၊ ဒီမှာ ဒီလောက်မီးထွေ





ထိန်လင်းနေတဲ့ ဟာကိုပဲ'

မိခင်ဖြစ်သူ၏ စကားကို ဗိုး ငြင်းဆန်ခြင်း မပြုလေတော့။

အိပ်ရာပေါ်တွင် အသာအယာလှဲအိပ်လိုက်သည်။

မီစဝါနှင့် လပြည့်ဝန်းတို့လည်း ခြင်ထောင်ထဲမှ ထွက်သွားကြ၏။

မိခင်ဖြစ်သူ ဒေါ်မြမေက ဗိုးပုဝါအနားတွင် အသာအယာလှဲရင်း…

'ဗိုး… မီးငယ်လေး… အိပ်ပျော်အောင် အိပ်လိုက်နော်'

'ဟုတ်ကဲ့… ဟုတ်ကဲ့…'

မိခင်ဖြစ်သူ စိတ်ကျေနပ်စေရန် ပြောလိုက်ရသော်လည်း ဗိုးပုဝါ ဘယ်လိုမှ ပြန်၍ အိပ်မပျော်နိုင်တော့ပါ။

ဒီလို ကြောက်ရွံ့ထိတ်လန့်မှုမျိုးကို သူမ ဘယ်တုန်းကမှ မခံစားရဖူး…

သူမ အမှန်တကယ် မျက်လုံးနှင့် တပ်အပ်ကြီးမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းပင်။ ယခုထိတိုင် ရင်ထဲက စူးအောင့်လျက် ခို
တုန်းဗင်…

ပိုးပုဝါ အိပ်ပျော်စေရန် ဘုရားစာကို ရွတ်နေလိုက်သည်
မိခင်ကြီး ဒေါ်မြမေက ပိုးရင်ဘတ်ပေါ်သို့ လက်တစ်ဖက်
တင်ရင်း ပြန်လည်အိပ်မောကျသွားသည်။

မအိပ်နိုင်သူက ပိုးပုဝါပင်…

* * *

အနားမှ စီဝေါ အိပ်မောကျသွားသော်လည်း လပြည့်ဝန်း
အိပ်မနိုင်ခဲ့။ ပိုးပုဝါ၏ပြောစကားများကို ပြန်လည်ကြားယောင်နေ
ရင်း သူမမေ့မြောစဉ်က အနမ်းပန်းနှင့် တွေ့ကြုံခဲ့ရပုံကို ပြန်၍
အမှတ်ရနေမိသည်။

ဟင်း…

လပြည့်ဝန်း သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။
သူမဘေးမှ စီဝေါနှင့် ဟိုဘက်ခြင်ထောင်မှ ဒေါ်မြမေ၏ ဟောက်
သံကို သံပြိုင်ကြားလိုက်ရသည်။

သူမ အသာအယာထလိုက်သည်။ ခုနကတည်းက သူမ
ဆီးသွားချင်ခဲ့သော်လည်း ပိုးပုဝါကိစ္စဖြင့် ထိုကိစ္စကို သူမမေ့သွား
သည်။ စီဝေါကို နှိုးရန်မှာလည်း သူငယ်ချင်းကို အားနာသည်။
ဒီညက ပိုးပုဝါကြောင့် သူမတစ်ခါထခဲ့ရပြန်သည်။

www.burmeseclassic.com



ပြီးတော့ ဒီဆိုင်က သူတို့ကျင်လည်ကျက်စားရာဆို...
ကြောက်စရာ ဘာမှမရှိ သွားလာနေကျ…

လပြည့်ဝန်း ချောင်းတစ်ချက် ဟန့်လိုက်သည်။

ရဲဆေးတင်လိုက်ခြင်း ဖြစ်သလို သူမထကြောင်း...
ပိုးပုဝါတို့ သိစေရန်ဖြစ်သည်။

သူမခြင်ထောင်ထဲမှ ထွက်လိုက်ပြီး အခန်းဝသို့ ...
နင်းကာ ထွက်လာခဲ့၏။

သူမတို့အိပ်သော အခန်းတံခါးက တစ်ဝက်ပွင့်နေသည်...
သူမ စေ့စေ့ပါဖြစ်သွားသည်။ ညအိပ်စဉ်က သူမ သေချာစွာ...
အတွင်းဂျက်ချ၍ ပိတ်ခဲ့သည်ပင်။

ဒါဆို ပိုးပုဝါ ထထွက်တုန်းက မပိတ်ခဲ့တာပဲဖြစ်မည်...

သူမ အခန်းပြင်သို့ ထွက်လိုက်သည်။ ပြင်ပ...
အေးစိမ့်စိမ့်ကြောင့် ခန္ဓာကိုယ်ထဲ ချမ်းစိမ့်စိမ့်ပင် ဖြစ်သွားသ...
ဆိုင်ရှေ့သို့ လှမ်းကြည့်လိုက်၏။ မီးရောင်အောက်တွင် ခြင်ထော...
ကိုယ်စီထောင်လျက် အိပ်မောကျနေသော ယောကျ်ားလေး...
ကို တွေ့ရသည်။





ဒီဆိုင် ဒီနေရာများက သူမ ကျင်လည်ကျက်စားရာ
...ရာမို့ ရင်နှီးကျွမ်းဝင်ရှိပြီးသား…

လပြည့်ဝန်း အိမ်သာရှိရာဘက်သို့ ထွက်ခဲ့သည်။

ထိုစဉ် ဖျတ်ခနဲ လှုပ်ရှားလိုက်သော အရိပ်တစ်ခု…

တစ်ကိုယ်လုံးဖျင်းခနဲဖြစ်ကာ ထိုလှုပ်ရှားမှုကို စူးစိုက်
...ကြည့်နေမိသည်။

အရိပ်က ပြန်ပျောက်သွားပြန်သည်။

လှုပ်ရှားသံ ဘာညာလည်း မကြားရ။

သူမရှေ့သို့ တစ်လှမ်းတိုးလိုက်စဉ် နောက်ဖက်ဆီမှ သိမ့်
...ခနဲ တစ်ချင်ဖြစ်သွားသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ဘာမှ မရှိ…

အိမ်သာဘက်ဆီသို့ မျက်နှာပြန်မလှည့်ရဲတော့ဘဲ နောက်
...မှာမလုံတော့သည်မို့ စိတ်က ဟိုဘက် လှည့်ကြည့်လိုက်၊
...ဘက်လှည့်ကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်လာသည်။

အေးစိမ့်စိမ့် အပြင်ဘက်မှာပင် နဖူးမှချွေးတွေ သီးထလာ
...သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဇက်မှ ဖျတ်ခနဲ ဖြစ်သွားသလို လှုပ်ရှားတုန်သွား ပြန်သည်။

ညက တိတ်ဆိတ်ချောက်ချားဖွယ် ကောင်းလှစွာ သူမ လက်တွေဖြန့်အားလျက် လှုပ်ရှားတုန်ခါနေရင်း မျိုးသ ချော့မြည့် သူ့ရဲ့ နားစွန်ကြီး နောက်ထောက်လေမလား လို့ တွေးရင်း တစ်လှမ်းချင်း နောက်ဆုတ်လာလိုက်သည်။

ရှေ့မှာ ဘာမှမရှိသော်လည်း ဆော့ဗမပေါ်ရဲ့...

ခုနက ဆီးသွားချင်စိတ်ပင် အယ်ပျောက်သွားမှန်းမ တော့။ သူမ တစ်လှမ်းချင်း ဆုတ်လိုက်တိုင်း တစ်စုံတစ်ရာ ရှေ့တစ်လှမ်းတိုးလာသလို ခံစားလိုက်ရသည်မို့ လပြည့်ဝန်း ကိုယ်လုံး တဆတ်ဆတ်တုန်လာ၏။

ထိုစဉ် သူမရှေ့တည့်တည့်မှ အရိပ်မားမားကြီးတစ်ခု သွားခနဲပေါ်လာသည်။

'အား...'

လပြည့်ဝန်း၏ ဖာအားဆော်တာ နှာနှစ်ဖက်ကို စုပိတ် မျက်လုံးများပါ မှိတ်ချပစ်လိုက်၏။





'လဝန်း... လဝန်း...'

သူမကို ကိုင်လှုပ်ကာ ခေါ်နေသံကြားရမှ သူမသတိဝင် တသည်။

မျက်လုံးကို ဖွင့်ကြည့်မိ၏။ ဦးတင်နှင့် ဝန်ထမ်းကောင် သားများ သူ့ကို ဝိုင်းကြည့်နေကြ၏။

'ဘာ... ဘာဖြစ်တာလဲ၊ လဝန်း...'

'ဟို... ဟို... ဟိုမှာ'

'ဘာမှမရှိပါဘူး လဝန်းရယ်၊ လာ... လာ... အထဲကို င်'

ဦးတင်က လပြည့်ဝန်းလက်မောင်းကလေးကို ကိုင်ကာ ခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းတွင် လပြည့်ဝန်းအော်သံကြောင့် စီဓဝါနှင့် ပိုး ဝါတို့ မိသားစုပါ နိုးနေကြပြီဖြစ်သည်။

ဦးတင်က ပိုးပုဝါတို့ခေါင်းရင်းတွင် ထောင်ထားသော ယန့်ဘူးကိုယူကာ လပြည့်ဝန်းကို တိုက်လိုက်ပြီး...

'အပြင်ထွက်မယ်ဆိုရင်လည်း ငါတို့ကိုလာနှိုးရောပေါ့'



www.burmeseclassic.com

www.burmeseclassic.com



လဝန်းရော၊ ဒါမှမဟုတ် ဘေးမှာသူတို့ရှိနေတာပ နိုးပြီး အဖော်ရ သွားပေါ့'

'သူတို့လည်း အိပ်ရေးပျက်နေကြလို့၊ အားနာလို့ပါ'

'ကဲ... ကဲ... မိုးလည်း လင်းတော့မယ်၊ ခဏပြန်လှဲ နေလိုက်ဦးနော်'

ဦးတင်တို့ ထွက်သွားကြသည်။ စိစေါက လပြည့်ဝန်းကို ကြည့်နေသလို ပိုးပုဝါတို့မိသားစုလည်း ကြိုးကြည့်ကြောင်ကြည့် ဖြစ်နေသည်။

သူတို့ လပြည့်ဝန်းကို ဘာမှ မမေးကြ...

လပြည့်ဝန်းကလည်း ဘာမှပြောချင်စိတ်မရှိသည့်မို့ အိပ်ရာ တွင်းမှပင် အသာလှဲနေလိုက်သည်။

ပတ်ဝန်းကျင်သည် ပြန်လည်၍ တိတ်ဆိတ်သွားခဲ့သလို ပြည့်ဝန်းစိတ်တို့ကလည်း ကြောက်ရွံ့မှုတို့ လျော့ပါးသွားခဲ့ ပြီဖြစ်သည်။

သို့သော်...

* * *



## အခန်း (၈)

'ဟုတ်မှ ဟုတ်ရဲ့လား သမီးရယ်၊ သမီး တစ်ခုခုကို လမ်းလို့များ အိပ်မက်မက်နေတာများလား'

ပိုးပုဝါ ညကအဖြစ်အပျက် တွေကြုံခဲ့ရပုံများကို မိခင် ဒေါ်မြမေကို ပြန်၍ ပြောပြလိုက်အပြီးတွင် ဒေါ်မြမေက မယုံ တစ်ဝက် ယုံတစ်ဝက်နှင့် ပြန်၍ မေးလိုက်သည်။

'ဟုတ်ပါတယ်... မေမေရယ်၊ အိပ်မက်လည်း မဟုတ် ၊ ခွေးအူသံတွေကြားရပြီး တံခါးဖွင့်သံနဲ့ လမ်းလျှောက်သံတွေ ကြားလိုက်ရကတည်းက သမီး နိုးသွားတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ… ဒါဆို သမီး မြင်လိုက်တာ ဘယ်သူလဲ'

'မသိဘူးလေ… အဲလိုပဲ ဆံပင်ရှည်ရှည် ဖားလျားကြီးနဲ့၊ မျက်နှာတစ်ခုလုံး သွေးတွေနဲ့ဆိုတော့ သမီးလည်း လန့်ပြီးအော်လိုက်တာပေါ့'

'ဘယ်သူ ဘယ်ဝါရယ်လို့ မသိတော့ဘူး'

'ဟင်း…'

ဒေါ်မြမေ သက်ပြင်းကို လေးလေးတွဲ့တွဲ့ချလိုက်သည်။

သမီးငယ်ဖြစ်သူကတော့ နိုင်နိုင်မာမာပင် ပြောနေသည်မို့ ဒါဟာ သမီးကြီး အနှမ်းမှုန်းပင် ဖြစ်လိမ့်မည်ဟု ဒေါ်မြမေ တွက်ဆလိုက်သည်။

သူတို့ သားအမိကို လာနှုတ်ဆက်တာလည်း ဖြစ်ပေလိမ့်မည်။

ဒါကို သမီးငယ်က မသိသဖြင့် လှုတ်ရှိမြင်ကွင်းအပေါ် ကြောက်လန့်တကြား အော်ဟစ်လိုက်ခြင်းဖြစ်သည်။

'သမီးကြီး… အနှမ်းပန်းရေ… အမေ့… အမေ့… အမေ့'

'သမီး… ကောင်းရာ မွန်ရာ ရောက်ပါစေလို့ မေမေ





ဆုတောင်းပါတယ်ကွယ်'

ဒေါ်မြမေ စိတ်ထဲက သမီးဖြစ်သူအတွက် ရွတ်ဆိုဆုတောင်းနေမိသည်။

ထိုစဉ် သူတို့အနားသို့ လပြည့်ဝန်းရောက်လာသည်။

ထို့ကြောင့် ဒေါ်မြမေက လပြည့်ဝန်းကို လှမ်းမေးလိုက်၏။

'သမီးကော… ညက တွေ့လိုက်ရလို့ အော်လိုက်တာလား'

'မဟုတ်ဘူး… အန်တီ၊ သမီးက ဘာမှကိုမတွေ့လိုက်ရသေးဘူး၊ သမီးလည်းကြောက်ပြီး တအားအော်လိုက်တာ'

'အေးကွယ်… အန်တီလည်း အန်တီသမီးလေး အနှမ်းမှုန်းများ အန်တီတို့ကို လာနှုတ်ဆက်သလားလို့ပါကွယ်'

ဒေါ်မြမေပြောရင်း မျက်ရည်များ စီးကျလာသည်။

'စိတ်မကောင်း မဖြစ်ပါနဲ့ အန်တီရယ်၊ လမ်းတို့လည်း အနှမ်းအတွက် သိပ်တို့ ခံစားရပါတယ်၊ တရားနဲ့သာ ဖြေပါနော်'



www.burmeseclassic.com

www.burmeseclassic.com



သမီးအရွယ် ကလေးတစ်ယောက်က တရားနှင့်ဖြေပါဟု နားချလာသဖြင့် ဒေါ်မြမေစိတ်ထဲတွင် တင်းထားလိုက်၏။

အမှန်ပင် သံသရာတရားကို ဘယ်သူက လွန်ဆန်နိုင်မှာလဲ…

တရားရှိ တရားသိဖို့လိုပါသည်။ ကြီးငယ်ရွယ်မတူ သေမင်းကတော့ ခေါ်မှာပဲလေ။

မိဘကို လုပ်ကျွေးသမှုပြုခဲ့တဲ့ သမီးကြီးအနမ်းယန်းသေသော်လည်း အပါယ်လားမည်မဟုတ်ဟု ယုံကြည်စွာပင် စိတ်ကို ဖြေလိုက်သည်။

'ဘွားလေး… ဈေးသွားရအောင်လေ'

'ဩော်… အေး… အေး…'

မနေ့ညနေကတည်းက ဈေးသွားလျှင် လိုက်သွား၍ မိမိတို့ စားချင်တာကို ဝယ်ယူချက်ပြုတ်စီစဉ်ပေးပါရန် ဒသူထွေးဦးပေါ်ထွန်းက မှာခဲ့သဖြင့် ဒေါ်မြမေ အောင်စိန်မင်း၊ မောင်မျိုးတို့နှင့် အတူဈေးသို့ ဆိုင်ကကားနှင့် လိုက်ခဲ့လေသည်။

'ဘွားလေး… ဘွားလေးတို့ စားချင်တာဝယ်နော်၊





နောက်ပြီး ကျွန်တော်တို့ လူအုပ်ကိုထွက်ပြီး ဝယ်ရမှာ နှစ်ရက်စာ'

'နှစ်ရက်စာ… ဝယ်မှာလား'

'ဟုတ်တယ်လေ… ဘွားလေးရဲ့ မနက်ဖြန် မမှမ်းကို သင်္ဂြိုဟ်ရမှာ မဟုတ်လား'

'ဩော်… မနက်ဖြန် သမီးကြီးကို သင်္ဂြိုဟ်ကြတော့မှာကိုး'

ဘယ်လိုပင် တရားနှင့် ဖြေနိုင်ခဲ့သည်ဆိုသော်လည်း တကယ်တမ်း သင်္ဂြိုဟ်ကြတော့မည်ဆိုတော့ သမီးနှင့်တစ်သက်တာလုံး ခွဲကြပြီဆိုသည့်အသိက ဒေါ်မြမေရင်ကို လှိုင်းထစေလေသည်။

စီးကျလာသော မျက်ရည်များကို ပုခုံးတွင်ပတ်ထားသော တဘက်ကို ဖြုတ်ကာ သုတ်လိုက်၏။

ဒါကိုမြင်သော အောင်စိန်မင်းနှင့် မောင်မျိုးတို့က စိတ်မကောင်းစွာပင် မမြင်ချင်ယောင် ဆောင်လိုက်ကြ၏။

'ဘွားလေး… ဟိုမှာ အမေတို့ရော ကျန်းမာရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ဟိုတိုလေးကတော့ မိုက်အောင်လို့ ဆိုပေ… ပဲ၊ တစ်ရက်နှစ်ရက်တော့ ဆေးထိုးလိုက်ရတယ်၊ ငါထွက်… တော့ ဘာမှာမလဲလို့ အဲကာကို သွားမေးနိုင်းသေးတယ်၊ အခ… အထူးတော့ မှာစရာ မရှိဘူးတဲ့၊ ဖုန်းပဲဆက်လိုက်မယ် ပြောတ… ပဲ'

'အဆင်တော့ ပြေတယ် မဟုတ်လား၊ ဟိုလူကြီးဖေ… သောက်သေးလား'

အောင်စိန်မင်း မိခင်မှာ ယောက်ျားဆုံးပြီး နောက်အိ… ထောင်ပြုထားသဖြင့် ပထွေးဖြစ်သူနှင့် အဆင်မပြေဖြစ်ကာ ထွ… လာရာမှ ယခု ပန်းသခင်ဆိုင်တွင် လုပ်ဖြစ်သွားခြင်းဖြစ်သည်…

'အဆင်ကတော့ ပြေပါတယ်၊ ထွန်းခင်ကတော့ ထုံး… အတိုင်း သောက်တုန်းပဲပေါ့ဟာ'

ဘယ်တတ်နိုင်မလဲလေ… ထွန်းခင်က နင့်အမေနဲ့ … ခင်ကတည်းက မိုးလင်းသောက်နေတဲ့ ကောင်ပဲ ဘယ်တတ်… မလဲ'

'အဆင်ပြေရင်ပြီးတာပါပဲ… သွားလေးရယ်၊ ဒီငမူး…





တို့ ခင်စန်းအတွက် စိတ်မချတာပါ'

ခင်စန်းဆိုသည်မှာ အောင်စိန်မင်း၏ ညီမ ပိုးပုဝါနှင့် ရွယ်တူပင်ဖြစ်သည်။

'အို… ဒါမျိုးတော့ ထွန်းခင် စိတ်တောင် မကူးရဲပါဘူး၊ စိတ်ချ အောင်စိန်မင်း၊ ပြီးတော့ မတင်ကြည်နဲ့ သွားနေတာလေ'

'ဗျာ… ခင်စန်းက ဒေါ်လေးကြည်နဲ့ သွားနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး… နင်ထင်သလိုပေါ့၊ ထွန်းခင်နဲ့ မသင့်တော်ဘူးဆိုပြီး မတင်ကြည် ခေါ်ထားလိုက်တာလေ'

မတင်ကြည်ဆိုသည်မှာ အောင်စိန်မင်းမိခင်၏ ညီမ မုဆိုးမဖြစ်သည်။

ယောက်မအိမ်ခြံဝင်းထဲတွင် အိမ်လေးတစ်လုံး သတ်သတ်ဆောက်နေကာ ကုန်စုံဆိုင်ကလေးတည်ထားပြီး စက်လဲ ချုပ်သူ…

'အင်းလေ… ဒေါ်လေးကြည်လဲ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကောင်းပါတယ်၊ ခင်စန်းလဲ ပညာရတာပေါ့'

ဒေါ်မြမေနှင့်အောင်စိန်မင်းတို့ ပြောနေကြသည်ကို မော

မျိုးက တစ်ခွန်းမှဝင်မပြောဘဲ ကားကိုသာ ဂရုတစိုက်မောင်း

သည်။

ဒေါ်မြမေ စိတ်အာရုံပြောင်းစေရန် အောင်စိန်မင်း

မိသားစုအကြောင်းများကို လှည့်ပတ်ပြောနေခြင်း ဖြစ်သည်

မောင်မျိုး ကောင်းစွာသိသည်မို့ အသာငြိမ်နေခြင်းပင်ဖြစ်သည်

* * *

ဈေးဝယ်ပြီး...

သူတို့ ပြန်လာချိန်တွင် ဆိုင်၌ သူဌေးဦးပေါ်ထွန်း ရောက်

သည်။

'အစ်မကြီးတို့... ဈေးက ပြန်လာကြတာလား'

'ဟုတ်ကဲ့... သူဌေး၊ နှစ်ရက်စာ ဝယ်လာပါတယ်၊

တော်ဖြန့် သမီးလေး မြေချဖို့ရှိတယ်ဆိုတော့ ဒီနေ့ထဲကပဲ ဝယ်

လိုက်တော့တယ်'

'ဟုတ်တယ်... အစ်မကြီး၊ ကျွန်တော် အောင်စိန်မင်းကို

ခဲ့တာပါ၊ ဒီနေ့ ဖိတ်စာတွေလိုက်ပေးရဦးမယ်၊ ဘားတွေက

ပဲ ထွက်မှာလေ'





www.burmeseclassic.com

www.burmeseclassic.com



'ကောင်းသလိုပဲ စီစဉ်ပါ သူဌေးရယ်၊ ကျွန်မတို့ ...
လည်း နယ်ကဆိုတော့ ဘာမှမသိဘူး'

'အစ်မကြီး… အဲဒါတွေ ခေါင်းထဲမထားပါနဲ့၊ အား...
ပြည့်ပြည့်စုံစုံ စည်စည်ကားကားလေးဖြစ်အောင် ကျွန်တော် လု...
ပေးမှာပါ'

'သူဌေးရဲ့စေတနာနဲ့ စိတ်ထားကို နားလည်ပါတယ်...
ကျွန်မ အားလည်း ကိုးပါတယ်'

'ကဲ… ကဲ… လုပ်စရာရှိတာ လုပ်ကြပါ၊ ကျွန်တေ...
လည်း မနက်ဖြန်အတွက် စီစဉ်ရဦးမယ်'

'မောင်မျိုး… ငါနဲ့ လိုက်ခဲ့ဦး'

'ဟုတ်ကဲ့… သူဌေး'

မောင်မျိုး ဈေးမှပြန်လာသော ကားပေါ်မှ ဆင်း...
သူဌေး ကားပေါ်သို့ မောင်းသူနေရာတွင် ပြောင်းထိုင်လို...
သည်။

မကြာမီ…

သူဌေးနှင့် မောင်မျိုးတို့ ထွက်သွားကြ၏။





ဒေါ်မြမေ

လပြည့်ဝန်း

စီစဝါတို့က ချက်ပြုတ်ရေးကိစ္စများကို မီးဖိုတွင် လုပ်ကိုင်
နေကြသည်။

ဦးတင်နှင့် အသေးလေးက အိမ်ခေါပြန်သွားကြ၏။

မောင်လေးအာကာကလည်း အောင်စိန်မင်းတို့ ခြံပတ်
လည် သန့်ရှင်းရေး လုပ်နေရာတွင် ဝိုင်းကူလုပ်နေကြသည်
မို့…

ဝိုးပုဝါ အခန်းတွင်း သန့်ရှင်းရေးလုပ်ပြီး ဆိုင်အတွင်း
တံမြက်စည်းလှဲနေသည်ကို မြင်သဖြင့် မောင်လေးအာကာ သူမ
ထံသို့ ပြေးလာသည်။

'မဝိုး… အာကာ ဘာလုပ်ပေးရမလဲ'

'ဂေါ်ပြားယူခဲ့ပါလား… မီးအမှိုက်တွေ ကျုံးပေးလေ၊
မီးလှဲပြီး စုစုထားမယ်'

'ဟုတ်ကဲ့…'

အာကာ ဂေါ်ပြားယူရန် ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟထားသည့် တံခါးအပြင်မှ ရိပ်ခနဲလှုပ်သွားသော လှုပ်ရှားမှု တစ်ခုကြောင့် ဗိုးပုဝါ လှမ်းကြည့်လိုက်သည်။

'ဟင်...'

ဗိုးပုဝါ ကြက်သီးများ ဖျင်းခနဲထသွားမိ၏။

ဆံပင်တွေ ဆံပင်တွေကို သူမ အသေအချာပင် မြင်လိုက်ခြင်းဖြစ်သည်။

ဖြန့်ချထားသည့် ဆံပင်ရှည်တို့၏ နောက်အစပ်ကို ရိပ်ခနဲမြင်လိုက်ရတာမို့ ဖွေ့ဝဲသွားတာတွေဟာ ဆံပင်တွေမှန်းလည်း ပို၍ သေချာသွားသည်။

မနက်ပိုင်းမို့ ကြောက်ပေမယ့် သတ္တိတော့ ရှိသေးသည်။

နေရာမှ ချက်ချင်းပြေးထွက်လိုက်၏။

တံခါးကိုဆွဲဖွင့်ကာ နောက်ဘက်နှင့် ဆိုင်ရှေ့ဘက်ကို ဖိုဖိုသည်သည် ကြည့်လိုက်မိသည်။

ဘာမှမရှိ။

ဘယ်ကိုကြည့်လိုက် ကြည့်လိုက်....





ဘာဆိုဘာမှ မရှိပေ။

ဗိုးပုဝါ ရင်တွေခုန်နေပေမယ့် ညလောက်တော့ မဆိုးခဲ့ပေ။

လူမဟုတ်တာတော့ သေချာသည်။

ပို၍ သေချာသည်က ထိုအရိပ်သဏ္ဍာန်၏ ဆံပင်ရှည်အားဖားဝေကြီးများကို မြင်လိုက်ရခြင်းပင်...

'ဒုန်း...'

'ဘုန်း...'

'ဟင်...'

စူးရှသော အသံတစ်ခုနှင့်အတူ တစ်စုံတစ်ရာ တိုးတိုက်ရွေ့လျားသံများ ပေါ်ထွက်လာသဖြင့် ဗိုးပုဝါ အခန်းတွင်းသို့ ပြန်၍ ဝင်လာခဲ့သည်။

သို့သော် အခန်းတွင် ဘာလှုပ်ရှားမှု တစ်စုံတစ်ရာမှ တွေ့ရ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်ခုံသံတွေက တဒိန်းဒိန်း ဆူညံလာသည်။

'ဂျိ... ဂျစ်... ဂျစ်'

ဘာနဲ့ ဘယ်လိုထိတွေ့ပြီး ထွက်ပေါ်လာသည့် အသံမှန်း မသိ။

အခန်းထောင့်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အသံသာ ထွက်ပေါ်လာခြင်းဖြစ်ပြီး အခန်းသည် ဟာလာဟင်းလင်းကြီး ဖြစ်နေ၏။

ဒီလို မနက်ခင်းကြီးမှာပင် ဒီလိုမျိုး အသံဗလံတွေ အရိပ်သဏ္ဍာန်တွေကြောင့် တချွေ၊ သရဲဖြစ်နိုင်ပါ့မလား...

သံသယစိတ်နှင့် ကြောက်စိတ်တို့က လုံးထွေးလာလေသည်။

အခန်းပြင်သို့ ပြန်ထွက်ရန် ဝိုးပုဝါ လှည့်လိုက်စဉ်...

'ဝိုး...'

သူမခြေလှမ်းတို့ ရပ်သွားသည်။



သူမကို ခေါ်လိုက်ခြင်းပင်ဖြစ်၏။

ဟုတ်ပါသည်။

သူမကို ခေါ်လိုက်ခြင်းပါ...

သူမ ပြန်၍ပင် လှည့်ကြည့်လိုက်ရမည်လား။

သူမ ဝေခွဲမရ။ တောင့်တောင့်ကြီးပင် ရပ်နေမိလိုက်...သည်။

'ဝိုး... ဝိုး...

'ဝိုး...'

အသံက အခန်းတွင်းမှ အသံမို့ ခပ်တိုးတိုးပေမယ့် ကွဲ...က်အက် လှိုက်သံပေါက်လျက် အသံထပ်များဖြင့် ထွက်လာ...သည်။

ဘယ်သူလဲ ကြောက်စိတ်ကို သူမ ဖျောက်ကြည့်သည်။

...မနက်ခင်းကြီးပဲ ဂေါ်ပြားတွေသွားယူတဲ့ မောင်လေးကလည်း ...လိုက်တာ...

www.burmeseclassic.com



'ဂေါ်ပြားက မတွေ့လို့ မမရဲ့၊ ကိုအောင်စိန်မင်းကို သွားမေးရတယ်၊ စတိုထဲက အသစ်ထုတ်ပေးလိုက်တယ်။ ဒီမှာ…'

ပိုးပုဝါ အာကာကို ပြန်မပြောနိုင်သေးဘဲ အခန်းတွင်းသို့ လှည့်ကြည့်လိုက်သည်။

ဘာမှမရှိတော့ ပိုးပုဝါ အခန်းတွင်းသို့ဝင်ပြီး ဟိုဟိုဒီဒီ ကြည့်သည်။

ဘာဆိုဘာမှ မရှိ။

မောင်လေးအာကာ ရောက်လာသဖြင့် မမနမ်း ပျောက်ကွယ်သွားခြင်းပင်…

'ဘာလဲဟင်… မမပိုး'

သူမ ဟိုကြည့်ဒီကြည့် လုပ်နေခြင်းကို မောင်လေးအာကာက မေးလိုက်ခြင်းဖြစ်သည်။

'ဘာမှ မဟုတ်ပါဘူး မောင်လေးရယ်၊

'ကဲ… ကဲ… ဟိုမှာ မမပိုးစုထားတဲ့ အမှိုက်တွေကို သွားကြုံးလိုက်ဦး'

အာကာထွက်သွားမှပင် ပိုးပုဝါ ထိန်းထားသော စိတ်တို့ကို လျှော့ချလိုက်ပြီး ရှိုက်ကြီးတငင် ထိုင်ငိုလိုက်ပါလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အနှမ်းပန်း

အသက် ၂၅ နှစ်

ဒီကနေ့ အနှမ်းပန်း အသုဘချသည့်နေ့…

ပန်းသခင်သို့ ဖိတ်ကြားထားသူများ တဖွဲဖွဲရောက်လာသည်။

ပန်းသခင်၏ ဖောက်သည်များ မိတ်ဆွေသဂ်ဟများ ပန်းပန်းကို ခင်မင်သံယောဇဉ်ရှိသူ မိတ်ဆွေများ…

အောင်စိန်မင်းက ဘီအမ်ကားနံ့ရုံများတွင်…

အနှမ်းပန်း ဈာပနစာရွက်ကို လိုက်ကပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးနှင့်လှဦးက အသုဘပို့လာကြသော ဧည့်သည်... များအား ပလတ်စတစ်ယပ်တောင်ကလေးများကို လိုက်ကမ်း... သည်။

မကြာမီ ကားများ ပန်းသခင်ဆိုင်ရှေ့မှ ထွက်ခွာလာ... သည်။

သုဿန်တွင် သူဌေးဦးပေါ်ထွန်းနှင့် ဆိုင်မန်နေဂျာ... ဦးအောင်နိုင်တို့က အနမ်းပန်း အလောင်းကို ဆေးရုံမှသယ်လာ... စောင့်နေကြသည်။

ဆိုင်မှ အသုဘပို့ကားများ ဝင်ရောက်လာကြသည်။

ရှေ့ဆုံးဟိုင်းလက်ကားပေါ်မှ ဒေါ်မြမေတို့သားအမိနှင့်... အနမ်းပန်းသူငယ်ချင်းများ ပြေးဆင်းလာကြသည်။

ဦးပေါ်ထွန်းက ဒေါ်မြမေတို့မိသားစုကို အလောင်း... မကြည့်ရန် တောင်းပန်ကာ ဆိုင်ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်... ကြောင်း အမိန့်စာပြန်ပြီး...

သင်္ဂြိုဟ်ရန် ပြောလိုက်လေ၏။

ဒေါ်မြမေတို့ သားအမိနှင့် သူငယ်ချင်းများ ခေါင်းတို...





...ထွက်လာသော မီးခိုးများကိုကြည့်နေကြသည်။

အနမ်းပန်း ဆိုသော လှပချောမောလှသည့် မိန်းမချော ...သေး၏ နောက်ဆုံး သွားရာလမ်းကို ငေးမော ကြည့်ရှုနေကြ ...သည်။

မိသားစုအပေါ် သိတတ်စွာ ရှာဖွေကျွေးမွေးခဲ့ရခြင်း ...ကြောင့် သူမ ကောင်းရာသုဂတိ ဘုံဘဝ ခံစားစံစားနိုင်ပါစေ ...။

လူ့ဘဝကြီး၏ တရားရစရာမြင်ကွင်း...

လောဘ၊ ဒေါသ မာန်မာနတွေနဲ့အတူ ဆင်းရဲချမ်းသာ ...ထက်အလတ် အမြတ်မရွေး နောက်ဆုံး...

ဒီ မီးသင်္ဂြိုဟ်စက်ကြီးက တရားမျှတစွာပင် တန်းတူ မီးရှို့လောင်မြိုက်ပေးခဲ့သည်။

ဒါဟာ တကယ်ပဲ အမှန်တရားပင်ဖြစ်သည်။

သမီးကြီးရေ...

မမရေ...

အနမ်းရေ...



www.burmeseclassic.com

သူငယ်ချင်းရေ… စသဖြင့်

ငိုသံယိုသံတွေ ဆူညံနေသည်။

ဦးပေါ်ထွန်း ဆက်လက်ကြည့်နေနိုင်စွမ်းမရှိတော့၊

မောင်မျိုးနှင့် လှဦးအားခေါ်၍ ပြန်ကြရန် ပြောလိုက်လေတော့သည်။

* * *



ယနေ့ည ဆိုင်တွင် လူတစ်ယောက်တိုးလာသည်။

တိုးလာသူမှာ ညီသစ်တာပင်။

အနှမ်းယန်းအသုဘချပြီး ပြန်လာကတည်းက ဆိုင်မှာ သောက်နေသည်မှာ ယခုမိုးပင် စုံးစုံးချုပ်လေပြီ။

ဆိုင်ထဲတွင် စားပွဲများကိုဆက်ခါ အိပ်ကြမည့် ယောက်ျားလေးဝိုင်းတွင် ညီသစ်တာ စကားများက ဆူညံစွာပေါ်ထွက်လာနေသည်။

ဆိုင်ရှိ ဝန်ထမ်းကောင်လေးများမှာလည်း ညီသစ်တာကို ချောမောတာ ပြောဆိုရင်း းထိုင်၍ စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်တစ်ယောက်ကတော့ ခြံတခါးကိုပိတ်ကာ ခြံပတ်
ဝန်းကျင်ကို လိုက်လံစစ်ဆေးကြည့်ရှုနေသည်။

ဒေါ်မြမေတို့ မိသားစုနှင့်စီစဝါ၊ လပြည့်ဝန်းတို့ကတော့
ညနေစာ စားပြီးကတည်းက သူမတို့အိပ်ရန်ပေးထားသော အခန်း
ထဲသို့ဝင်ကာ စကားပြောနေကြ၏။

'မေမေကို... ဖိုး... တစ်ခုလောက် တောင်းဆိုချင်
တယ်'

'ဘာများလဲ သမီးငယ်လေး၊ ဘာတွေများတောင်းဆိုမှာ
လဲကွဲ့'

'ခု... မမနှမ်းလဲ မရှိတော့ဘူးဆိုတော့ မေမေနဲ့ မော
လေးတာဝန်ကို ဖိုးယူချင်တယ် မေမေ'

'သမီးငယ်လေးရယ်... ခုမှ ဆယ်တန်းဖြေထားတုန်း
ရှိသေးတာပဲ၊

'မေမေတစ်ယောက်လုံး ရှိပါတယ်ကွယ်၊ မေမေ...
သမီးနဲ့သားကို မေမေ ရှာကျွေးပါ့မယ်'

'မဟုတ်ဘူး... မေမေ၊ မေမေက အသက်ကြီးပြီလေ
နောက်ပြီး မမနှမ်းကိုယ်တိုင်လည်း မေမေနဲ့ မောင်လေးတာဝန်
ကို သမီးကို ယူပါလို့ပြောတယ်'

ဒေါ်မြမေ သမီးငယ် ဖိုးပုဝါစကားကြောင့် အလွန်ပင်
အံ့သြသွား၏။

သူတို့ သားအမိစကားများကို ဘာမှဝင်မပြောဘဲ စီစဝါ
နှင့် လပြည့်ဝန်းတို့က ကွာစေကို တခွပ်ခွပ်ဝါးရင်း ကြည့်နေ
သည်။

'သမီးကို ဘယ်တုန်းမှာသွားလို့လဲ'

ဒေါ်မြမေ အံ့သြမည်ဆိုလျှင်လည်း အံ့သြစရာပင် အနှမ်း
နှမ်း ဖုန်းဆက်သည်ဖြစ်စေ၊

အိမ်သို့တခေါက်တစ်ဖြုတ် ရောက်လာသည်ဖြစ်စေ ဖိုးပုဝါ
နှင့် တွေ့ဖို့ဆိုတာ အတော်ပင်ခဲယဉ်းလှသည်။

ဖိုးပုဝါက ကျောင်းတက် ကျူရှင်တက်နှင့် ..

အနှမ်းပန်းကလည်း ဒီမှာ အလုပ်ကောင်းသဖြင့် ပော
ချင် ညပင်မအိပ်။

ချက်ချင်းပြန်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မြို့နှင့်ရုံးကုန်ဆိုတာကလည်း နေချင်းသွားလို့
သဖြင့် အနမ်းပန်းလာလျှင် ချက်ချင်းပင် ပြန်သွားတတ်သည်
ဝိုးပုဝါကို ဒီစကား ဘယ်တုန်းကများ ပြောသွားပါလိမ့်။

'ပြောလေ... မီးငယ်လေး၊ ဘယ်တုန်းကပြောသွား
လို့'

ဝိုးပုဝါက စီဝေါနှင့် လပြည့်ဝန်းတို့ကို ကြည့်လ
ပြီး...

'မနေ့က...'

'ဟင်...'

အားလုံးပင် အံ့ဩသွားသည်။

ဘုရား...

ဘုရား...

သမီးလေး ပြောလိုက်တာမှ ဟုတ်ရဲ့လား...

'သမီးငယ်လေး... ဘာပြောလိုက်တယ်'

'မနေ့က မမနမ်းနဲ့တွေ့တာ'

'ဟုတ်ရဲ့လား ညီမလေးရယ်၊ ပေါက်ကရတွေ မ



နဲ့ကွာ၊ စီဝေါတို့ လပြည့်ဝန်းတို့လည်းရှိတယ်နော်၊ ညီမလေး
ဘာလုပ်ချင်တာလဲပြော'

'ဝိုး... မမတို့ဆိုင်မှာ သီချင်းဆိုမယ်'

'အို... မဟုတ်တာ'

ဒေါ်မြမေ အသံပင်ထွက်သွားလောက်အောင် အံ့ဩသွား
ခဲ့ရ၏။

မဖြစ်နိုင်ပါ။

ဒီကိစ္စကို ဒေါ်မြမေ လက်မခံနိုင်ပါ...

'အို... မလုပ်ပါနဲ့ သမီးရယ်၊ မေမေ... ရှာကျွေးပါ့
ယ်၊ သမီးနဲ့သား... မျက်နှာမငယ်စေရပါဘူးကွယ်'

'မဟုတ်ဘူး မေမေ၊ ဒါ... မမနမ်း ဆန္ဒပါ'

'သမီးလေး... သမီးလေး... ခုနကပြောတာ တကယ်
လားဟင်'

'ဟုတ်တယ်... မေမေ'

ဟု အစချီကာ အနမ်းပန်းနှင့် တွေ့ခဲ့ပုံအကြောင်းကို
ပြောပြလိုက်သည်။

www.burmeseclassic.com



ပိုးပုဝါ စကားအဆုံးမှာ ဒေါ်မြမေတစ်ယောက်...

'ဘုရား... ဘုရား... သမီးလေးရယ်'

'ဟုတ်တယ်... မေမေ၊ သမီးကို မမ ကိုယ်ထင်ပြပြီး သေသေချာချာ ပြောတာပါ'

'အေးလေ... ထားပါတော့၊ ဒါပေမယ့်... မီးယပ်ရ သီချင်းဆိုဖို့ဆိုတာကတော့ မေမေ သဘောမတူဘူး'

'မလုပ်ပါနဲ့ မေမေရယ်၊ သမီးလည်း မမလို မိဘအ ကို လုပ်ကိုင်ကျွေးမွေးတဲ့ သမီးကောင်း တစ်ယောက် ဖြစ်ချင် ပါ မေမေ၊ မမရဲ့... အသုဘမှာ သမီးလေ ကြားနေရတော အတွက် အရှမ်းကို ဂုဏ်ယူဝမ်းသာဖြစ်ခဲ့ရတယ်၊ သီလား'

'မမကိုလေ မိဘကို လုပ်ကျွေးတဲ့ သမီးလေးဆို ချီးမွမ်းပြောဆိုနေလိုက်ကြတာလေ... သမီးလဲ အဲသလို အ ဖြစ်ချင်ပါတယ် မေမေရယ်၊ သေရင်တောင် သေရကျိုးနပ်တ'

'အို... သမီးလေးရယ်'

မျက်ရည်လေးများ စီးကျနေရင်း ပိုးပုဝါကို မိခင်ဒေါ် မေ ရင်ထုမနာဖြစ်လေသည်။





ဇီဇဝါနှင့်လပြည့်ဝန်းတို့ကလည်း သားအမိနှစ်ယောက် ကြည့်ကာ စိတ်မကောင်းဖြစ်နေသဖြင့်...

အသီးသီးမျက်ရည်များပင် ဝေ့ဝဲတက်လာသည့်အထိ ကြွေခဲ့ကြရသည်။

'မမတို့ကိုလည်း... ပိုး တောင်းပန်ပါတယ်၊ ဒီဆိုင် ဆက်လုပ်ပါရစေရှင်၊ ပိုးအတွက် သူဌေးကို ပြောပေးပါ'

'ပြောတာကတော့ ရပါတယ် ညီမလေးရယ်၊ ဒါပေမယ့် ချင်းဆိုဖို့အတွက်က ညီမလေးမှာ အတွေ့အကြုံနဲ့ အသံအထိုက် ယောက်ကောင်းမှ ဖြစ်မှာကွဲ'

'အဲဒါအတွက်ကတော့ မပူပါနဲ့ မမရယ်၊ ပိုးက မမနှမ်း ဲ အဲဒီ အဆိုဘက်မှာ သာပါတယ်၊ မမနှမ်းက ပိုးတပည့် လား'

'ဟုတ်တယ်...'

'ဟုတ်တယ်... မမရဲ့၊ မယုံရင် မေမေ့မေးကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ ဟုတ်ပါတယ်ကွယ်၊ သမီးကြီး သီချင်းဆိုမယ်ဆိုတော့ အသံနေအထား သီချင်းအနေအထားနဲ့ သီချင်းတွေကို သူက ရွေးပေးတာလေ'

'အို ... ဟုတ်လား၊ ဒါဆိုလည်း ခွင့်ပြုလိုက်ပါ အန်တီရယ်၊ ဒီပြင်နေရာမှာထက်စာရင် ဒီနေရာက စိတ်ချရပါတယ်'

ဗီဇဝါနှင့် လပြည့်ဝန်းတို့ကပါ ဝင်ရောက်ထောက်ခံ ပြောဆိုနေကြသဖြင့် ဒေါ်မြမေတစ်ယောက် အခက်တွေ့နေသည်။

တစ်ဖက်ကကြည့်လျှင်လည်း မှန်ပေသည်။

အနမ်းပန်းကိုယ်တိုင် သူမ မောင်လေး ညီမလေးများကို အလုပ်လုပ်ရင်း ပညာကို တတ်အောင် သင်ကြားပေးခဲ့သည် မဟုတ်လား...

'အေးလေ... ကြည့်စီစဉ်ကြတာပေါ့၊ သူ့ဒွေးကိုလည်း ပြောကြည့်ပါဦး၊

တကယ်လို့ လုပ်လို့ရမယ်ဆိုရင်တော့ မေမေတို့ပါ ...ကုန်မှာ လာနေတော့မယ်၊ အာကာကိုလည်း ကျောင်းပြောင်း ...တ်တော့တာပေါ့'

'ဟာ... ဒါဆို ပိုကောင်းတယ် အန်တီ၊ သမီးတို့ဆီမှာ ...တ်ခန်းတစ်ခန်း ငှားနေလိုက်ကြပေါ့'

'ဈေး၊ ကျောင်း အကုန်နီးတယ်'

'အေးပါကွယ်... ကျေးဇူးတင်ပါတယ်၊ ကဲ... လာ ...ကြစို့ရဲ့၊ ဟိုရှေ့က ကောင်လေးတွေ အသံတောင် တိတ်သွား ...ပြီ'

ဒေါ်မြမေစကားကြောင့် အသီးသီး အိပ်ရာသို့ ဝင်ခဲ့ကြ ...သည်။

ညဉ့်သည် တိတ်ဆိတ်ခြင်းတို့က ဆိုးဝါးစွာ ကြီးစိုးနေ ...သည်။

အသီးသီး ကိုယ့်စိတ်ကူးနှင့်ကိုယ် အိပ်ရာဝင်ပြီး ငြိမ် ...တ်နေလိုက်ကြမှပင်...

ညဉ့်၏ ချောက်ချားဖွယ်ရာများကို သတိပြုမိလိုက်ကြ ...သည်။







www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထု ရစ်သိုင်းခဲ့ပြီဖြစ်သော ခြံထဲမှာ ပို၍ မှောင်မိုက်နေခဲ့သည်။

သို့သော်...

* * *



## အခန်း (၁၀)

'ဖြစ်ပါ့မလား... မေစပါယ်ရာ'

'ဟာ... ဘာလုပ် မဖြစ်ရမှာလဲ၊ ငါ့ဆရာကို သေသေချာချာ မေးထားပြီးပြီ'

မေစပါယ်စကားကို ထွန်းအေး၊ မြတ်သူရနှင့် သိန်းထိုက်တို့သုံးယောက် နားထောင်အပြီးတွင် ထိုသို့ပြန်၍ မေးလိုက်ခြင်းဖြစ်သည်။

မေစပါယ်နှင့်မြတ်သူရမှာ ချစ်ကြိုက်နေကြသူများဖြစ်ပြီး ထွန်းအေးနှင့်သိန်းထိုက်က မေစပါယ် အဖော်ရှာနိုင်းသဖြင့် မြတ်သူရက သူ၏ သူငယ်ချင်းများကို ခေါ်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မေရာ… မင်း သေသေချာချာ မေးပြီးရင်လည်း အဲဒီ ဆရာကိုပဲ လိုက်နိုင်းလိုက်ပေါ့ကွာ၊ ငါတို့တော့ လုပ်ရမှာ လန့်တယ်ဟ'

'ကိုမြတ်… မေက သိပ်မက်မောနေလို့ လုပ်နေတယ် များထင်နေလား၊ ခု… ငွေလိုနေတာ ဘယ်သူလဲ ဘယ်သူ့အတွက်လုပ်မှာလဲ၊ ကဲ… ပြော'

မေစပါယ် စကားကြောင့် မြတ်သူရ ငြိမ်ကျသွားသည်။

အမှန်ပင် ငွေလိုအပ်နေသူမှာ မြတ်သူရပင်…

မြတ်သူရက တက္ကစီမောင်းသည်။

စပေါ်မတင်နိုင်သဖြင့် စပေါ်တင် အိမ်ယူထားသည့် သူငယ်ချင်းကားကို ညဘက်ညဘက် အဝေးပြေး သီရိမင်္ဂလာဈေး၊ ဘူတာကြီးစသည်ဖြင့် လူသွားလူလာ ဥဒဟိုရှိသည့် နေရာများကို ညဘက်မှာမောင်းရသူ…

ယခု သူငယ်ချင်းက နိုင်ငံခြားထွက်မည်ဆိုပြီး ကားကို ပြန်အပ်လိုက်သည်။

ဒီတော့ မြတ်သူရအလုပ်လက်မဲ့ ဖြစ်သွားရ၏။





ကားစပေါ်တင်ရန်အတွက် ငွေကလိုနေသည်။

အနည်းဆုံးလေးဘီး မောင်းလျှင်တောင် စပေါ်က ငါးသိန်း၊ ခြောက်သိန်းမှ ဆယ်သိန်းအထိ ပေးရမည်။

ဒီတော့ ချစ်သူ မေစပါယ်ကို အကူအညီတောင်း ရင်ဖွင့်ခဲ့၏။

မေစပါယ်က အနမ်းပန်းနှင့်အဆောင်တွင် တစ်ခန်းတည်းနေသူ။

ထို့ကြောင့်လည်း မေစပါယ်အကြောင်း အကုန်သိသလို အနမ်းပန်း အကြောင်းကိုလည်း မေစပါယ်က အကုန်သိနေသည်။

မကြာခင်ကမှ အနမ်းပန်းချစ်သူ ညီသစ်တာက ဆွဲကြိုး၊ လက်စွပ်၊ နားကပ်၊ ဟန်းချိန်း ကာလတန်ဖိုး ဆယ်သိန်းကျော်ဖိုးကို လုပ်ပေးခဲ့သည်ကို မေစပါယ် သိထားခဲ့သည်။

သို့သော် ထိုပစ္စည်းများကို အနမ်းပန်းက အလုပ်သွားလျှင် မဝတ်။

သိမ်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားလျှင် သူမတို့နှစ်ဦးဝယ်ထားသည့် ဖန်စီလေးများကိုသာ ဝတ်တတ်၏။

ထို့ကြောင့် ယင်းပစ္စည်းများကို အနမ်းပန်းသိမ်းထားသည်ကို သိသော်လည်း ဘယ်မှာထားသည်ကို မေစပါယ် မသိ။

မေးလျှင်လည်းမကောင်းမည်စိုးသောကြောင့် မေစပါယ် မမေးဖြစ်ခဲ့ . . .

ယခုတော့ မမျှော်လင့်ဘဲ အနမ်းပန်းတစ်ယောက် သေဆုံးခဲ့လေပြီ။

ထိုတူ ချစ်ရသူ မြတ်သူရကလည်း ပိုက်ဆံလိုနေသည်ဟု အသည်းအသန် အပူကပ်လာခဲ့သည်။

အဲဒီတော့ သူမ စည်းမစောင့်တော့။ ချစ်သူလိုနေသည့် ငွေအတွက် ရုတ်တရက် သေဆုံးခဲ့သူ အနမ်းပန်း၏ ပစ္စည်းများကို လိုက်ရှာတော့သည်။

အနမ်းပန်း၏ သေတ္တာကို သော့တူနှင့်ဖွင့်ကြည့်သည်။ ငွေနှစ်သောင်းနှင့် ဘဏ်စာအုပ်မှလွဲ၍ ဘာမှမတွေ့ . . .

ထိုအကြံအစည်ကို အနမ်းပန်းမဆုံးခင် နှစ်ရက်လောက်





ကတည်းက မြတ်သူရနှင့် တိုင်ပင်ထားခဲ့ကြသဖြင့် အနမ်းပန်းသေတ္တာသော့တူကို မြတ်သူရ အကူအညီနှင့် လုပ်နိုင်ခဲ့ပေမယ့် . . .

ယခုလို မမျှော်လင့်ဘဲ အနမ်းပန်းသေဆုံးသွားသည့်အတွက် ဤပစ္စည်းများကို အနမ်းပန်း သိမ်းဆည်းထားခဲ့ခြင်းကို မေစပါယ်မှလွဲ၍ ဘယ်သူမှသိမည် မဟုတ်ဟု နှစ်ယောက်သား ယူဆလိုက်ကြသည်။

အနမ်းပန်း ချစ်သူ ညီသစ်တာမှာလည်း သူ ထိုသို့ဝယ်ခြမ်းပေးထားသည့် ကိစ္စကို မည်သူ့မှ ပြောဆိုမေးမြန်းမည်မဟုတ်။

အနမ်းပန်းနှင့် အတူပဲ ပါသွားမည်ဟု ထင်ခဲ့ပေလိမ့်မည်။

အနမ်းပန်းသေမည့်ည အလုပ်သွားခါနီးမှာပင် မေစပါယ်က အကြံနှင့်မို့ မေးကြည့်ခဲ့ဖူးသေးသည်။

'ကိုညီ . . . အနမ်းကို လုပ်ပေးထားတာပဲ စပါယ်ရယ် ဘယ်ပြန်ယူပါ့မလဲ၊ ကိုယ်ကလည်း ညဘက်အလုပ်ကို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



မထားချင်ဘူးလေ၊ ဒါကြောင့် သိမ်းထားတာ၊ သူ့အတွက်
ဒီငွေလောက်က ခေါင်းထဲရှိမယ် မထင်ဘူး'

ထိုသို့ ပြောကာပင် အနမ်းပန်း ဖယ်ရီပေါ် တက်သွ
ခဲ့သေးသည်။

ထိုညမှာပင် အနမ်းပန်း ကားမှောက်သေဆုံးခဲ့ခြင်း
၏။

ဒီတော့ အနမ်းပန်းဆီမှာ ကျိန်းသေရှိမည်မို့ မေစပါ
အသည်းအသန်ရှာရခြင်း ဖြစ်သည်။

မနက်ဖြန်ဆိုလျှင်ပဲ အနမ်းပန်း အမေတို့လာ၍ အ
ပန်းပစ္စည်းတွေကို သိမ်းယူမည်ဖြစ်ကြောင်း အဆောင်ပိုင်ရှင
ဖုန်းဆက်ထားလေသည်။

ဒီတော့ မေစပါယ်တို့အတွက် ဒီညသာလျှင် အခ
တော့မည်။

သို့မဟုတ် ဒီအဆောင် အခန်း၏ တစ်နေရာရာ
ထားသည်ဆိုလျှင်လည်း လူမသိ၊ သူမသိ ထိုပစ္စည်းများ အ
ဟာသဆုံးပေတော့မည်။





ထို့ကြောင့်လည်း သူမနှင့်သိကျွမ်းခဲ့သော ဆရာတစ်ဦး
ကို အကူအညီတောင်းရသည်။

'ကူညီပါဦး ဆရာရယ်··· ဒီကောင်မက ကျွန်မကို
ကိုမြတ်သူရ ကားစပေါ်တင်ဖို့ ပေးထားတဲ့ ပိုက်ဆံနဲ့ပစ္စည်းတွေ
နိုးပြီးဝှက်ထားတယ်လေ၊ ခု··· သူက သေသွားတော့ ဘယ်လို
လုပ်ရမလဲ မသိဘူး၊ သူ··· မထုခွဲရသေးတာတော့ ကျိန်းသေ
တယ် ဆရာ၊ ကျွန်မပစ္စည်းပျောက်တာ သူမသေခင်ညနေကမှ
ပျောက်တာ'

ထိုသို့ လီစယ်၍ ဆရာကို အကူအညီတောင်းမိသည်။

ထို့ကြောင့် ဆရာပြောသွားသည့် နည်းအတိုင်း အနမ်း
ပန်းကို အစာကျွေး၍ ခေါ်ယူမေးမြန်းရန် အကြံပေးခဲ့သည်။

ခေါ်ယူရောက်ရှိလာပါက လုပ်ကိုင်ရမည့် အစီအရင်များ
ကိုပါ လုပ်ကိုင်ပေးထားသည်မို့ ဒီညမှာပင် အကောင်အထည်ဖော်
မှ မေစပါယ်တို့အတွက် အဆင်ပြေနိုင်ပေလိမ့်မည် ဖြစ်သည်။

'အဲဒါ··· ကိုမြတ်သဘောပဲ၊ ဒီည မလုပ်ရင်တော့
မနက်ဖြန်ကို အနမ်းအမေက အဆောင်တိုလာပြီး ပစ္စည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လာသိမ်းတော့မှာ၊ အဲဒီပစ္စည်းတွေထဲမှာ ပါသွားရင် ဘယ်
လုပ်မလဲ'

မြတ်သူရ စဉ်းစားရတော့သည်။ ငွေကလည်း
အတွက် လိုနေသည် မဟုတ်ပါလား…

'မဟုတ်ဘူးလေ မေ… ကိုယ်ပြောတာက အဲဒီဆရာ
သူကိုယ်တိုင် လာလုပ်ပေးလို့ မရဘူးလား',

'လုပ်နိုင်းရင်တော့ ရတာပေါ့၊ ဒါပေမဲ့… သူ့ကို ယုံ
မှာလား၊ သူသိရင် သူ့နည်းသူ့ဟန်နဲ့ ယူလိုက်ရင် ဘယ်လို
မလဲ ကိုယ်တောင် တပြားမှရမှာ မဟုတ်ဘူး'

မေစပါယ်ပြောတာလည်း ဟုတ်တော့ဟုတ်သည်။

ငွေကြေးနှင့်ပတ်သက်ပြီး ဘယ်လိုလုပ် ယုံကြည်ရ
လဲ…

'ကဲ… မင်းတို့ ဘယ်လို့လဲ'

မြတ်သူရက ခေါ်လာသော သူငယ်ချင်းများကို
လိုက်သည်။

ဤအစီအစဉ်အောင်မြင်ပါက တစ်ယောက်ကို ငါးသော





ပေးမည်ဟု မက်လုံးပေးတာ ခေါ်လာခြင်း ဖြစ်သည်။

'ချကွာ… နည်းနည်းတော့၊ ရဲဆေးတင်ရမှာပေါ့'

'ကဲ… လုပ်မယ်မေ မင်းရဲ့ အစီအစဉ်နဲ့ အလုပ်အကိုင်
တွေသာ စပေတော့'

အားလုံးက သဘောတူလိုက်ကြပြီမို့ မေစပါယ်က အစီ
အစဉ်ကို စလိုက်သည်။

မေစပါယ်တို့နေသည့် အဆောင်၏ရှေ့ မေစပါယ်တို့
ထိုင်သည့် ကားဂိုဒေါင်၏ ရှေ့တည့်တည့်တွင် ခရေပင်ကြီး
နှင့် ကံကော်ပင်ကြီးနှစ်ပင်ကြားတွင် ထိုင်ခုံလေးရှိသည်။

ထိုထိုင်ခုံလေးတွင် မေစပါယ်နှင့် အနမ်းပန်းတို့ ထိုင်နေ
…

တကယ်တော့ ခေါ်သင်းသင်းသည် အပျိုကြီးကျောင်း
ဆရာမဖြစ်ပြီး တစ်ဦးတည်းသော သမီးဖြစ်သည့်အတွက် မိဘ
ဆုံးပါးသွားပြီး ဤအိမ်ကြီးမှာ တစ်ဦးတည်းနေထိုင်ရသည့်
အတွက် အဆောင်ဖွင့်လိုက်ခြင်းဖြစ်သည်။

ခြံဝင်းက ကျယ်သည့်အတွက် သရက်ပင်၊ မရမ်း



www.burmeseclassic.com

www.burmeseclassic.com



အပင်ကြီးများနှင့် အလှစိုက်ပန်းများ ဝေဝေဆာဆာနှင့် မှိုင်း
လျက်ရှိသည်။

အဆောင်သူ ဆယ်ယောက်လောက်ရှိပြီး ရှစ်ယောက်
ဒေါ်သင်းသင်းနှင့် တစ်အိမ်တည်းအတူနေပြီး အနမ်းပန်းနှင့်
စပါယ်ဆိုသော မိန်းကလေးနှစ်ယောက်က အရင်ကားဂိုဒေါင်
လုပအောင်ပြုပြင်ပြီး နေကြသည်။

နှစ်ယောက်စလုံးက စားသောက်ဆိုင်က အဆိုတော်
ဖြစ်နေ၍ သူတို့အခန်းမှာ အဆိုကျင့်နေရတာကြောင့် တခြား
များ အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ကားမရှိသည့်အ
အားနေသော ကားဂိုဒေါင်တွင် ပြင်ဆင်ပြီး နေထိုင်ကြခြင်း
သည်။

အနမ်းပန်းက မြို့ထဲမှ ပန်းသခင်တွင် အလုပ်လု
မေစပါယ် တခြားဆိုင်တစ်ခုတွင် လုပ်သည့်အတွက် ဆိုင်
မတူညီသော်လည်း စိတ်ချင်းတူညီသည့်အတွက် နှစ်ယောက်
အေးဆေးစွာ ကားဂိုဒေါင်ထဲတွင် နေခြင်းဖြစ်သည်။

ထို့ကြောင့် သူတို့နေထိုင်ရာ ကားဂိုဒေါင်ရှေ့တည့်





ရှိ ခုံတန်းလျားတွင် သူမအဖိအစဉ်ကို အကောင်အထည်ဖော်ရန်
မေစပါယ် ဆုံးဖြတ်လိုက်သည်။

ကိုမြတ်တို့က...

'အမဲသားဟင်းနှစ်ပွဲ၊ ထမင်းတစ်ထုပ်နဲ့ အမေပုဆိုင်က
ဆန်ကောခပ်သေးသေးတစ်ချပ်ပါဝယ်ခဲ့'ဟု ဆိုကာ စပယ်က
မြတ်သူရအား ထောင်တန်သုံးရွက် ထုတ်ပေးလိုက်သည်။

မြတ်သူရတို့ သုံးယောက် ထွက်သွားမှပင် မေစပယ်က
သူမအခန်းရှိရာ ကားဂိုဒေါင်ထဲသို့ ပြန်ဝင်ခဲ့ပြီး နေ့လည်က
ဆရာစီရင်ပေးလိုက်သော ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် အစီ
အရင်များကို အဆင်သင့် စုစည်းထားလိုက်၏။

ထို့နောက် အဆောင်အိမ်မကြီးဘက်ရှိရာသို့ သူမထွက်
လာခဲ့သည်။ ယနေ့ ခွင့်တစ်ရက်ယူရန် သူမလုပ်သော ဆိုင်ကို
ဖုန်းဆက်ရဦးမည် မဟုတ်လား... ◊

* * *



www.burmeseclassic.com

www.burmeseclassic.com

မေစပါယ် ဖုန်းဆက်ပြီးပြန်လာသည်နှင့် မြတ်သူရ
သုံးယောက်သား ခြံရှေ့သို့ ရောက်လာသည်။

ဝယ်ယူလာသော ဟင်း ထမင်းထုပ်နှင့် ဆန်ကော
ကို ခြံရှေ့မှ လှမ်း၍ပေးသည်။

မေစပါယ်က လာဝင်ခဲ့လေဟုပြောကာ မြတ်သူရ
သုံးယောက်အား ဦးဆောင်ခေါ်လာခဲ့ပြီး ကားဂိုဒေါင်ရှေ့ ခုံတ
လျားတွင် ထိုင်စောင့်နိုင်းကာ ပစ္စည်းများကို အခန်းတွင် သွားထ
၍ ပြန်ထွက်လာခဲ့ပြီး သူတို့ သုံးဦးနှင့်ထိုင်ကာ စကားပြော
လိုက်သည်။

မကြာမီ အိမ်ကြီးမှ အဆောင်နေသူများ တစ်ယော
နှစ်ယောက်စ ပြန်လာကြသည်။





'ဟော့… စပါယ်ကြီး၊ ဒီနေ့ အလုပ်မဆင်းဘူးလား'

'မဆင်းဘူး… မလေးရေ၊ နေမကောင်းလို့လေ၊ ဒီမှာ
ဆ်ကို သူငယ်ချင်းတွေ အိမ်ကမှာတယ်ဆိုလို့ လူကြုံလာပို့ရင်း
အဖော်လုပ်နိုင်းထားရတယ်'

'တစ်ယောက်တည်း ဖြစ်မလား၊ အိမ်ပေါ် လာအိပ်
သ'

'ရတယ်… မလေး၊ ဒီတစ်ညတော့ ရှိပစေတော့၊ အနမ်း
ချည်းတွေ လာသိမ်းပြီးရင် အန်တီသန်းက အသစ်တစ်ယောက်
းဖို့ လက်ခံထားတယ်တဲ့'

'အဖော်ရတာပေါ့… သွားမယ်'

'ဟုတ်ကဲ့…. မလေး'

ဤသို့ဖြင့် အဆောင်နေသူများ တစ်ယောက်ပြီး တစ်
ယာက် ပြန်လာကြသလို မိုးကလည်း တဖြည်းဖြည်းမှောင်လာ
ည်။

သူတို့ လုပ်ငန်းစတင်ရန်အတွက် အချိန်က နီးကပ်လာပြီ
အားလုံး ရင်ခုံထိတ်လန့်နေကြသည်။

www.burmeseclassic.com



'တိုမြတ်တို့ အထွက်ပြ၊ သွားချင်ရင်သွားကြလေ၊ ဆယ် နှစ်နာရီတိတိကိုတော့ အရောက်လာကြနော် ဒီ ခရေပင်ကြီးဘေး က အပေါက်ကပဲကပ်ပြီး ဝင်လာခဲ့နော်'

'အေး… ကောင်းပြီ၊ ကိုယ်တို့ နည်းနည်းစော့ သောက် လာမယ်နော်'

'ကဲ… သဘော… သဘော'

ပြောပြီး မြတ်သူရတို့ သုံးဦးသား ခြံအပေါက်ရှိရာသို့ ထွက်သွားကြသည်။

ခြံပေါက်ဝရောက်မှပင် အသံကျယ်ကျယ်နှင့် မေစပါယ် ဆီသို့ လှမ်း၍ အော်ပြောကြ၏။

'မေစပါယ်ရေ သွားပြီဟေ့…'

'ဟုတ်ကဲ့… ဟုတ်ကဲ့…'

'နင် မှာစရာရှိတာရှိရင် စာရေးထားလေ မနက်မှပဲလာ ယူတော့မယ်၊ ငါ သန်ဘက်ခါပြန်မှာ'

တမင်ကလာပင် အိမ်မကြီးပေါ်မှ လူများကြားအောင် ပြောဆို၍ ထွက်သွားကြလေသည်။



မေစပါယ် အတန်ကြာထိပင် ဆက်၍ထိုင်နေလိုက်လေ သည်။

ညမိုးချုပ်လာသည်။

ပတ်ဝန်းကျင် အရာအားလုံးက မှောင်မဲတိတ်ဆိတ် နေတော့သည်။

ဘာပဲဖြစ်ဖြစ် နောက်ပြန်ဆုတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ ဘဲ တိုးရုံသာ ရှိတော့သည်။

ငွေဆယ်သိန်းကျော်လောက် ရမည်ကိစ္စ ဒီလောက်တော့ အနေပေလိမ့်မည်ဟု စိတ်ထဲက ကိုယ့်ကိုယ်ကိုယ် အားပေးလိုက် သည်။

ခုလောက်ဆိုလျှင် အိမ်မကြီးပေါ်မှ လူများ တီဗီကြည့် နေ

တချို့ကလည်း အိပ်နေကြပေရောမည်။

ထိုစဉ် ခပ်လှမ်းလှမ်း တစ်နေရာမှ ခွေးအူသံများကို ရသည် ကြားလိုက်ရသည်မို့ ခြံပြင်ဘက်သို့ မေစပါယ် လှမ်း ကြည့်လိုက်သည်။

www.burmeseclassic.com



လမ်းမီးတိုင်များ အနည်းငယ်ကျဲသဖြင့် မှောင်နေ့မည်း…မည်းကိုသာ မြင်ရသည်။

မေစပါယ် သူမအခန်းဖြစ်သော ဂိုဒေါင်ထဲသို့ ဝင်…သည်။

လုပ်စရာ ကိစ္စများက ရှိနေသေးသည်ပင်။

* * *



## အခန်း (၁၁)

ခပ်လှမ်းလှမ်းရှိ မီးကင်းထဲမှ သံချောင်းခေါက်သံ ဆယ့်နှစ်ချက် ထွက်ပေါ်လာသည်။

အချိန်က ညသန်းခေါင်ယံသို့ပင် ရောက်နေပြီပဲ။

ပတ်ဝန်းကျင်တွင် လူသံ ကားသံနှင့်တကွ လှုပ်ရှားမှု အသံအားလုံး ငြိမ်သက်သွားခဲ့ပြီ။ တစ်ခါတစ်ရံ ညှို့ငှက်တစ်ကောင်တလေ၏ အော်ဟစ်သံမှအပ လုံးဝ တိတ်ဆိတ်နေပြီဖြစ် သည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှ လူသူအားလုံး အိပ်စက် အနားယူချိန်ပင် ကျော်လွန်နေခဲ့ပြီပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



မေစပါယ်ကိုယ်တိုင်လည်း သုံးလေးကြိမ်မက သမ်းဝေရပြီ ဖြစ်သည်။ တစ်နေကုန် ဟိုပြေးဒီပြေး အချိန်ရှိခိုက် စိစဉ်စရာရှိသည်များကို အပြေးအလွှား စီစဉ်ဆောင်ရွက်နေခဲ့ရသဖြင့် မေစပါယ်ကိုယ်တိုင် သိပ်မဟန်နိုင်တော့။ အိပ်ချင်စိတ်ကိုပင် ဖွတ်ချိုးနှိမ်နေရသည်။

ဒီအချိန်ဆိုလျှင် မြတ်သူရတို့သုံးဦး ခြံထဲသို့ ရောက်ရှိနေပေလိမ့်မည်။ ခရေပင်ကြီးအောက်ရှိ ထိုင်ခုံတန်းလျားပေါ်တွင် အမဲသားဟင်းခွက်၊ ထမင်းပန်းကန်နှင့် အစီအရင် ဖယောင်းတိုင်ကိုထွန်းပြီး ခေါစာပွဲကို ပြင်ဆင်ထားပြီးလောက်ပေပြီ။

မိမိနေထိုင်ရာ ကားဂိုဒေါင်၏ တံခါးတစ်ချပ်ကို ဖွင့်ထားသဖြင့် အပြင်သို့ တစ်ချက်လှမ်းကြည့်သည်။ အပြင်ပတ်ဝန်းကျင်တစ်ဝိုက် ကြယ်ရောင်လရောင်များ ကင်းမဲ့ကာ လုံးဝ မှောင်မိုန်းနေသည့် တံခါးအပြင်အထိ ထွက်ကြည့်ရန်တော့ မေစပါယ် မဝံ့ရဲပါ။ အခန်းထဲမှာလည်း မီးမှောင်ချထားသဖြင့် အလိုလိုစိတ်အားငယ်ကာ ကြောက်လန့်နေမိသည်။





ထိုစဉ်… မေစပါယ် တစ်ချက် သမ်းဝေလိုက်ပြန်သည်။

ဘာလှုပ်ရှားမှုမှ မရှိသေးပါလား။

စောင့်ဆိုင်းရသည်ကို မေစပါယ် ပျင်းရိငြီးငွေ့လာသည်။

ထိုအခိုက်မှာ အဆောင်ပင်မအိမ်ကြီး၏ အထက်နားဆီမှ ငှက်ဆိုးထိုးသံ ကျယ်ကျယ်လောင်လောင်ကို ကြားလိုက်ရသည်။

တစ်ပြိုင်တည်း မေစပါယ်နေထိုင်ရာ ကားဂိုဒေါင်အခန်းအတွင်းသို့ လေအေးအေးတစ်ချက် သုတ်ခနဲ တိုက်ခတ်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မေစပါယ် တစ်ကိုယ်လုံး ချမ်းနေသည်။

တစ်ကိုယ်လုံး နိုက်နိုက်တုန်အောင် အေးစိမ့်နေသဖြင့် ဟီး… ဟီး… ထအောင် ညည်းညူနေမိသည်။

သြော်… ကြွေပြားခင်းကြမ်းပြင်ပေါ်တွင် မေစပါယ် အိပ်နေမိသည်ပဲ။ ကြမ်းပြင်အဖြူရောင်က အေးစက်နေသည်။ သို့သော် သန့်ရှင်းနေသည်။ ဒါပေမဲ့ ညှီစို့စို့အနံ့တစ်မျိုးကို ဖိုး သတ်ဆေးနံ့နှင့် ရောထွေးလျက် ရှူရှိုက်မိသည်။

မိမိ ဘယ်ရောက်နေလဲ မေစပါယ် စဉ်းစား၍မရ။





အိပ်နေရာမှ မျက်နှာကျက်ကို လှမ်းကြည့်တော့ မျက်နှာ ကျက်အဖြူရောင် ကျောက်ပြား ဘေးနံရံပတ်လည်မှာလည်း အဖြူ ရောင်ကြွေပြားနံရံကို မြင်ရသည်။

နံရံလေးဘက်နှင့် အထက်အောက် အဖြူရောင်များအပြင် မျက်နှာကျက်မှ စူးရှသော မီးချောင်းရောင်များကြောင့် တစ်ခန်း လုံး မျက်စိကျိန်းမှယ် မြင်တွေ့နေရသည်။ ထို့အတူ တစ်ခန်းလုံး တိုလည်း ရှင်းလင်းပြတ်သားစွာ မြင်နေရသည်။

စတိန်းလက်စတီးလ်ဗူးင်များ အများအပြား။

ထိုစဉ် မေစပါယ် လဲလျောင်းနေရာသို့ အနီရောင် စီး ကြောင်းတစ်ခု ဦးတည်၍ စီးလာသည်။

မိမိမျက်နှာနှင့် တစ်တောင်ခန့်အကွာရောက်မှ မေစပါယ် သတိထားမိသည်။ ထို့ကြောင့် ထထိုင်ရန် ကြိုးစားမိသည်။

သို့သော် မေစပါယ် လှုပ်မရပါလား။

သွေးစီးကြောင်း ထွက်ပေါ်လာရာနေရာကို ကြည့်လိုက် တော့ စတီးလ်စင်တစ်ခုအောက်ခြေမှ ဖြစ်နေသည်။ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ဘယ်နေရာပဲလာလာ မိမိကိုယ်ကိုပေမှာတော့ မေစပါ
စိုးရိမ်သည်။ ဒါပေမဲ့ သွေးစီးကြောင်းအား မျက်နှာနှင့် အ
နီးကပ်နေပြီ ဖြစ်သည်။ ခန္ဓာကိုယ်ကို လှုပ်မရ ရွှေ့မရသဖြ
စိတ်ထဲတွင် ကြောက်စိတ် စတင် ဖြစ်ပေါ်လာသည်။

ထိုစဉ်မှာ အကောင်းအောက်မ၍လား မသိ၊ သွေး
ကြောင်းမှာလမ်းကြောင်းပြောင်းသွားသည်။ သို့သော် လက်မော
အောက်မှတစ်ဆင့် လက်ဖဝါးဆီသို့ တစ်ခဏချင်း စီးသွားသည်
လန့်ဖြန့်ပြီး လက်ကို ရွှေ့လိုက်မိသည်။ လက်ကို ရွှေ့
ရသွားသဖြင့် မျက်နှာ ဝမ်းမြောက်မိသော်လည်း လက်တွ
သွေးများ စွန်းပေ နေခဲ့ပြီ ဖြစ်သည်။

ပြီးမှ သတိရပြီး သွေးစွန်းပေနေသည့် လက်ဖြင့် နံရံ
အားပြု၍ နေရာရွှေ့ပြောင်းရန် ကြိုးစားမိသည်။ ထိုသို့ ကြိုး
ရာမှ အခြေအနေက ပိုဆိုးသွားတော့သည်။ ကြွေပြား ကပ်ထ
သည့် နံရံအား သွေးပေနေသောလက်ဖြင့် ထောက်၍ အား
ရာမှ ချော်ထွက်ပြီး လူက သွေးစီးကြောင်းပေါ်သို့ ပြန်လဲကျ





သည်။

ကြောက်အားလန့်အားဖြင့် ပြန်၍ ကုန်းရုန်းထရာ လှုပ်ရှား၍ရသဖြင့် ဝမ်းမြောက်စွာ သွေးစီးကြောင်းနှင့်ဝေးရာသို့ ပြေးထွက်မိသည်။ သို့သော် မိမိတစ်ကိုယ်လုံးနီးပါး သွေးများ စွန်းပေနေခဲ့ပြီ ဖြစ်သည်။

သွေးစီးကြောင်းနှင့်ဝေးရာ တစ်ဖက်နံရံများနောက်မှ မိမိရောက်ရှိနေရာအခန်းကို မေစပါယ် သေသေချာချာ ကြည့်မိရာ...

လူသေများထားရာ ရေခဲတိုက် ဖြစ်နေပါလား။

မိမိနေထိုင်ရာ ကားဂိုဒေါင်ဟောင်း အဆောင်ခန်းနှင့် ဒီနေရာ ဘယ်လိုမှ ဆက်စပ်လို့မရ။

ဘာကြောင့် ဒီနေရာကို ရောက်နေရတာလဲ။ မိမိ၏ခုတင်ပေါ်တွင် ထိုင်၍ အနမ်းပန်း ဝင်အလာကို စောင့်နေခဲ့သည်။ အနမ်းပန်းလည်း ရောက်ကိုရောက်လာမည်ဟု ဆရာက ပြောလိုက်သည်။ ဆရာ၏မှာကြားချက် အစီအရင်များအတိုင်း မြတ်သုရတို့က ဆောင်ရွက်နေပြီ ဖြစ်သည်။ စောင့်နေသည့် အနမ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာမီ မိမိက ဘာကြောင့် ဒီနေရာကို ရောက်လာရမှန်း စဉ်းစား၍မရ။

စဉ်းစားမရတာထက် ဒီနေရာက အမြန်ဆုံးထွက်ခွာရပါ မည်။

ထို့ကြောင့် ရောက်ရှိနေရာ အခန်းကို အမြန်ဆုံးလေ့လာ ရမည်။ အခန်းထဲတွင် စတီးလ်စင်များကို နှစ်တန်းခွဲ၍ စီထား သည်။ စောစောက မေစပါယ် လဲကျနေသည့် နေရာအနီးရှိ စင်ပေါ်တွင် အလောင်းတစ်ခုရှိနေပြီး ကျန်စင်များမှာ အလွတ် ဖြစ်နေပါသည်။

စင်ပေါ်ရှိ အလောင်းမှ ဆံပင်နွယ်တချို့ စင်အောက်သို့ ကျနေသည်။ ထိုဆံနွယ်များမှ သွေးများ တစက်စက်ကျနေသည်။ ထိုသွေးစက်များက စောစောက မေစပါယ် လဲကျနေသည့်နေရာ သို့ စီးသွားခြင်း ဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီနေရာမှ အမြန်ဆုံး ထွက်ပြေးရမည် ဖြစ်သဖြင့် ဝင်ထွက်ပေါက်တံခါးကို ရှာကြည့်မိသည်။ ထိုသို့





ကြည့်မိမှ မိမိမှာ ထွက်ပေါက်တံခါးနှင့် အဝေးဆုံးနေရာကို ပြေး ထွက်လာမိမှန်း သိရတော့သည်။ လက်ရှိ ရောက်ရှိရာနေရာမှ ဝင်ထွက်ပေါက်ကို ရောက်ရှိရန်အတွက် အလောင်းရှိသည့်စင်ကို ဖြတ်ဖြတ်ရပေတော့မည်။

ငှင်းစင်ကို ဖြတ်ရမှာ ကြောက်ရွံ့မိသော်လည်း ဒီအခန်း ထဲမှ အမြန်ဆုံး ထွက်ခွာနိုင်ရန်မှာ ဒီတစ်လမ်းသာ ရှိသဖြင့် အားတင်းကာ ပြေးထွက်ရပေမည်။ ဝင်ထွက်တံခါးမကြီးမှာ အနည်းငယ် ဟနေရာ ငှင်း အဟာကြားမှ အပြင်ဘက်ရှိ နံကြွင် ကြွင်မီးရောင်ကို လှမ်းမြင်နေရသည်။

ဖြတ်ပြေးမည် ပြင်ပြီးမှ အခန်းထဲရှိ တစ်ခုတည်းသော အလောင်းထံသို့ လှမ်း၍ကြည့်ချင်စိတ်ကို ဘယ်လိုမှ ချိုးနှိမ်၍ မရ။ တစ်ချက်တော့ ကြည့်လိုက်မည်ဟု။ ထိုအကြည့်တစ်ချက် ကြောင့်ပင်...

'ဟင်...'

အနမ်းပန်း... အနမ်းပန်းအစစ်ပင် ဖြစ်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



မေစပါယ် ကြည့်နေရင်းမှာပင် အနမ်းပန်း ပြုံးပြလို့ သည်။ သို့သော် ဝမ်းသာအယ်လဲ နှုတ်ဆက်ပြုံး မဟုတ်။ မဲ့ပြုံး မဲ့ပြုံး ဖြစ်နေပါသည်။ ထိုမဲ့ပြုံးဖြင့် မေစပါယ်ကို ရှုံ့စိုက်ကြ နေသည်။

မဖြစ်နိုင်…, လုံးဝ မဖြစ်နိုင်ပါ။

မျက်စိကို ပွတ်သပ်၍ သေသေချာချာ ကြည့်မိသည်

ထိုအခါတွင်တော့ ဘာမှမဟုတ်၊ မေစပါယ်ထံ ကြ မှနေပါ၊ ပြုံးလည်းမပြုံပါ။

လုံးဝ အချိန်ဆွဲ၍ မဖြစ်တော့ပါ။ အလောင်းကို မကြည့်တော့ဘဲ အလောင်းရှိသည့် စင်တန်းနှင့်ဝေးရာဘက် ကပ်၍ အပေါက်ဝဆီသို့ တစ်ဟုန်ထိုး ဖြတ်ပြေးတော့သည်

ထို သို့ ဖြတ် အပြေး

ချောက်ချားထိတ်လန့်စိတ်ကြောင့် ခြေလှမ်းက မမှန်ချင်။ ထို ခြေထောက်အောက်ရှိ သွေးများ ကြောင့် ခြေချော်ထွက် ကြမ်းလိစင်အလွှတ်များပေါ်သို့ အလဲ လဲအပြီးပြို ကျတော့





တံတောင်ဆစ်နှင့် ဒူးခေါင်းတွင်သာ မက မျက်နှာပေါ်တွင်ပါ ဒဏ်ရာဒဏ်ချက်များကြောင့် သွေးချင်း ချင်းနီသွားသည်။

နာကျင်မှုကို ဂရုမစိုက်နိုင်။ အတင်းကြိုးစားထကာ အပေါက်ဝဆီသို့ ဆက်ပြေးသည်။

တံခါးနားရောက်လုရောက်ခင်မှာ ယက်လှမ်းမီသဖြင့် တံခါးကို အတင်းတွန်းဖွင့်သည်။

တံခါးက လုံးဝ မဖွင့်ပါ။

အတွင်းသို့ ဆွဲကြည့်သည်။ မပွင့်။ တွန်းမရ၊ ဆွဲမရ၊ ဖွင့်မရသည့် တံခါးမှာ အပြင်မှ သော့ခတ်ပိတ်ထားပြီ ထင်သည်။

ယခုမှ မေစပါယ် ကြောက်ရွံ့စိတ်က ငယ်ထိပ်တက် ဆောင့်တော့သည်။

ဖြစ်ချင်ရာဖြစ်၊ ရှိသမျှအားဖြင့် တံခါးကို အတင်းတိုက် ဖွင့်ရန်သာ ရှိတော့သည်မို့ နောက်သို့ အရှိန် အနည်းငယ်ယူ၍ တံခါးဆီ ပြေးလိုက်သည်။

ထိုအချိန်မှာပင် မေစပါယ်အား နောက်မှ တစ်ခုခု ဆွဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ခံစားလိုက်ရသည်။ ဖျတ်ခနဲ လှည့်အကြည့်တွင် အနမ်ယန်းလက်က လှုပ်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရသည်။

ဖြစ်နိုင်၊ မဖြစ်နိုင် မတွေးနိုင်တော့။ ဖွတ်အတင်း ရှ အတွက်တွင် အနမ်းပန်းကို တင်ထားသည့် စတီးလ်စင်အစွန်းတွ ငြိနေသည့် မေစပါယ်၏ အနွေးထည်အောက်နားစကြော မေစပါယ် နောက်ပြန် ပြန်လဲကျတော့သည်။

သို့သော် အကျ မတော်ခဲ့ပါ။

မေစပါယ် လဲကျသည်က အနမ်းပန်း အပေါ်သို့။

အောက်မှ အေးစက်စက် အထိအတွေ့ကြောင့်လည် ကောင်း၊ ထိန်းမနိုင် သိမ်းမရ ပေါ်ပေါက်လာသည့် ကြောက် ထိတ်လန့်မှုကြောင့်လည်းကောင်း မေစပါယ် အသံကျယ်လော စွာဖြင့် ထအော်တော့သည်။

'ကယ်ကြပါ... ကယ်ကြပါ...'

* * *



'ဟယ်... စပါယ်... ဘာတွေ ယောင်အော်နေတာလဲ၊ မိုးမြင့်နေပြီလေ၊ အိပ်ရာက မထသေးဘူးလား'

အိမ်ကြီးပေါ်မှ အဆောင်နေသူ မလေးနှင့် သူငယ်ချင်း တစ်ယောက်တို့ မေစပါယ်အော်သံကြောင့် ကားဂိုဒေါင်ထဲ ပြေး င်လာကြသည်။ တော်သေးသည် သူမတို့ အလုပ်သွားရန် ဆင်း ပြီး ဂိုဒေါင်ရှေ့မှအဖြတ်တွင် တိုက်တိုက်ဆိုင်ဆိုင် မေစပါယ် အော်သံ ကြားရသည့်အတွက် ပြေးလာနိုင်ခြင်း ဖြစ်သည်။

ပြောပြောဆိုဆို မလေးက မေစပါယ်လက်ကို ကိုင်မိရာ ာစ်ဆင့်...



www.burmeseclassic.com

www.burmeseclassic.com



'အို… တစ်ကိုယ်လုံး အေးစက်လို့ပါလား၊ စပါယ် တစ်ညလုံး တံခါးမပိတ်ဘဲ အိပ်ပျော်နေတာကိုး၊ မလေးတို့ ဝင်လာတော့ တံခါးပွင့်နေတယ်၊ အအေးပတ်ပြီး ဖျားတော့မှာပဲ စပါယ်ရေ…'

'အင်း… ညက တံခါးမပိတ်ဘဲ အိပ်ပျော်သွားမိသည်။ ဟင်… မလေးတို့တောင် အလုပ်သွားတော့မလို့လား၊ ဘယ်အချိန် ရှိနေပြီလဲ'

'ရှစ်နာရီတောင် ကျော်နေပြီ စပါယ်ရဲ့၊ ဒါနဲ့ စောစောက ဘာတွေအော်နေတာလဲ၊ အိပ်မက်ဆိုးတွေ မက်ပြီး ယောင်အော်နေတာလား'

'ဟုတ်တယ် မလေးရဲ့၊ အိပ်မက်ဆိုးတွေ မက်နေလို့လေ ရပါတယ်၊ မလေးတို့ အလုပ်သွားစရာရှိတာ သွားပါ၊ နောက်ကျနေမယ်'

'အိုကေ… ဒါဆို ညနေမှ တွေ့ကြမယ်နော်'

ပြောဆိုနှုတ်ဆက်ကာ မလေးတို့နှစ်ယောက် ထွက်သွားသည်။





သူတို့ထွက်သွားမှ ချောက်ချားစရာ အိပ်မက်ကို ပြန်စဉ်းစားကြည့်မိသည်။ စဉ်းစားရင်း အမှန်တကယ် ကြုံတွေ့ခဲ့ရသလိုသို့ ထိတ်လန့်လာမိသည်။

သေချာသည်ကတော့ မေစပါယ်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ရှိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အဆောင်ရှေ့သို့ ပန်းသခင်မှ မောင်းမျိုးမောင်းလာသော ဟိုင်းလက်ကားလေး ရပ်လိုက်သည်နှင့် အဆောင်ပိုင်ရှင်ဒေါ်သင်းက ပြေးထွက်လာသည်။

'လာကြ… လာကြ… အနမ်းပန်း အမေတို့ထင်တယ်'

'ဟုတ်ပါတယ်ရှင်… ညီမလေးက ဒီအဆောင်ပိုင်ရှင်နဲ့တူတယ်'

'ဟုတ်ပါတယ် အစ်မကြီး၊ လာ… လာ…'


## အခန်း (၁၂)

အဆောင်ရှေ့သို့ ပန်းသခင်မှ မောင်းမျိုးမောင်းလာသော ဟိုင်းလက်ကားလေး ရပ်လိုက်သည်နှင့် အဆောင်ပိုင်ရှင်ဒေါ်သင်းက ပြေးထွက်လာသည်။

'လာကြ… လာကြ… အနမ်းပန်း အမေတို့ထင်တယ်'

'ဟုတ်ပါတယ်ရှင်… ညီမလေးက ဒီအဆောင်ပိုင်ရှင်နဲ့တူတယ်'

'ဟုတ်ပါတယ် အစ်မကြီး၊ လာ… လာ…'


ဒေါ်သင်းသင်းက ဦးဆောင်ကာ အဆောင်ပေါ်သို့ ခေါ်ပြီးတို့ သားအမိကို ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးကတော့ ကားပေါ်မှာပင် ထိုင်စောင့်နေ၏။

'ထိုင်နော်… အစ်မကြီး၊ ကျွန်မတို့လည်း အနမ်း အကြောင်းကြားရတာ တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်'

'ကံတရားပေါ့ရှင်… ကျွန်မလည်း ဒီသမီးလေးကိုပဲ အားကိုးခဲ့ရတာပါ'

'ဒါနဲ့… ရက်လည်က ဘယ်တော့လဲ၊ ဆိုင်မှာပဲ… လုပ်မှာလား'

'ဟုတ်ကဲ့… သူဌေးကတော့ ဆိုင်မှာပဲ လုပ်မယ်လို့ ပြောပါတယ်၊ အားလုံးသူဌေးပဲ အကုန်တာဝန်ယူထားတာပါ'

'အဲဒီ… သူဌေးကလည်း တကယ်ကိုတော်ပါတယ်၊ အနမ်းရှိကတည်းက အမြဲပြောနေကျပါ'

'ဟုတ်ပါတယ်ရှင်၊ ရက်လည်ဆွမ်းသွပ်ကိုလည်း ကြွခဲ့ပါဦးနော်၊ စိတ်စာလည်း သပ်သပ်ပို့နိုင်းလိုက်ပါ့မယ်၊ ခုတော့ သမီးကြီးပစ္စည်းကလေးတွေ လာသိမ်းတာပါ'

'ရပါတယ်… သူနေတဲ့အခန်းမှာ အနမ်းသူငယ်ချင်း မေစပါယ်လဲရှိတယ်၊ လာလေ… သွားကြမယ်'

အနမ်းနှင့်မေစပါယ် နေထိုင်ရာ အိမ်ဘေးကားဂိုဒေါင်သို့ ရောက်လာခဲ့ကြ၏။

'မေစပါယ်ရေ… မေစပါယ်…'

'ရှင်…'

ဒေါ်သင်းလှမ်းခေါ်လိုက်သည့် အသံက ကျယ်လောင် ရှိလှသော်လည်း မေစပါယ်မှာ တိုးညှင်းစွာသာ ပြန်ထူးလိုက် သည်မို့…

'မေစပါယ်… မနေ့က နေမကောင်းဘူးဆို၊ မသက်သာ သေးလား'

ဂိုဒေါင်အခန်းထဲသို့ ဝင်လာရင်း ဒေါ်သင်းသင်းက မေး လိုက်သည်မို့ စောင်ခြုံရင်း တစ်ကိုယ်လုံး တုန်ရင်နေသော မေ ပါယ်မှာ ပြန်၍ပင် မဖြေနိုင်ပဲ တုန်တုန်ယင်ယင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟင်… မေစပါယ်၊ အတော်ဖျားနေတာပဲ'

ဒေါ်သင်းသင်းက မေစပါယ်အနီး တိုးကပ်သွားပြီး မေ ပါယ်ကို သေချာစွာကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲကွယ်… မျက်နှာတစ်ခုလုံးလည်း ဖူးရောင်နေတာပဲ'

အမှန်ပင် မေစပါယ်၏မျက်နှာမှာ ဖူးရောင်ဖောင်းကားနေပြီး နှုတ်ခမ်းထောင့်တွင်လည်း သွေးစ၊ သွေးနများကို တွေ့လိုက်ရသည်။

'ဘာဖြစ်တာလဲဟင်… သမီး၊ ဘာဖြစ်လို့လဲ'

ဒေါ်မြမေက မေစပါယ်နားတွင် ထိုင်ကာ ကြင်နာစွာ မေးလိုက်သည်။

'မသိပါဘူး… အန်တီ၊ ညက သမီး… အိပ်မက်ဆိုးတွေ မက်ပြီး အိပ်မက်ထဲမှာ ကျွန်မကို ဝိုင်းရိုက်ကြတယ်'

'ဘယ်သူတွေလာလဲ မေစပါယ်'

'ကျွန်မ မသိဘူး၊ နိုးလာတော့ ဒီလိုပဲ ဒဏ်ရာတွေနဲ့ ဖြစ်နေတော့တာပဲ'

'အို… ကျွတ်… ကျွတ်'

ဒေါ်မြမေ စိတ်မကောင်းစွာဖြင့် မေစပါယ်ကို ကြည့်နေသည်။



'အန်တီတို့ သမီးကြီး အနမ်းပန်းရဲ့ ပစ္စည်းလေးတွေ လာယူတာ'

'ဟုတ်ကဲ့… ဟုတ်… ယူပါ အန်တီ'

ပိုးပုဝါနှင့် ဒေါ်မြမေတို့ အနမ်းပန်း၏ ပစ္စည်းများကို သိမ်းဆည်းနေကြသည်။

သိမ်းဆည်းပြီး၍…

'ကဲ… သမီးလေး မေစပါယ်၊ အန်တီတို့သွားမယ်နော်၊ ရက်လည်ကို လာခဲ့ပါဦးနော်'

'ဟုတ်ကဲ့… ဟုတ်ကဲ့ အန်တီ'

မေစပါယ် မသက်မသာပင် ပြန်၍ ပြောလိုက်သည်။

ဒေါ်မြမေတို့ ထွက်သွားခါနီးတွင်…

'အန်… တီ… အန်တီ…'

မေစပါယ် ခေါ်လိုက်သံကြောင့် နောက်ဆုံးမှ လိုက်ထွက်လာသော ဒေါ်သင်းသင်းက…

'ဘာလဲ… မေစပါယ်'

မေစပါယ်က စောင်အတွင်းမှ လက်ကိုထုတ်ကာ အနမ်း

www.burmeseclassic.com



ထောင့်တွင် ချိတ်ထားသော အနွေးထည်အကွက်ကလေးကို ထို

ပြလိုက်သည်။

'ဒီမှာ... အနမ်း... အင်္ကျီကျန်နေခဲ့တယ်'

'ဩော်... အေး... အေး'

ဒေါ်သန်းသန်းက အနမ်းပန်းအနွေးထည်ဟု မေစပါ

ပြောသော အနွေးထည်အကွက်ကလေးကိုယူ၍ ခေါက်ခါ ဒေါ်

မေကို လှမ်းပေးလိုက်သည်။

'ကျေးဇူးပါပဲနော် ညီမ... အစ်မတို့ကို ခွင့်ပြုပါ

ကွယ်'

'ဟုတ်ကဲ့ရှင်... နော်လဲ ကြုံရင်ဝင်ပါနော် အစ်မကြီ

ဒေါ်မြမေတို့ အနမ်းပန်း၏ အဝတ်အစားသေတ္တာ အ

အဆောင်ပစ္စည်းများကို ထည့်ထားသည့် အိတ်တို့ကိုယူ၍ ပိုးပု

ကားနောက်ဘက်သို့ တက်ထိုင်လိုက်သည်။

'မေမေ... ရှေ့ခန်းမှာပဲ သွားထိုင်လေ၊ ပိုး... နောက်

ပဲ ထိုင်လိုက်တော့မယ်'

'အေး... အေး... သမီး၊ ရော့... နင့်အစ်မအထ





ဒေါ်မြမေက ခုနက ကျွန်ခဲ့၍ သူ ပေးလိုက်သော အနမ်းပန်း၏ အနွေးထည်ဆိုတာကို ပိုးပုဝါကို လှမ်းပေးလိုက်သည်။

ပြီး ဒေါ်မြမေ ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်နှင့် မောင်မျိုးက ကားကို မောင်းထွက်လာခဲ့သည်။

ပိုးပုဝါ အစ်မဖြစ်သူ အနမ်းပန်း၏ အနွေးထည်ကို ပေါင်ပေါ်တင်ကာ ဟိုင်းလက်ကား နောက်ခန်းတွင် လိုက်ပါလာခဲ့သည်။

သူတို့စီးလာသောကားလေး ဘုရင့်နောင်တံတားကို အဖြတ်တွင် မောင်မျိုးက ကားကို တဖြည်းဖြည်းချင်း မောင်းကာ အနမ်းပန်းတို့ ကားမှောက်သည့် နေရာကိုပြသဖြင့် ပိုးပုဝါ လှည့်၍ ကြည့်လိုက်မိသည်။

သူမစိတ်ထဲကလည်း ဝမ်းနည်းကြေကွဲစွာဖြင့် မမရေ မကောင်းရာမှန်ရာ ရောက်ပါစေလို့ ညီမလေးဆုတောင်းလိုက်ပါတယ် မမရယ်...

ဟု ရင်ထဲက ပြောဆိုနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူမနားထဲသို့ တိုးညှင်းသော လေသံလေးနှင့် ခေါ်သံလိုလို ကြားလိုက်ရသဖြင့် ဟိုဟိုဒီဒီကို လှည့်၍ ကြည့်လိုက်မိသည်။

သူမတို့ စီးလည်သည့် ကားက တံတားပေါ်ကိုဖြတ်သန်းသွားနေသည်ကိုသာ တွေ့ရပြီး ဘာမှထူးခြားမှု တစ်စုံတစ်ရာကို မတွေ့ခဲ့ပေ…

'ညီမလေး…'

တိုးညှင်းသော လေသံလေးနှင့် သူမနားသို့ကပ်၍ ခေါ်လိုက်သံကြောင့် ဝိုးပုဝါး ကြက်သီးမွေးညှင်းများထသွားခဲ့ရပြီး ကားထဲတွင်လည်း သူမတစ်ယောက်တည်းသာ ရှိနေခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

စိတ်ထင်တာပဲ ဖြစ်ပေလိမ့်မည်ဟု မှတ်ယူကာ ကားပေါ်မှနေ၍ မြစ်ပြင်ကြီးကိုသာ ငေးမောကြည့်ရှုနေလိုက်သည်။

ထိုစဉ်…

သူမပေါင်ပေါ်တင်ထားသည့် အနွေးထည်ကို တစ်စုံတစ်ယောက်က သုံးလေးချက် ပုတ်လိုက်သလို ခံစားလိုက်ရသဖြင့် သူမလန့်၍ အနွေးထည်ကို ကြည့်လိုက်မိသည်။





အမှန်ပင် အနွေးထည်ကို လူတစ်ဦးတစ်ယောက်က ဖိထားသလိုမျိုး သူမပေါင်သည် အနွေးထည်အပြင် တစ်စုံတစ်ခု ထပ်၍ တင်ထားသလိုမျိုး လေးလံလျက်ရှိနေသည်မို့ သူမ အနွေးထည်ကိုယူကာ ဖြန့်၍ကြည့်လိုက်သည်။

အနွေးထည်လေးမှာ အတော်ပင်လှပပြီး အောက်ခံ ဖိုးသား အညိုရောင်လေးနှင့် နှစ်ထပ်အနွေးထည်လေးပင် ဖြစ်သည်။

'သြော်… မမ၊ အလှအပတော့ ရွေးတတ်သားပဲ'ဟု ပင် ရင်ထဲက တွေးလိုက်မိသည်။

အနွေးထည်လေးမှာ ကားသွားသည့် အရှိန်ကြောင့် ယူးလွန့်လှုပ်ခတ်နေသည်။

သူမ အနွေးထည်လေးကို ဝတ်ကြည့်လိုက်သည်။ ဇစ် ချိတ်ရပ်ရပ်နှင့် သူမနှင့်ကွက်တိပင် ဖြစ်သည်မို့ အလွန်သဘော ကျသွားသည်။

ကုတ်ပုံစံ နှစ်ထပ်ချုပ်ထားပြီး အတွင်းအံဝှက်အိတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများပင် ပါသေးသည်။

တင်ပါးဖုံးသည့်အထိ ရှည်လျားပြီး အိတ်လေးနှစ်...

ကပါ အဖုံးကလေးများ ပါသေးသည်။

နိုင်ငံခြားဖြစ် ဆာဖာရီကုတ်ပုံ အင်္ကျီလေးကို ပိုး အ...

သဘောကျသွားသည်။

ထို့ကြောင့်ပင် ရင်ဘတ်က ကြယ်သီးလေး နှစ်လုံး...

သူမ တပ်လိုက်သည်။

ပြင်ပလေတိုးမှုကြောင့် ရှည်လျားသော ဆံပင်များ...

လေမှာ လွင့်မွှာနေကြသည်။

ဟိုင်းလက်ကား နောက်ဖက် အတက်အဆင်းများ...

ထိုင်နေသော သူမသည် ပြင်ပလေတိုးမှုကြောင့် ဆံပင်များ...

မွှာ ပျံ့ဝဲနေသကဲ့သို့ သူမစိတ်သည်လည်း လေထဲမျောပါး...

နေသလိုပင်။

သူမကိုယ်သူမ ဘာဖြစ်လိုက်မှန်းကို မသိလိုက်။

သူမ စိတ်အစဉ်သည် ပေါ့ပါးလွင့်ပျံကာ တစ်စုံ...

ကို သတိရလိုက်သလိုဖြင့် အင်္ကျီလက်ချိုင်းကြားတွင်းသို့ ...



လို စမ်းမိသွားသည်။

'ဘာလေးပါလိမ့်...'

ပိုးပဝါ အင်္ကျီကိုယ်ထည်ချိုင်း အောက်ဘက်သို့ စမ်းကြည့်လိုက်သည်။

အင်္ကျီကိုယ်ထည်နှင့် လက်ဆက်သည့် ချိုင်းအောက်ဘက်တည့်တည့်တွင် ဘူးလေးတစ်ဘူးကို စမ်းမိလိုက်သည်။

သူမ အင်္ကျီကြယ်သီးကို ဖြုတ်ကာ လက်ကိုမြှောက်ပြီး အင်္ကျီအတွင်းဘက်ကို ကြည့်မိလိုက်သည်။

အိတ်ငယ် အသေးလေးပင်...

ထိုအိတ်ကလေးကို ဇစ်ဖြင့် သေချာစွာချုပ်ထားခြင်းဖြစ်သည်။

အထဲတွင် ဘူးလေးတစ်ခုကို တွေ့ရသဖြင့် သူမဇစ်ကို ဖွင့်ကာ အထဲက ဘူးလေးကို နှိုက်ထုတ်လိုက်သည်။

မိတ်ကပ်ဘူးအရွယ် လုပသော ရွှေရောင်ဘူးလေးတစ်ခု ဘေးရှိ ခလုတ်မောင်းလေးကို နှိပ်လိုက်သည်။

'ကလစ်...'

www.burmeseclassic.com



ဘူးလေး ပွင့်သွားသည်။

အထဲတွင် တွေ့လိုက်ရသည်က လက်ကောက်နှစ်ကွ
လက်စွပ်တစ်ကွင်း ဆွဲကြိုးတစ်ကုံး…

သူမ အံ့သြသွားသည်။

ဒါ သူမ၏ အစ်မ အနမ်းပန်း၏ပစ္စည်းတွေလား၊ ကြ
ရသည်မှာတော့ ရွှေသားအစစ်တွေပင် သူမဘူးလေးကို ပြန်ပိ
၍ ချိုင်းကြားထဲရှိ အိတ်လေးထဲတွင် ပြန်ထည့်တာ စေ့ပြန်ပိ
ထားလိုက်သည်။

ညကျမှပင် မိခင်ဖြစ်သူအား ဤဘူးလေးအကြော
ပြောပြရဦးမည်ဟု တွေးလိုက်မိလေသည်။

* * *



ည…

တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

တစ်ချက်တစ်ချက်တိုး၍ အူလိုက်သော ခွေးအူသံများက
တိတ်ဆိတ်လျက်ရှိသော ညဉ့်ယံကို လှုပ်ခတ်သွားသည်။

ဦးတင် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ ခြံတံခါး
ကို သော့ခတ်လိုက်သည်။

ဤမျှ မှောင်မိုက်နေသော ညမျိုးကို ဦးတင်တစ်ခါမှ
ကြုံဖူးခဲ့ဟုပင် ထင်မိသည်။

အထူးသဖြင့် မဲညှိုမှောင်နေသော သစ်ပင်ရိပ်တို့၏
မှောင်ရိပ်တို့က လမ်းမတစ်လျှောက် အုံ့ဆိုင်းနေကြသဖြင့် တွေး
ကြည့်လိုက်ပါက တစ်မျိုးပင် ကြောက်စရာကောင်းလောက်
အောင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အပြင်ဘက်မှ တိုက်ခတ်လာသော လေမှာ ဆိုင်၏ ခေါင်မိုးရှိသွပ်များကို တိုးဝှေ့မိရာမှ ထွက်ပေါ်လာသော အသံမှာ တိတ်ဆိတ်လှသော ယခုလိုညမျိုးကို ကြောက်စရာကောင်းလောက်အောင် ဖန်တီးလိုက်သလိုလည်း ဖြစ်ပေသည်။

'အင်း… မနက်ဖြန်ဆို ဝယ်ခြမ်းစရာများကို ဝယ်ခြမ်းကာ သန်ဘက်ခါဆို အနမ်းပန်း ရက်လည်မယ့်နေ့တောင် ရောက်တော့မှာပါလား'

ဦးတင်ထိုကဲ့သို့ တွေးကာ ဆိုင်ဘက်ဆီသို့ ပြန်၍ လျှောက်လာခဲ့သည်။

ရင်ထဲမှာ မကောင်း…

ခုံများကိုဆက်ကာ မောင်မျိုးတို့လူစု ချက်ထိုးနေကြသည်။

ခုလောက်ဆို နောက်ဘက်ရှိ မိန်းကလေးအုပ်စုလည်း အိပ်လောက်ပြီမို့ ဦးတင် ဆိုင်ပေါ်တက်လာခဲ့သည်။

'မင်းတို့ မအိပ်ကြသေးဘူးလား မောင်မျိုး၊ ငါအိပ်တော့မယ်၊ နည်းနည်းဆိုင်ကို ကြည့်ကြဦး'



'ရတယ်… အဘတင်၊ အိပ်… အိပ်… ကျွန်တော်တို့ အိပ်သေးဘူး'

ဦးတင်စားပွဲနှစ်ခုကိုဆက်ကာ အိပ်ရာခင်းပြီး ခြင်ထောင် ထောင်လိုက်သည်။

'ငါ… အိပ်တော့မယ်'

'အိပ်… အိပ်…'

အိပ်မည်ဆိုသော်လည်း ဦးတင်အိပ်မပျော်ပါ။ ဦးတင် နားထဲတွင် အသံတစ်ခုကို ကြားနေရသလိုပင် ရှိနေသည်။

ထို့ကြောင့် တစ်ဖက်သို့စောင်းကာ နားနှင့်ခေါင်းအုံးကို ကပ်ကာ သေသေချာချာ နားထောင်နေမိလိုက်သည်။

'ရှပ်… ရှပ်… ရှပ်…'

ဒါ ခြေသံပင် တဖြည်းဖြည်းနှင့် ခပ်မှန်မှန်း၍ လျှောက်နေ ခြေသံမျိုးပင်…

ဦးတင် သေချာစွာပင် နားထောင်ကြည့်နေမိသည်။

'ရှပ်… ရှပ်… ရှပ်…'

ဟုတ်ပါသည်။ ဒါခြေသံပင်…

www.burmeseclassic.com

www.burmeseclassic.com



ဦးတင် မောင်မျိုးတို့ဘက်သို့ လှမ်း၍ကြည့်လိုက်သည်။ မောင်မျိုးတို့ ချက်ပေါ်တွင်သာ အာရုံစိုက်နေကြသည်။

ဦးတင် အသာအယာပင် ထလိုက်သည်။

ဒီခြေသံ ဘယ်ကလဲ၊ ဦးတင်ထိုင်ရင်း စဉ်းစားလိုက်သည်။ ခုံစွန်းတွင် တင်ထားသော ဆေးပေါ့လိပ်ကို ယူပြီးမီးညှိလိုက်သည်။ ခြေသံက နားထဲမှာ ကြားတုန်းပင်…

ဦးတင် မတ်တပ်ရပ်လိုက်သည်။ ပြီး ဆိုင်ဘေးဘက်သို့ ဆင်းကြည့်လိုက်သည်။

'ဟင်…'

ဦးတင်း မျက်လုံးတွေ ပြူးကျယ်သွားသည်။

အနောက်ဘက်ဆောင် ရှိရာသို့ ဖြတ်လျှောက်သွားသည့် မိန်းကလေးတစ်ဦး၏ နောက်ကျောကို မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

ရှည်လျားဖွာကျနေသော ဆံနွယ်ရှည် ဖွာဖွာက ဦးတင်ကို လက်ယပ်ခေါ်သွားသည့်နှယ်…

ဦးတင် ထိုနောက်သို့ ဖြည်းညှင်းတိတ်ဆိတ်စွာ လျှောက်





လိုက်သွားမိသည်။ ဦးတင် ရှေ့မှ အမျိုးသမီးသည် အလွန်နှောင်းလှပသော လှုပ်ရှားဟန်နှင့် လျှောက်ထွက်သွားသည်။

ဦးတင်ကလည်း ထိုမိန်းကလေးနောက်မှ တိတ်ဆိတ်စွာလိုက်လာခဲ့မိသည်။

ယင်းအမျိုးသမီး သွားနေရာက မီးဖိုရှိရာဘက်သို့ဖြစ်သည်။

ဦးတင်လည်း ထက်ကြပ်မကွာပင် လိုက်ခဲ့သည်။

'အ…'

ခြေထောက်အောက်မှ စေးပျစ်သော အရာများကိုနင်းမိ၍ ချော်ထွက်ကာ လဲကျမလို ဖြစ်သွားသည်။ ငုံ့ကြည့်လိုက်၏။

'ဟင်… သွေးတွေပါလား'

သွေးစက်တွေ ပေကျံနေသည့် ခြေထောက်ကို ငုံ့ကြည့်ရင်း မျက်လုံးကလည်း လမ်းတစ်လျှောက်ကို ကြည့်လိုက်မိသည်။

သွေးစက်တွေ…

သွေးစက်တို့က မိန်းကလေးလျှောက်သွားရာ လမ်းတစ်လျှောက် စီးဆင်းကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ရပ်နေသည့် နေရာတွင်တော့ သေးကွက်ကြီးပြန့်ကားနေ၏။ ဒါဆို ထိုမိန်းကလေး ခုနက ဒီနေရာတွင် ရပ်နေခြင်း ဖြစ်ပေလိမ့်မည်။

ဦးတင် ကြက်သီးမွေးညှင်းများပင် ထသွားခဲ့သည်။ တောင့်မတ်စွာ ကျောပေးသွားနေသည့် မိန်းကလေး၏ ကျောပြင်ကို ရူးစိုက်ကြည့်ရင်း ကြောက်ရွံ့စိတ်တို့ ဝင်လာသည်။

သူမသွားနေသော ဆိုင်ဘေးလမ်းတစ်လျှောက် ကွန်ကရစ်ခင်းပေါ်တွင် သေးစက်တို့က မျဉ်းဖြောင့်တစ်ကြောင်း ဆွဲချထားသလို စွေးစွေးနီနေသည်။

ထိုစဉ် ရှေ့မှသွားနေသော မိန်းကလေးသည် ရပ်သွား၏။

ပြီးလျှင် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ ဦးတင် ထိုမိန်းကလေး လှုပ်ရှားမှုမှန်သမျှကို မလှုပ်မယှက်ရပ်၍ ကြည့်နေသည်။

စိတ်ထဲမှာလည်း တစ်ခုခု ထူးခြားသည်ဆိုတာနှင့် မောင်မျိုးကို လှမ်းခေါ်ရန် အသင့်ပြင်ထားလိုက်သည်။



ရှေ့မှ မိန်းကလေးသည် လက်နှစ်ဖက်ကို မြှောက်ကာ သူမ ဦးခေါင်းကိုကိုင်လိုက်သည်။

ပြီး သူမ၏ ရှည်လျားနွယ်ဖားသော ဆံပင်များနှင့် ဦးခေါင်းကြီးကို ဆွဲချလိုက်သည်။

'မောင်မျိုး… မောင်မျိုး… မြန်မြန်… မောင်မျိုး'

'ဦးလေးတင်ကလဲ…'

'အဘတင်ကလည်း…'

မောင်မျိုး၊ အောင်စိန်မင်း၊ အသေးလေးနှင့် လှဦးတို့ ပြေးရောက်လာကြသည်။

'ဟော… ဟို… ဟို… ဟိုမှာ'

ဦးတင်ညွှန်ပြရာသို့ သူတို့ လှမ်းကြည့်လိုက်ကြသည်။ …တ်တဲတိုင်း ခြံစည်းရိုးနှင့် ဆိုင်ဘေးလျှောက်လှမ်းမှအပ ဘာဆို …ရှ မရှိ'

'ဘာလဲ… အဘတင်၊ ဘာမှလည်း မရှိပါလား'

အမှန်ပင် ဦးတင်ကြည့်နေစဉ်မှာ ရိုပ်ခနဲမိန်းကလေး …ာက်သွားသည်။

www.burmeseclassic.com



'မိန်းကလေး တစ်ယောက်ကွ၊ ဆံပင်ဖားလျားကြီးနဲ့၊ ပျောက်သွားပြီ'

'ဗျာ…'

သူတို့အားလုံး အံ့ဩကာ ဦးတင်နားသို့ တိုးကပ်လာကြသည်။

'တ… တ.. တကယ်လား… အဘတင်'

'ဟောဒီမှာကြည့်…'

ဦးတင်က သူနင်းဖိထားသော ခြေသွားကွက်များနှင့် မိန်းကလေးပျောက်သွားရာ လမ်းတစ်လျှောက်ကျန်ခဲ့သော ခြေသွားစက်များကို ပြလိုက်သည်။

'ဟင်…'

* * *



## အခန်း (၁၃)

'အဲဒါပါပဲ… သူဌေး၊ သူတို့အားလုံးပါ ဒီခြေသွားကွက်တွေကို တွေ့လိုက်ရတာ'

'ဟုတ်တယ်… သူဌေး၊ ညတွင်းချင်းပဲ ကျွန်တော်တို့ ဆေးချလိုက်ပါတယ်၊

'တစ်ညလုံးလည်း အိပ်မပျော်ကြဘူး'

'အင်း… ဒါက ဖြစ်တတ်ပါတယ်လေ၊ ဦးတင်… ကျွန်တော်ထက် အသက်ကြီးတာပဲ ကြားဖူးနားဝတော့ ရှိမှာပေါ့၊ ဒါ… ကျွန်တော်တို့ကို လာနှုတ်ဆက်တာပဲ ဖြစ်မယ်လေ၊ မကြောက်ကြပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးထင်တယ်… သူဌေး၊ လာနှုတ်ဆက်တာ
ပြဿနာ မရှိဘူး၊

'ဆိုင်ကိုစွဲပြီး ဒီမှာပဲ မကျွတ်ဖြစ်နေရင် ကျွန်တော်
ဆိုင်ပြန်ဖွင့်ရင် မကောင်းဘူးထင်တယ်'

ဦးတင် ပြောလိုက်သောစကားကြောင့် သူဌေး ဦးဓေ
ထွန်း တွေခနဲ တစ်ချက်ဖြစ်သွားသည်။

ဦးတင်ပြောတာလည်း ဟုတ်ပေသည်။

ဒါက ပြော၍မရပါ။

အနမ်းပန်း သေဆုံးခြင်းမှာ အစိမ်းသေဖြစ်သည်။

'အင်းလေ… ကြည့်လုပ်ကြတာပေါ့ဗျာ၊ လပြည့်ဝ
တို့ နိုးပြီလားသွားကြည့်ပါဦး။ ပြီးရင်… လပြည့်ဝန်းကို ပြင်
ထားလို့ ပြောလိုက် ရက်လည်အတွက် ဘုန်းကြီးပင့်ဖို့ သူ့အိမ်
အမေနဲ့အမေကိုဝင်ခေါ်ပြီး ဘုန်းကြီးကျောင်းကို သွားရမယ်
ပြောလိုက်ပါ'

'ဟုတ်ကဲ့… သူဌေး'

ဦးတင် နောက်ဖေးသို့ ဝင်သွားသည်မှ သူဌေးဦး





ထွန်း ကောင်တာစားပွဲမှ ကုလားထိုင်တွင် ဝင်ထိုင်၍ စောင့်နေ
လိုက်သည်။

အနမ်းပန်းရက်လည်အတွက် ချက်ပြုတ်ရေးကိစ္စများကို
ဆိုင်တွင် ဘာမှတွေတွေထူးထူး အရှုပ်မခံတော့ပေ…

အပြင်မှပင် ခင်ဒွေးရီ မုန့်ဟင်းခါးအော်ဒါ မှာလိုက်
သည်။

အချိုပွဲအတွက်သာလျှင် မုန့်နှင့်ကော်ဖီများ ဝယ်ထားရုံ
ပင်။

သိပ်တော့ ခက်ခက်ခဲခဲ ရှိလှသည်မဟုတ်…

ဒါပေမယ့် ဦးတင်ပြောသည့် ကိစ္စရပ်က ခေါင်းထဲဝင်
လာသည်မို့…

ဆရာတော်နှင့်တွေ့မှပဲ လျှောက်ကြည့်ရပေတော့မည်ဟု
ဆုံးဖြတ်လိုက်သည်။

'သူဌေး… ပြီးပါပြီ'

'ဩော်… အေးအေး ညည်းအိမ်ကိုအရင်သွားနော်
လပြည့်ဝန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့…'

သူဌေးဦးပေါ်ထွန်းနှင့် လပြည့်ဝန်းတို့ ဆိုင်ထဲမှ က
နှင့် ထွက်လာကြသည်။

လပြည့်ဝန်းအိမ်တွင် လပြည့်ဝန်း၏မိခင်အား ဝင်ရော
ခေါ်ယူကာ ဆရာတော်ကျောင်းသို့ ဆက်၍ထွက်လာခဲ့ကြ၏

ဆရာတော်ကျောင်းသို့ ရောက်သောအခါ ဆရာေ
အား အနမ်းပန်း ရက်လည်ဆွမ်းကျွေးအတွက် သံဃာများ
ပင့်ဖိတ်ကြောင်းနှင့် ဆိုင်တွင် ဖြစ်ပျက်မှုများကို ဦးပေါ်ထွန်း
ဆရာတော်အား လျှောက်ထားလေသည်။

'အရှင်ဘုရား… တပည့်တော်အနေနဲ့က မကျွတ်မလွ
ဖြစ်ပြီး ရှိနေရင် ဆိုင်ပြန်ဖွင့်တဲ့အခါမှာ တစ်စုံတစ်ရာ ပြဿ
များ ဖြစ်နေမလားလို့ စိုးရိမ်လို့ပါ ဘုရား'

'မပူပါနဲ့ ဒကာကြီး၊ မစိုးရိမ်ပါနဲ့၊ ဒီအတွက် ဘုန်းကြ
တစ်ခုခု အပူကြောင့်ကျမှုအစွဲ ရှိနေလို့ဖြစ်ပါလိမ့်မယ်၊ ဖျာပါရ
ဒကာကြီး၊ အဲဒီ ဖျာပါရကြောင့်ပဲ မကျွတ်မလွတ်ဘဲ ဖျာ
တစ္ဆေကြီးတွေဖြစ်ပြီးနေကြတဲ့ နာနာဘာဝ ပရလောကသား





ပါတယ်ကွယ်၊ သနားဖို့သိပ်ကောင်းပါတယ်၊ ဒါက သူတို့အနှံ
သူတို့ကိုသိအောင် လုပ်ရပါတယ်၊ ဘာမှ မစိုးရိမ်နဲ့နော်'

'မှန်ပါ ဘုရား… တပည့်တော်တို့ကို ခွင့်ပြုပါဦး၊ ဒီပြင်
ကိစ္စလေးတွေ စီစဉ်စရာလေးတွေရှိသေးလို့ပါ ဘုရား'

'အေး… အေး… သွား… သွားကြ'

ဆရာတော်ထံတွင် ခွင့်ပန်ကာ သူတို့သုံးယောက် အပြင်
သို့ထွက်လာခဲ့ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အနမ်းပန်း…

ရက်လည်နေ့

အသုဘချသည့်နေ့ကလိုပင် ဆိုင်တွင် လူများစည်ကား

စွာ ရောက်ရှိလာကြသည်။

အနမ်းပန်းမိခင် ဒေါ်မြမေမှာ သမီးလေးသေဗန်းပွင့်သည့်

အတွက် ယူကြုံးမရ ဖြစ်ခဲ့ရသည်။

အသုဘချတာကော ရက်လည်သည့်နေ့မှာပါ လူများ

စည်ကားသိုက်မြိုက်စွာ လာရောက်ကြသည့်အတွက် လွန်စွာ

ပင် စိတ်မကောင်း ဖြစ်ခဲ့ရသည်။

ရွာမှာဆို ဒီလိုပင် သမီးလေး အသုဘမှာ စည်ကား

သိုက်မြိုက်စွာ လုပ်နိုင်မည်မဟုတ်ဟု ထင်သည်။





ညရောက်တော့ ဆရာတော် မှာကြားခဲ့သည့်အတိုင်း

ပင်…

ဒေါ်မြမေ ပိုးပုဝါနှင့် မောင်လေးအာကာတို့ သုံးယောက်

လုံး အနမ်းပန်းကို ခေါ်ကာ အမျှဝေ မေတ္တာပို့ရန် လုပ်ရ

သည်။

သူဌေး ဦးပေါ်ထွန်းပါ ဆိုင်တွင်အိပ်သည်။

ညကိုးနာရီတွင် အနမ်းပန်းအတွက် အစားအစာပွဲကိုပြင်

ကာ အနမ်းပန်းကို ခေါ်လိုက်ရသည်။

'သမီးကြီး…

သမီးကြီး အနမ်းပန်းရေ၊

'အမေတို့အားလုံး သမီးကြီးရှေ့မှာ ရောက်နေကြပြီ

ကွယ်၊

'သမီးကြီး ရှိတယ်ဆိုရင် အမေတို့ကို ကိုယ်ထင်ပြပါ

[illegible]'

ဒေါ်မြမေ စကားအဆုံး…

ဆိုင်ခြံဝတွင် သူမအတွက် ပြင်ဆင်ထားသော စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲနားတွင် မီးခိုးလုံးကြီးများ ထွက်လာသည်။

'အဟင့်...'

'အဟင့်...'

'ဟီး...'

'ဟီး...'

'ဟီး...'

ငိုသံပင်။

အနှမ်းယန်း ငိုနေခြင်း ဖြစ်ပေသည်။

'အဟင့်... အဟင့်...'

တဖြည်းဖြည်း ငိုသံက ကျယ်လောင်လာသည်။

ဒေါ်မြမေ ရှိုက်လိုက်သည်။

သမီးကြီး ငိုသံကို နားထောင်နိုင်စွမ်းမရှိတော့။

'အမေတို့... သမီးကို အမှုအတန်းပေးဝေတယ် သမီး
ကြီး၊

'ဒီမှာ ညီမလေးရော၊ မောင်လေးရော ရှိတယ်၊ သမီးကြ
ဘာမှ မပူပါနဲ့တော့၊





'ညီမလေးလည်း... ဒီဆိုင်မှာပဲ သမီးလို သီချင်း ပြန်ဆိုတဲ့ အလုပ်ကို လုပ်ပြီး မေမေ့ကို လုပ်ကျွေးပါလိမ့်မယ်ကွယ်'

'ဟုတ်... ဟုတ်... ဟုတ်ပါတယ် မမရယ်'

'ဘာမှ မပူပါနဲ့နော်၊ ပိုးတို့မေမေကို လိုလေသေးမရှိစေင့်ရှောက်မှာပါ၊

'မမအကျိုထဲမှာထားတဲ့ ပစ္စည်းလဲ ပိုးရပါတယ်၊ မမအတွက် အလှူအတန်း ကောင်းမှုကုသိုလ်တွေ အများကြီးလုပ်ပေးမှာပါ မမရယ်၊ အဟင့်... ဟင့်'

ပိုးပုဝါက အစ်မဖြစ်သူကို ပြောရင်း မထိန်းနိုင်တော့ဘဲ ရှိုက်၍ငိုကာ အသံပျောက်သွားသည်။

ဦးပေါ်ထွန်း မနေနိုင်တော့။

ရင်ထဲမှာလည်း ဒီမိသားစုကိုကြည့်ကာ ဆို့နင့်ကြေကွဲနေရသည်မို့...

'အနှမ်းယန်း... အန်ကယ်လဲ ဒီမှာရှိနေတယ်၊ မြင်တယ်ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



'နင့်အမေတို့ မိသားစုတို့ စားဝတ်နေရေးအတွက် ငါ အသက်ရှင်နေသရွေ့ ငါ့မိသားစုလို သဘောထားပြီး စောင့်ရှောက်သွားဖို့ နင့်ကို ငါ ကတိပေးပါတယ်၊ နင် စိတ်ချမှော် သမီး'

အနမ်းပန်း ရှိုက်သံတို့ပျောက်သွားသည်။

မီးခိုးရိပ်ကြီးများမှ ပေါ်လာသော မိန်းမသဏ္ဌာန် ခေါင်းညိတ်ပြလိုက်သလို သူတို့ တွေ့လိုက်ရသည်။

'ကဲ… ကဲ… အစ်မကြီး၊ သူ့ရှိတုန်း အမျှဝေလိုက်ကြပါ'

သူဌေးဦးပေါ်ထွန်းက အသံတိုးတိုးနှင့် ဒေါ်မြမေတို့ကို သတိပေးလိုက်သည်။

'သမီးကြီး အနမ်းပန်းရေ…

'မေမေတို့ပြုသမျှ ကောင်းမှုအစုစုကို သမီးကြီးကို အမျှပေးဝေပါတယ်၊

'သမီးကြီး သာဓုခေါ်ပါကွယ်'

'အနမ်းပန်းရေ…



BURMESE CLASSIC



အမျှ… အမျှ… အမျှ…

အနမ်းပန်းရေ…

အမျှ… အမျှ… အမျှ…

အနမ်းပန်းရေ…

အမျှ… အမျှ… အမျှ…'

'သာဓု…

သာဓု…

သာဓု…'

သူတို့ သာဓုခေါ်သံနှင့်အတူ…

သူတို့ပတ်ဝန်းကျင်တွင်…

သာဓုခေါ်သံများကလည်း လွှင့်ပျံ့လျက်…

အနမ်းပန်း၏အရိပ်သည်…

တဖြည်းဖြည်းနှင့် သူတို့ကို ကျောခိုင်းကာ ပျောက်သွားလေတော့သည်။

အနမ်းပန်း အရိပ်သည် တဖြည်းဖြည်း အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖျာပါရ တစ္ဆေ

သမီးကြီး…

သမီးကြီးရယ်…

ဘယ်လိုမှ ထိန်းမထားနိုင်သည့်အဆုံး ဒေါ်မြမေ ရှိုက်ကြီးတငင် ငိုကြွေးလိုက်ပါတော့သည်။

၁၁၀



BURMESE CLASSIC

www.burmeseclassic.com